
www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com

မှတ် ၂၁၃ – ၂၁၅၊ ဗိုလ်တစ်ထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၂၉၇၀၇၂။

www.burmeseclassic.com

မုံရွေးစာအုပ် (၃၉)

## ကိုတာ

# တွေးသူများ

အမှတ် ၂၁၃ -၂၁၅၊ ဗိုလ်တစ်ထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၇၀၇၂။

www.burmeseclassic.com

စာမူခွင့်ပြုချက် အမှတ် – [ ၂၇၉/၉၉(၄)]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – [ ၃၂၅/၉၉ (၆)]

●

**မျက်နှာဖုံးဒီဇိုင်း**
ဖိုးဝ
**အတွင်းပန်းချီ**
နေမျိုးဆေး

. . . . . .

**ပုံနှိပ်ခြင်း**
ပထမအကြိမ်
အုပ်ရေ ၁၀၀၀

. . . . . .

**ထုတ်ဝေခြင်း**
၁၉၉၉၊ ဇူလိုင်လ

. . . . . .

**ကွန်ပြူတာစာစီ**
မုံရွေး

. . . . . .

**စာအုပ်ချုပ်**
ထွန်းတောက်ဖြိုး

●

**ထုတ်ဝေသူ** – ဦးကြည်ဝင်း၊ ဝင်းစာပေ၊ ၂၁၊ ဒါနလမ်း၊ သာယာကုန်း၊ မင်္ဂလာတောင်ညွန့်။
**အတွင်းပုံနှိပ်သူ** – ဦးတင်မောင်ဝင်း၊ သင်းလဲ့ဝင်းပုံနှိပ်တိုက်၊ ၁၊ မိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။
**အဖုံးပုံနှိပ်သူ** – ဒေါ်ကြည်ကြည်အေး (၀၃၂၅၅)၊ ဆန်းသိန်ပုံနှိပ်တိုက်၊ ၁၈(B)၊ ညောင်တန်းအိမ်ရာ၊ ပုဇွန်တောင်မြို့နယ်။

**တန်ဖိုး** (၂၀၀) ကျပ်

www.burmeseclassic.com

## မုံရွေးစာအုပ်တိုက်မှ ထုတ်ဝေပြီး စာအုပ်များ

| | | |
|---|---|---|
| (၁၇) | မြဝင်း၏ ကဗျာ့နရီနှင့်နိမိတ်ပုံ | ၂၅၀ ကျပ် |
| (၁၈) | အုံ့မောင်၏ (အန်းဒါးဆင်) အရုပ်မပါတဲ့ အရုပ်စာအုပ် | ၁၈၀ ကျပ် |
| (၁၉) | ပါရဂူ၏ စာပေခရီးသည် | ၃၇၀ ကျပ် |
| (၂၀) | ဇော်ဇော်အောင်၏ စာပေသဘောတရားအခြေခံကျမ်း | ၁၈၀ ကျပ် |
| (၂၁) | တက္ကသိုလ်မောင်မောင်ကြီး၏မွန်ဂိုစစ်ဘုရင် ဂျင်ဂစ်ခန် | ၂၅၀ ကျပ် |
| (၂၂) | ဇော်ဇော်အောင်၏ စာပေဝေဖန်ရေးသဘောတရား အခြေခံကျမ်း | ၁၈၀ ကျပ် |
| (၂၃) | မောင်သစ်ဆင်း၏ ကြွေးကျက်စိတ် | ၂၂၀ ကျပ် |
| (၂၄) | ကိုတာ၏ ပြတင်းပေါက်မှ ကြည့်သူ၏ စိတ်ကူးများ | ၁၅၀ ကျပ် |
| (၂၅) | တင်မောင်သန်း၏ သခင်စိတ်ဓာတ်၊ သခင်အကျင့်နှင့်ဆောင်းပါးများ | ၂၀၀ ကျပ် |
| (၂၆) | တင်မိုး၏ ကန္တာရနှစ်များ | ၂၇၅ ကျပ် |
| (၂၇) | တင်မိုး၏ ကလေးကဗျာပန်းဥယျာဉ် | ၃၀၀ ကျပ် |
| (၂၈) | ခင်မောင်သန်း (စိတ်ပညာ)၊ တင်မောင်သန်း၏ မိဘနှင့်သားသမီးဆက်ဆံရေး ဝတ္ထုဆောင်းပါးများ) | ၂၀၀ ကျပ် |
| (၂၉) | တင်မောင်သန်းစီစဉ်သည့် အလုပ်နှင့် လုပ်ငန်းခွင်အောင်မြင်ရေး | ၂၀၀ ကျပ် |
| (၃၀) | တက္ကသိုလ်မောင်မောင်ကြီး၏ စစ်ဘုရင် တိမူး | ၂၅၀ ကျပ် |
| (၃၁) | ခင်မောင်ရင်၏ ပေါ်ဦးသက် အလည်လာခြင်း | ၂၅၀ ကျပ် |
| (၃၂) | ဂျွန်ဝင် ဝတ္ထုတိုများ | ၂၀၀ ကျပ် |

BURMESE CLASSIC .com

www.burmeseclassic.com

(၃၃) လူထုစိန်ဝင်း၏ အရှက်နဲ့တန်ဖိုး

(၃၄) လူထုစိန်ဝင်း၏ စာနယ်ဇင်း အရေးအသား ပုံစံသစ်

(၃၅) English for Self-Study (Book 1) by C.T.O

(၃၆) ကိုတာ၏ လှည်းဘီးတစ်ဘီး

(၃၇) C.T.O၏ ရေးတတ်ပြောတတ်ဖို့ ဖတ်ရ၊ မှတ်ရမည့်ကောက်နှုတ်ချက်အင်္ဂလိပ်စာ

(၃၈) အောင်မောင်း၏ ပညာရှင်များနှင့် တွေ့ဆုံခြင်း

ယခု

(၃၉) ကိုတာ၏ တွေးသူများ

ဆက်လက်၍

(၄၀) အုံ့မောင်၏ (အန်းဒါးဆင်းပုံပြင်များ) ခင်စိတ္တ

(၄၁) အုံ့မောင်၏ (အန်းဒါးဆင်းပုံပြင်များ) အဖွါးအိုယော်ဟန်နာပြောသောပုံပြင်

(၄၂) ဖွင့်ထားသောစိတ်

(သင့်ဘဝ – ဖန်တီးသူတို့ အကြိုက်ဆုံး ကဗျာ၊ ဝတ္ထု၊ ကာတွန်းများ)

(၄၃) ဆရာ့ဆရာတို့၏ ထူးထူးခြားခြား အမှာများ

(၄၄) မြန်မာ့စလေ့ တေးကဗျာများ

(၄၅) ချစ်ဝင်းညွှန့်၏ ရွှေးရွှေးတုန်းက ဗမာ

BURMESE CLASSIC .com

www.burmeseclassic.com

# မာတိကာ


၁။ အမှာ ....................................................................................၁

၂။ ဒီဘိုးနိုး (သို့မဟုတ်) တွေးခြင်းကို တွေးသူများ .......................၇

၃။ စတီဖင်ကိုဗေးနှင့် စွမ်းသူတို့၏ အလေ့အထများ ......................၂၃

၄။ ပီတာဒရပ်ကား (သို့မဟုတ်) ဘေးက ရပ်ကြည့်သူ ...................၃၇

၅။ ပီတာဒရပ်ကား၏ အရှင်းရှင်လွန်ခေတ် ....................................၅၃

၆။ ချားလ်ဟန်ဒီ (အင်္ဂလန်က အတွေးသမား) ..............................၆၉

၇။ အင်ဒရူးဂရိုဗ့်နှင့် အင်တာနက် ................................................၈၇

၈။ တော်ဖလာနှင့် အနာဂတ် အကြောင်းစာအုပ်များ ...................၁၀၅

၉။ ပီတာဆန်ဂီနှင့် ပဥ္စမနိဿနည်း ..........................................၁၂၁

www.burmeseclassic.com

# အမှာ

လေကို ဖောက်ထွင်း၊
လာခဲ့ ... မင်း၊
ချဉ်း ... ဆရာ ... ချဉ်း၊
ထွင်း ... ဆရာ ... ထွင်း။

(ကလေးဂျာနယ်မှ ကဗျာ)

လူတွေကို အုပ်ချုပ်သည်မှာ
စကားလုံးများဖြင့်သာ

(ဘင်ဂျမင် ဒစ်စရေလီ)

BURMESE CLASSIC .com

www.burmeseclassic.com



အကြောင်းအားလျော်စွာ ကျွန်တော်သည် ထိုထိုဤဤ စာအုပ်လေးများ ဖတ်ခွင့်ကြုံပါသည်။ ထိုအခါ တောင်တောင် မြောက်မြောက် အယူအဆလေးများ သိလာရပါသည်။ အမြင်များ၊ တန်ဖိုးများ၊ သဘောထားများ ပြောင်းနေသည်မှာ ဤဒွန္ဒယာကြီး၏ သဘာဝ အလျောက်ပင် ဖြစ်ပါသည်။ သို့သော် မပြောင်းကြသည်မှာလည်း သဘာဝအလျောက်ပင် ဖြစ်မလားမသိပါ။ လူဆိုတာ သေမှပဲ ပြောင်းလဲ တာမျိုးဟုလည်း ကြားဖူး၍ ဖြစ်ပါသည်။ တချို့ပြောင်းသော်လည်း တချို့ မပြောင်းပါ။ လူအချို့၏သဘောထားအမြင်နှင့် လူအချို့၏အမြင် မတူပါ။ ကျွန်တော် ကြိုက်သော မောင်စွမ်းရည်၏ ကဗျာထဲကလို "တချို့ပိန် တချို့ဝ၊ တချို့က သမ တချို့က ဝိသမ၊ တချို့က အရည်ဝါသီ၊ တချို့က ဂါမဝါသီ၊ နီသူနီ ပြာသူပြာ" ကွဲပြားခြားနား သည်မှာ ဓမ္မတာပါကလား ဟု သိရှိပါသည်။ ထို့ကြောင့် ကျွန်တော် ဖတ်မိသော စာများကို ကျွန်တော်ဖောက်သည်ချသောအခါ (ဝါ) ကျွန်တော်မျှဝေသောအခါ၊ ကြိုက်သည်လည်း ရှိ၊ မကြိုက်သည်လည်း ရှိ၊ သဘောညီသည်လည်း ရှိ၊ သဘော မညီသည်လည်း ရှိပါလိမ့်မည်။ ဖတ်မိသမျှကို ပြန်ပြောခြင်းသာ ဖြစ်၍ သြော် ဒီလိုကိုး၊ သြော် ဒီလို တဲ့လားဟု စဉ်းစားစရာ ဖြစ်မလားဟု ရည်ရွယ်ပါသည်။

www.burmeseclassic.com



ပြတင်းပေါက်က ကြည့်သူ၏ အမြင်များသာ ဖြစ်ပါသည် ဟုလည်း ဝန်ခံပါသည်။ ဆိုလိုရင်းမှာ နှိုက်နှိုက် ချွတ်ချွတ် အနုလုံ ပဋိလုံ၊ ခရေစေ့တွင်းကျ စပယ်ရှယ်လစ်လို ကျွန်တော်မသိပါ။ သို့သော် ကိုယ်သိသလောက် ပြန်ပြောလျှင်လည်း လွန်မယ်မထင်ပါဘူးဟု တွေးမိသောကြောင့်လည်း ရေးဖြစ်ခြင်းဖြစ်ပါသည်။ အသေးစိတ်စိတ် အတွင်းကျကျ သိလိုသူများအား ဖတ်ရှုလိုလျှင် ဖတ်ရှုနိုင်ရန် ကိုးကားထားသော စာအုပ်အမည်များကတော့ ဖော်ပြပါမည်။

ကျွန်တော်တို့ဆီက လူအများမှာ နိုင်ငံရေး၊ ဘာသာရေး၊ သမိုင်း၊ ရသစာပေ စသည်များကို စိတ်ဝင်စား ကြပါသည်။ ထို့ကြောင့် ကျွန်တော် တင်ပြသောအချို့အမည်များမှာ တခြားနေရာတွင် နာမည်ကျော်သော်ငြား၊ ရွှေမြန်မာပြည်ကြီးမှာ စိမ်းချင်စိမ်းနေပါလိမ့်မည်။ ရွှေပြည်ကြီးကတော့ နောက်ကျနေပါသည်။ နောက်ကျခြင်းကို အများလိုပင် ကျွန်တော်လည်း ယားကျိကျိဖြစ်ပါသည်။ ယခုရေးသော အကြောင်းအရာများကို မုံရွာဆေးရုံဝင်းကြီးထဲမှ တစ်ခုသော လက်ဖက်ရည်ဆိုင်တွင် တမြန်နှစ်များက စကားပြောဖြစ်ပါသည်။ ကျွန်တော်၏ဆရာတစ်ဦးက ယောနိသော၊ မနသီကာရ၊ နှလုံး သွင်းတတ်အောင် သွင်းကွာ ဟု ဆုံးမပါသည်။ ကျွန်တော့်ငယ်ဆရာ

BURMESE CLASSIC .com

www.burmeseclassic.com



တစ်ဦးကတော့ "မောင်တာ ... မင်း နေရာများ မှားမွေးခဲ့သလား၊ ကာလများ မှားမွေးခဲ့သလား" ဟု ဝေဖန်ပါသည်။ တင်မောင်သန်းကတော့ "သဘောအယူအဆကိုတော့ စိတ်ဝင်စားကြမှာပါ။ ကျွန်တော်တို့ ဒီလိုလုပ်ကြရမှာပဲ၊ ကိုယ်နဲ့ မမှီသေးလို့၊ ကိုယ် မရောက်သေးလို့ ဆိုပြီး မပြောကြလို့ မဖြစ်ပါဘူး" ဟု တိုက်တွန်းသည်။

အနာဂတ်ဆိုတာ ဘာလဲဟု မေးလျှင် အနာဂတ် ဆိုတာ ပစ္စုပ္ပန်ထဲကို ချင်းနင်းဝင်ရောက်လာတဲ့အရာဟု ဖြေလျှင် ရနိုင်ပါသည်။

လေကို ဖောက်ထွင်း၊ လာခဲ့မင်း

ချဉ်းဆရာ ချဉ်း၊ ထွင်းဆရာ ထွင်း

ထိုပစ္စုပ္ပန်ထဲသို့ ထိုအနာဂတ် ချဉ်း၍ နင်း၍ ထွင်း၍ ဝင်ရောက်လာပုံမှာ ခင်ဗျားရပ်နေလို့တောင် မရနိုင်ပါ။ တော်ဖလာကတော့ လှိုင်းလုံးနှင့်လည်း ဥပမာပေးသည်။ လျှောင်နှင့် လည်း အလားတူသည် ဟု ပြောသည်။ လေမုန်တိုင်းလိုပင် မဟုတ်။ မြေလျှောင်လို ကိုင်လှုပ်သည်ဟု ပြောသည်။ လေမုန်တိုင်းက အပေါ်ယံကိုသာ ဖေ့ယမ်းသည်၊ လျှောင်ကတော့ အခြေအမြစ်ကိုပင် ယမ်းခါပစ်သည်တဲ့။ ကျွန်တော်တို့ ဘာလုပ်ကြမလဲ။

BURMESE CLASSIC .com

www.burmeseclassic.com



သိသင့်သည်များကို ပြက်သိကာမျှဖြစ်စေ သိလျှင်ပင်၊ မသိသည်နှင့် နှိုင်းစာလျှင် တော်ပါလိမ့်မည်။ ထို့ကြောင့် အတွေးကြီးကြီးတွေးသူများဖြစ်သော တော်ဖလာ၊ ဒရပ်ကား၊ ချားလ်ဟန်ဒီစသူများ၊ အင်ဒရူး ဂရိုဗ့်၊ ကိုဗေးစသူများနှင့် သူတို့၏ အကြံအစည်၊ အယူအဆများကို မိတ်ဆက်သဘော တင်ပြပါသည်။ ဆက်လက်၍ တင်ပြနိုင်ရန်လည်း အားထုတ်ပါမည်။ မင်းရဲ့ ပြတင်းပေါက်က ကျဉ်းသကွာဟု ဝေဖန်လျှင်တော့ ကျွန်တော့်အမြင်က ဒီလောက်ပါပဲဗျာဟုသာ ပြောစရာရှိပါသည်။

ဤစာအုပ်အမည်ကို "တွေးသူများ"ဟု ပေးလိုက်ပါသည်။ "ပြေးမကြည့်သူများ"ဆိုလျှင် ပိုမကောင်းဘူးလားဟု တင်မောင်သန်းက အကြံပေးပါသည်။ ပညာရှိတွေးကြည့်က၊ ပြေးကြည့်တာထက် မှန်သည်ဟူသော ဆိုရိုးစကားကို အမှီပြု၍ တွေးသူများသည် ပြေးကြည့်စရာမလို ဟူ၍ ဆိုချင်ပုံရပါသည်။ စင်စစ်လည်း ပညာရှိများသည် အတွေးအခေါ်အားဖြင့်သာ လူတွေအပေါ်၌ လွှမ်းမိုးသူများ ဖြစ်ပါသည်။ ဟိုးဝဒ်ဂါဒနာက ထိုထိုသော ကိုယ့်အခန်းထဲမှာ ထိုင်တွေးနေလျှက် လူအများ၏ အတွေးအမြင်၊ အပြုအမူ၊ ခံစားမှုများကို လွှမ်းမိုးနိုင်သူများကို "သွယ်ဝိုက်သောခေါင်းဆောင်များ"ဟု အမည်

BURMESE CLASSIC .com

www.burmeseclassic.com



တပ်ပါသည်။ အလက်ဇန္ဒား၊ နပိုလီယန်၊ လင်ကွန်း၊ ချာချီ စသူများကတော့ "တိုက်ရိုက်ခေါင်းဆောင်" (Direct Leader) များ ဖြစ်ပါသည်။ ပရင့်စတန် တက္ကသိုလ်မှ အခန်းကျဉ်းကလေးတွင် ရုပ်သဘာဝ၏ ဓမ္မတာ သဘောကို တစ်ကိုယ်တော်ရှာနေသူ အိုင်းစတိုင်းကို သွယ်ဝိုက်ခေါင်းဆောင် (Indirect Leader) စာရင်းတွင် ထည့်သွင်းသင့်ပါသည်။

ဤစာအုပ်တွင် ဖော်ပြထားသူများမှာ သက်ရှိထင်ရှား ရှိနေသူများသာ ဖြစ်ပါသည်။ ကျွန်တော့်အမြင်မှာတော့ သူတို့၏ အတွေးများမှာ စကားလုံးများအားဖြင့် လင်းပြနေပါသည်။ တချို့မှိန်သလား၊ တချို့မလင်းဘူးလား၊ မှိန်ချင်မှိန်၊ လင်းချင်လင်း ကိုယ်နဲ့ ဘာမျှ မဆိုင်ဘူးလား။ ကိုယ်နှင့် ဆိုင်သည်၊ မဆိုင်သည်၊ လင်းသည်၊မှိန်သည် ဆုံးဖြတ်ခြင်းမှာ စာရှုသူများ သဘောအတိုင်းပါပဲ ခင်ဗျား။


www.burmeseclassic.com

# ဒီဘိုးနိုး

(သို့မဟုတ်)

# တွေးခြင်းကိုတွေးသူ

www.burmeseclassic.com



www.burmeseclassic.com



ကျွန်တော် ဖြန့်ထွက်တွေးခြင်းကို ရေးတော့ ဒီဘိုးနိုးရဲ့ စာအုပ်များကို အမှီပြုရပါတယ်။ ဒီပုဂ္ဂိုလ်ကြီး တီထွင်တဲ့ ဝေါဟာရ Lateral thinking ဟာ အောက်စ်ဖို့ အင်္ဂလိပ်အဘိဓာန်မှာ ရောက်နေပါပြီ။ သူ့အကြောင်း နည်းနည်းပြောပါရစေ။ ဒီဘိုးနိုးကို မော်လတာမှာ မွေးတယ်။ သူဟာ မော်လတာ တော်ဝင် တက္ကသိုလ်မှာ ဆေးပညာဆိုင်ရာ ဒီဂရီတစ်ခု ရတယ်။ အဲဒီနောက် အောက်စ်ဖို့တက္ကသိုလ်က စိတ်ပညာနဲ့ ဇီဝကမ္မဗေဒမှာ ဂုဏ်ထူးဒီဂရီများကို ရတယ်။ ကင်းဘရစ် တက္ကသိုလ်က ဒေါက်တာဘွဲ့လည်းရသူ ဖြစ်ပါတယ်။ သူက စာအုပ်သုံးဆယ်ကျော် ရေးပြီးပြီ။ သူ့စာအုပ်တွေကို အဓိက ဘာသာစကားကြီးတွေအပြင် တရုတ်၊ ကိုရီးယား၊ ဂျပန်၊ ရုရှား၊ အာရပ် ဟီဘရူး၊ အူရဒူ စသည်ဖြင့် ဘာသာပေါင်းစုံနဲ့ ဘာသာပြန်ဆိုခံရပါတယ်။ သူ့ “ဦးထုပ်ခြောက်လုံးနည်း” ကို အိုင်ဘီအမ်လို၊ အမေရိကန်စတင်းဒတ်လို၊ ရှဲလ်လို ကမ္ဘာ့ကုမ္ပဏီကြီးတွေမှာ သုံးကြတယ်။ စင်္ကာပူလိုနိုင်ငံလေးကအစ ကျောင်းတွေမှာ “တွေးခြင်း” ကို သင်ကြားတဲ့ သင်ရိုးအစီအစဉ်ကို သူက ကမကထလုပ်တယ်။ ကုမ္ပဏီကြီးတွေတင်မက အစိုးရတွေကိုလည်း အကြံဉာဏ် ပေးခဲ့တယ်။ ကုမ္ပဏီကြီးတွေက အရာရှိကြီးတွေကို တွေးနည်း သင်သလို

www.burmeseclassic.com



မူလတန်းကျောင်းက ကိုးနှစ်ကလေးတွေကိုလည်း တွေးပုံတွေးနည်းကို သင်တယ်။

## တွေးခြင်း

ဘာသာရန်ရပ်ဆဲက လူဟာ တွေးဖို့ သိပ်ကြောက် တယ်လို့ ပြောတယ်။

***ဉာဏ်ပဋိဘာန်ဆိုတာ လောကကို ကြည့်တတ်ခြင်း အပြင် မိမိရဲ့ လောကအမြင်အကြည့်ကို မိမိက ပြန်ကြည့် တတ်ခြင်း*** လို့ ဆိုလျှင် တွေးဖို့ သိပ်မကြောက်သင့်ဘူး။ ကျွန်တော်တို့ တွေးဖို့ ကြောက်သလား။ တွေးတယ်ဆိုတာ ပြဿနာတစ်ခု ဖြေရှင်းဖို့ သင်္ချာ ပုစ္ဆာတစ်ခု တွက်ဖို့ သုံးတဲ့အရာလို့ပဲ ထင်နေကြပါသလား။ ရေခဲမုန့် စားရမလား၊ ဘယာကြော် စားရမလားဆိုတာလည်း တွေးတာပဲ။ ပိုးမင်းသား ဘာဖြစ်မလဲ ဆိုတာကိုလည်း တွေးရတာပဲ။ ရယ်စရာ ပုံပြောဖို့လည်း တွေးရတာပဲ။ မြေပုံပေါ်မှာ လက်ညှိုး ထောက်ပြီး ဒီကမ္ဘာကြီးမှာ ဘယ်လမ်းက လျှောက်မလဲလို့ ကိုယ့်လက်ချောင်းကို လမ်းတွေပေါ်မှာ ရွှေ့တာဟာတွေးတာပါပဲ။ လမ်းတွေကို သညာနဲ့ မှတ်ယူ သိမ်းပိုက်ထားခြင်းနဲ့ လုပ်ထားတယ်။ တချို့လမ်းတွေကိုတော့

www.burmeseclassic.com



ခဏခဏသွားလို့ ဖုံနေပြီ။ မြေပုံပေါ်က တချို့နေရာတွေမှာတော့ လမ်းမဖောက်ရသေးဘူး။

တွေးတယ်ဆိုတာ မိုက်ကရိုစကုပ် သို့မဟုတ် မှန်ပြောင်းနဲ့ လျှောက်ကြည့်တာ ဒါမှမဟုတ် ဝက်အူလှည့်နဲ့ ရစ်ဖောက်နေတာ ဖြစ်ပါတယ်။

ဒီဘိုးနိုးရဲ့ အတွေးတချို့ကို မိတ်ဆက်သဘော ပြောပါရစေ။

## တွေးခြင်းနှင့် စပ်လျဉ်းသော ဒီဘိုးနိုး၏အယူအဆများ

ဉာဏ်ရည် (IQ) မြင့်မှ တွေးလို့ရတာ မဟုတ်ပါ။ အိုင်ကျူ ၈၀ သာရှိသော ကလေးတွေလည်း ကောင်းကောင်း တွေးတတ်ခေါ်တတ်သည်။ အတွေ့အကြုံရှိသူသည်လည်း အတွေးအခေါ်ကောင်းသူ ဖြစ်တတ်သည်။

ဉာဏ်ရည်မြင့်ကာမျှနှင့် အတွေးအခေါ်ကောင်းသူ ဖြစ်မသွားပါ။ အိုင်ကျူမြင့်သူ ဉာဏ်ထက်မြက်သူများသည် အမှားအယွင်းလုပ်မိမှာ ကြောက်သောသူများဖြစ်လျှင် ခပ်ညံ့ညံ့ တွေးခေါ်တတ်သူများ ဖြစ်သွားတတ်သည်။ သူတို့သည် ပါးနပ်သော ငြင်းခုန်သူများသာဖြစ်၍ ထိထိရောက်ရောက်တော့ မတွေးတတ်။

BURMESE CLASSIC .com

www.burmeseclassic.com



ဝေဖန်နိုင်စွမ်းဉာဏ်ရည်ကို ကျောင်းသင်ပညာက အမြင့်မားဆုံး စိတ်ကို အသုံးချခြင်းဖြစ်သည်ဟူ၍ လေ့ကျင့်ပေးလိုက်သည်။ တကယ်တော့ ဝေဖန်ခြင်းသည် ပညာတတ်တို့အတွက် သိပ်မခက်လှသော အလုပ်သာ ဖြစ်သည်။ ဖန်ဆင်းဉာဏ်မရှိသော၊ မတည်ဆောက်တတ်သော၊ သာမြင်ညောင်ညမျှ ဉာဏ်ရှိသူများလည်း ဝေဖန်ခြင်းကို လုပ်နိုင်သည်။ ပေါင်းပင် မြက်ပင်များကို နုတ်ပစ်ခြင်းအားဖြင့် ပန်းဥယျာဉ်တစ်ခု ခင်ဗျား ပြုလုပ်၍ မရနိုင်။ တကယ်တော့ ဥယျာဉ်ဖြစ်ရန် ဆိုသည်မှာ သစ်ပင်များကို စိုက်ခြင်း ပျိုးခြင်း လုပ်ရဦးမည်။ ပြုစု စောင့်ရှောက် ရဦးမည်။ အကြံဉာဏ်တစ်ခုကို ၎င်း၏ ဆယ်ပုံ တစ်ပုံ မကောင်း၍ လွှင့်ပစ်တတ်သည်။ ဆယ်ပုံကိုးပုံကောင်းသည်ကို မေ့လျော့တတ်သည်။

တွေးခြင်းသည် ပညာတတ်တို့အတွက်သာ သီးသန့်ချန်ထားသော အလုပ်မဟုတ်ပါ။ ဒဿနဆရာများသည် စကားလုံးကစားပွဲများနှင့် သင်္ချာ ကစားပွဲများတွင် ပါဝင်ဆင်နွှဲ ကြသည်။ ယုတ္တိ (Logic) က သူတို့တွေးခြင်း၏ အဓိကနေရာသို့ ရောက်ရှိသည်။ အများအတွက်မူ အာရုံသိမှု၊ သညာ (Perception) ကပို၍ အရေးကြီးသည်။ သညာသည်တွေးခေါ်ရာတွင် ယုတ္တိထက်

BURMESE CLASSIC .com

www.burmeseclassic.com



အရေးကြီးသည်ဟု ထင်သည်။ အတွေးအခေါ်အများစုသည် သညာနှင့်သာ စပ်လျဉ်းနေလို့ ဖြစ်သည်။ အတွေးအခေါ်အနည်းငယ်၊ တွေးခြင်း၏ အစိတ်အပိုင်းခပ်သေးသေးကသာ ယုတ္တိတန် မတန် ဆန်းစစ်ချက် လိုအပ်လို့ ဖြစ်သည်။

## သညာ/အာရုံသိမှု

သညာ / အာရုံသိမှုကို ပို၍ အာရုံစိုက်သင့်သည်။ သညာသည် လောကကို ခင်ဗျား ဘယ်လိုမြင်သလဲဆိုတာပင် ဖြစ်သည်။ ထိုအာရုံသိမှု သညာသည် မတိကျတတ်၊ မတည်ငြိမ်တတ်သော်လည်း အဓ္ဈတ္တအတွင်းစိတ်၏ အလုပ်လုပ်ပုံဖြစ်သည်။

အရေးကြီးသောအချက်မှာ ထိုအာရုံသိမှုသည် ထိုသိသောသူ အတွက် “အမှန်” ဖြစ်သည်။ ကလေးတစ်ယောက်က မှောင်မှောင် မည်းမည်း ညတွင် လှုပ်နေသော ကန့်လန့်ကာကို ကြောက်ခြင်းသည် ကလေးအတွက် အစစ်အမှန် ဖြစ်သည်။ စိတ်ကစဉ့်ကလျား ဝေဒနာရှင် တစ်ယောက်၏ နားထဲ၌ ကြားယောင်နေသော အသံများသည် ထိုဝေဒနာရှင်များအတွက် အစစ်အမှန်ဖြစ်သည်။ ထိုအစစ်အမှန်သည် သက်ဆိုင်သောသူအတွက် အမှန်ဖြစ်သော်လည်း အခြားသူများကမူ ထိုအမှန်ကို မသိ၊ မရရှိ၊ အမှန်လည်း မဟုတ်။

BURMESE CLASSIC .com

www.burmeseclassic.com



## ပလေတို၏ လိုဏ်ဂူ

လူတစ်ယောက်ကို လိုဏ်ဂူတစ်ခုထဲတွင် သံကြိုးနှင့် ချည်နှောင်ထားခြင်းအားဖြင့် ထိုသူသည် ဂူ၏နောက်ကျောဘက်မှ နံရံနှင့် ထိုနံရံတွင် အရိပ်ထင်သော အရိပ်များကိုပဲ မြင်ရသည်။ အရိပ်များကို ဖြစ်စေသော အစစ်အမှန်အရာကို မမြင်နိုင်။ လူ့လောကထဲမှ လူသည် အရိပ်များကိုပဲ မြင်သည်။ လူသည် ထိုနမူနာနှင့် တူနေသည် ဟူသော အယူအဆသည် (anology of Plato's Cave) အနောက်တိုင်း အတွေးအခေါ်ကို ရာစုများစွာ လွှမ်းမိုးနေသည်။ ဒဿနဆရာများသည် ထိုအရိပ်များ (ဝါ) သညာကို ဖြစ်စေသော အစစ်အမှန်အား လိုက်လံရှာဖွေကြသည်။ ဖရောက်နှင့် ယွန်းတို့ကတော့ အရိပ်များ (ဝါ)သညာများကိုလည်း အာရုံစိုက်ကြပါသည်။ သို့သော် သူတို့ကလည်း အာရုံသိခြင်း/ သညာ/ အထင်အမြင်ကို ယေဘုယျ သဘောရောက်အောင် ကြံဆခြင်း မရှိ။

ပညာရှိများက သညာကို စိတ်ဝင်စားမှုနည်းရခြင်း အကြောင်းရင်းမှာ ဖရိုဖရဲ ဗလုံးဗထွေး အလွဲလွဲအချော်ချော် ဖြစ်နိုင်သော "သညာ"(တကယ်မှ မဟုတ်တော့) အစား မာမာခဲ့ခဲ့၊ မည်မည်ရရ၊ ကြံ့ကြံ့ခိုင်ခိုင်ဖြစ်သော "အမှန်" ကို ရှာဖွေလိုကြခြင်းကြောင့် ဖြစ်သည်။

www.burmeseclassic.com



သို့သော် သမုတိလောကက လူ့အဖို့ သညာကသာ အရေးကြီးလှသည်။ ယာတောအလယ်မှ အိမ်ကြီးတစ်လုံးသို့၊ လူတစ်စု အလည်ရောက်လာကြသည်။ ဤအိမ်ကြီးတစ်ခုတည်းကိုပဲ သူတို့ကြည့်ကြလျက်၊ တစ်ယောက်က ထိုအိမ်တွင် ကုန်လွန်ခဲ့သော ပျော်ရွှင်ခဲ့ရသော နေ့များကို လွမ်းဆွတ် ကြည်နူးသည်။ တစ်ယောက်က ဒီလိုအိမ်ကြီးနဲ့ နေရတဲ့ အိမ်ကြီးရှင်တွေကို မနာလို တိုရှည်ဖြစ်နေသည်။ တစ်ယောက်ကတော့ သူ့ကလေးအရွယ်က ထိုအိမ်ကြီးမျိုးတွင် ရိုက်မောင်းပုတ်မောင်း နှိပ်စက်ညှဉ်းပန်းခံရတာကို တွေးမိကာ ကြက်သီးထသည်။ စတုတ္ထမြောက် တစ်ယောက်ကတော့ ဒီအိမ် ဘယ်လောက် တန်မလဲဟုသာ ခန့်မှန်းတွက်ချက်နေသည်။ "ဒီအိမ်" ကတော့ ဒီအိမ်ပဲ၊ ဓာတ်ပုံရိုက်ပြီး ပြလျှင်လည်း အတူတူပဲ။ အတွင်းစိတ်ထဲမှာ သညာကတော့ လုံးဝကွာခြားကြသည်။ သတိရမှုများနှင့် ခံစားမှုများ၏ ချည်နှောင်ရစ်ပတ်မှုကြောင့် အတွင်းစိတ်အာရုံသိမှာ ကွာခြားသွားခြင်း ဖြစ်သည်။ သတိရ မှတ်မိနေခြင်းကြောင့်သာ မဟုတ်ဘဲ ကြည့်သော ရှုထောင့်ကွာလျှင်လည်း အာရုံသိမှု ကွာခြားနိုင်သည်။ နောက်ဖေးက ကြည့်လျှင် လှချင်မှ လှမည်။ ရှေ့ဘက်က ကြည့်၍သာ ဆင်ဝင်နှင့် လှနေသည်။ ဘေးဘက်ကကြည့်တော့ တချို့နံရံတွေ ပြိုကွဲနေပြီ။

www.burmeseclassic.com



ဖန်သားထဲကို ဖြတ်ကြည့်လျှင် အမြင်ဆိုင်ရာ၌ မောက်မှားခြင်းများ (optical illusions) ဖြစ်သည်ကို တွေ့ရမည်။ ကောက်ကွေ့နေသည် ထင်ရသော မျဉ်းကြောင်းများသည် တကယ် စင်စစ်ဖြောင့်နေသည်။ တစ်ခုက တစ်ခုထက် ပိုကြီးသည် ထင်ရသော်လည်း တကယ်စင်စစ် မကြီး။ သညာ၏ အင်အားကြီးမားလှပုံကို သဝန်တိုစိတ်တွင် ပိုတွေ့ရမည်။ မိန်းမတစ်ယောက်သည် သူမ၏ လုပ်ငန်းတွင် ယောကျ်ားအများနှင့် တွေ့ကြုံဆက်ဆံ ပြောဆိုရသည်။ သူမက လုပ်ငန်းသဘောအရ ဟု ပြောသည်။ သူ့ယောကျ်ားကတော့ တခြားတစ်လမ်း တွေးသည်။ ဝန်တိုခြင်းကြောင့် သာမန်ကိစ္စဝိစ္စများကို အဓိပ္ပါယ်အမျိုးမျိုး ဖွင့်လေ့ရှိသည်။ အဓိပ္ပါယ်ဖွင့်ဆိုချက် မှားချင်မှားမည်။ စိတ်လှုပ်ရှား ခံစားမှုကတော့ အားကောင်းလှသည်။ ဝန်တိုတတ်သည့် ယောကျ်ား၏ သညာကို မှန်သည် မှားသည်ဟူသော အချက်ကလည်း ပြောင်းလဲအောင် မတတ်နိုင်။

အတွေးအခေါ်ပညာရှင်များက ထိုအကြောင်းများ ကြောင့် တွေ့သိမြင်ယောင်ရာကို အခြေပြုသော အာရုံသိ/ သညာမှ ဖယ်ခွာလိုကြခြင်း ဖြစ်သည်။ ဂဏန်းသင်္ချာသည် သညာ၏ မသေချာခြင်းမှ လွတ်မြောက်ရန်ကြိုးစားခြင်းဖြစ်သည်။ ဆိုကရေးတီး၊ ပလေတို

www.burmeseclassic.com



အရစ်စတိုတယ်သည်လည်း ဘာသာစကား (Language) ကို အသုံးပြု၍ သညာမှ လွတ်မြောက်ရန်ကြိုးစားသည်။ ဒီဘိုးနိုးက ထို သုခမိန်ကြီး သုံးဦးကိုသုံးဦးဂိုဏ်း (Gang of Three) ဟု အမည်တပ်သည်။ သညာမှ မဖယ်ခွာဘဲ သညာကို အာရုံစိုက်၍ ရှုကြပါလားဟု အကြံပြုသည်။ ဒီဘိုးနိုးတွေးဆအကြံပြုသည်ကိုယှဉ်၍ တွေးဆခြင်း (Parallel Thinking) မှာ ဖတ်ရှုကြည့်ပါ။

**ဉာဏ်ပဋိဘာန်နှင့် လိမ္မာပါးနပ်ခြင်း**

**Wisdom and cleverness**

လိမ္မာပါးနပ်ခြင်းသည် ဉာဏ်ကစားခြင်း ဖြစ်သည်။ ပါးနပ်ခြင်းဖြင့် ငြင်းခုန်ခြင်းကို အောင်နိုင်သည်။ ဉာဏ်ပဋိဘာန်ကမူ လောကကို ကြည့်တတ်ခြင်းနှင့် ထိုမိမိ၏ အကြည့်ကို မိမိက ပြန်ကြည့်တတ်ခြင်းဖြစ်သည်။ ဉာဏ်ပဋိဘာန်သည် ငြင်းခုန်ခြင်းများကို အောင်နိုင်ခြင်းမဟုတ်။

BURMESE CLASSIC .com

www.burmeseclassic.com



## အလှနှင့် စိတ်အတွင်းခံစားချက် လှုပ်ရှားခြင်း
## ( Beauty and Feeling )

အလှအပ သိခြင်း၊ စိတ်တွင်းခံစားချက် လှုပ်ရှားခြင်းသည် တွေးခြင်းနှင့် ခြားနားမှု ရှိသည်ဟု သိကြသည်။ တွေးခြင်းသည် အလိုအလျောက် အတွင်းသတ္တိအဟုန်ကြောင့် ဖြစ်သော စိတ်လှုပ်ရှားမှုကို ဖျက်ဆီးသည့်အပြင် ခွဲခြမ်းစိတ်ဖြာခြင်းဖြင့်လည်း အလှအပကို သတ်ပစ်တတ်သည်ဟု ယုံကြည်ကြသည်။ ပန်းချီကားတစ်ချပ်ကို ကြည့်သည်ဆိုပါစို့။ တွေးသူသည် ပန်းချီကား တစ်ချပ်ရှေ့၌ အလှအပကို မခံစား၊ အလိုအလျောက် စိတ်လှုပ်ရှားမှုကို မယူဘဲ ပန်းချီဆရာ၏ ရေးဟန်ကိုသာ စိတ်ဖြာကြည့်သည်ဟု အပြောခံရသည်။ အဲသလို မဟုတ်ပါ။ တွေးခြင်းကို ပညာတတ်တို့ (intellectual games) ဉာဏ်ကစားခြင်းနှင့် အတူတူ မမှတ်ယူသင့်ပါ။ အလှအပကို ခံစားခြင်း။ စိတ်လှုပ်ရှားမှုကို နားလည် ခံယူခြင်းသည်လည်း အတွေး အမျိုးအစားများပင် ဖြစ်ပါသည်။ တစ်ခုပဲ ကွာခြားပါသည်။ အလှအပ ခံစားမှုနှင့် အတွင်းစိတ်အဟုန် လှုပ်ရှားမှုကို၊ သတ်မှတ်ထားသော အယူအဆများနှင့် မပြုလုပ်ပါ။

www.burmeseclassic.com



သွားနေသော ကင်းခြေများအား မည်သည့် ခြေထောက်က မည်သည့်ခြေထောက်နောက်ကို လိုက်ရွေ့ပါသလဲဟု မေးသောအခါ စဉ်းစားတွေးတောသော ကင်းခြေများ၊ ဆက်မသွားတော့ဘဲ ရပ်သွားသည်ဟူသော ဥပမာတစ်ခု ရှိသည်။ တွေးနေလျှင် အလုပ်မဖြစ်၊ တွေးခြင်းသည် ခံစားနိုင်မှု အရည်အသွေးများကို လျော့ပါးစေသည်ဟု ပြောသည်။ တွေးခြင်းကြောင့် ခံစားနိုင်မှု နယ်ပယ်ပိုကျယ်ဝန်း၍ ခံစားမှုပို၍ ထက်မြက်လာနိုင်ပါသည်။ ခံစားမှု၊ အလှအပစသော အတွင်းစိတ် အဟုန်လှုပ်ရှားမှုများသည် အတွေးနှင့် ဆန့်ကျင်ဘက်ကဏ္ဍကောစ မဖြစ်ပါ။

## အမှားများ ( Mistakes )

စိတ်ကူးများ ထုတ်သောသူသည် သူ့စိတ်ကူးများ မှားတတ်သည်။ ထိုသို့ဆိုလျှင် မှားတတ်သော (ဝါ) အမှားကို ခွင့်ပြုသော သူသည်သာ စိတ်ကူးနိုင်သည်။ အမှားသည် အရေးမကြီးလှပါ။ အရေးကြီးသည်မှာ အမှား၌ “ငါမမှားနိုင်” ဟူသော မာန်မာနထောင်လွှားမှု အရောစွက်စေရန်သာ ဖြစ်သည်။ မာန်မာန မထောင်လွှားလျှင် လူသည် အမှားမှ သင်ခန်းစာ အများကြီးရသည်။ မှားသည်ကို ဝန်ခံလျှင် ပို၍ရသည်။ သူသည် လမ်းအသစ် လျှောက်တတ်သွားသည်။

BURMESE CLASSIC .com

www.burmeseclassic.com



## အမှန် ( Being Right )

မှန်သည်ဟု ယူဆခြင်းသည်လည်း စိတ်ကူး စိတ်သန်း တစ်ခုပင် ဖြစ်သည်။

(၁) အမှားအယွင်းမရှိ၍ အမှန် (Error - free) ... ယုတ္တိတန်/မတန် စဉ်းစား၍ ယုတ္တိမတန်သော အမှား မရှိလျှင် အမှန် ဖြစ်သည်။ ယုတ္တိကျသွားလျှင် အံဝင်ခွင်ကျဖြစ်သွားသော ကျေနပ်မှု ခံစားရသည်။

(၂) အတွင်းစိတ်အပေါ်မှုအမှန် (Emotional right-ness) ... စိတ်လှုပ်ရှားခံစားမှုကိုပဲ လေးစားယုံကြည်၍ စိတ်ခံစားမှုသာ အမှန်ဟု ယူပြီး တွေးတွေးဆဆ မလုပ်သောအမှန်။

(၃) ထားရမည့် တစ်ခုတည်းသောအမှန် (Unique right-ness)...ကိုယ်တွေ့သော အဖြေသာ အဖြေမှန်ဟူ၍ မှတ်ယူနေသည်။ သင်္ချာဘာသာရပ် အပြင်အပတွင် အဖြေရှာဖွေခြင်း၌ တစ်ခုတည်းသော နည်းလမ်းဟူ၍ မရှိ။ ဤနည်းလမ်းသည်သာ အခြားသူ၏ နည်းလမ်းထက်ပို၍ ကောင်းသည်၊ ပို၍ မှန်သည်ဟု ယူဆရန်လည်း အကြောင်းမရှိလှပါ။ တစ်ခုတည်းသော အမှန်သာ ရှိသည်ဟု ယူဆခြင်းသည် အခြားအရာကို မမြင်နိုင်ခြင်း သို့မဟုတ် အခြားဖြေရှင်း

www.burmeseclassic.com



ချက်များရှိတန်ရာသည် ဟူ၍ပင် မစဉ်းစားနိုင်ခြင်း အကြောင်းကြောင့် ဖြစ်ပေါ်လာသော မစွမ်းခြင်း ဖြစ်သည်။

**အတ္တနှင့် အတွေး**

**Ego and thinking**

မိမိတွေးခြင်းကို မိမိအတ္တကို ဆန့်ခြင်းဟု မယူသင့်ပါ။ မိမိအတွေးနှင့် မိမိကိုယ်ကို တစ်ထပ်တည်း မှတ်ယူလျှင် တွေးဖို့ ရှံ့တွန့်တွန့် ဖြစ်နေလိမ့်မည်။ ဂေါက်သမား ဂေါက်သီးရိုက်သကဲ့သို့သာ သဘောထားသင့်သည်။ မိမိ အတွေးများသည် ဂေါက်သီးများဖြစ်သည်။ အတွေးတစ်ခုသည် ဂေါက်သီးတစ်လုံး ရိုက်ခြင်းသာ ဖြစ်သည်။ ဒီနေ့ ရိုက်မကောင်းလျှင် နောက်ထပ်လေ့ကျင့်မည်၊ ကြိုးစားရဦးမည်။

ဒီဘိုးနိုး၏ ဦးထုပ်ခြောက်လုံးတွေးခြင်းကို သင့်ဘဝတွင် ဖောက်သည်ချဖူးပါသည်။ Lateral thinking ကို ဖြန့်ထွက်တွေးခြင်း ဟူ၍ ကျွန်တော် ဉာဏ်မီသလောက် ရေးတတ်သလောက်ကို

BURMESE CLASSIC .com

www.burmeseclassic.com



ကူးယူတင်ပြဖူးပါသည်။ သူ၏ ကို့တ် CoRT အတွေးပရိုဂရမ် (CoRT= Cognitive Research Trust) စသည်များကို ဖင်နီခွဲလား၊ စက်ာပူစသော နိုင်ငံများ၏ ကျောင်းများတွင် သင်သည် ဟု ကြားဖူးပါသည်။ ဘာထရန်ရပ်ဆဲလ်က လူတွေ တွေးဖို့ ကြောက်သည်ဟု ဘာကြောင့် ပြောသလဲ မသိပါ။ ကိုယ့်ကိုယ်ကို တာဝန် မယူချင်သော သူများသည် တွေးခြင်းကို မလုပ်ကြဟု ကျွန်တော်က တွေးကြည့်မိပါသည်။

BURMESE CLASSIC .com

www.burmeseclassic.com


# စတီဖင်ကိုဗေး
# နှင့်
# စွမ်းသူတို့၏အလေ့အထများ

"ကျွန်တော်" ဆိုတာ...
ကျွန်တော်တို့ လုပ်သမျှကို
ပေါင်းရုံးလို့ခေါ်တာ...

ဒါကြောင့်..."အရည်အချင်း"ဟာ
အပြုအမူဆိုတာထက်
"အလေ့အထ" ဖြစ်မှာ...။

(အရစ်စတိုတယ်)

www.burmeseclassic.com




စတီဖင်ကိုဗေး

BURMESE CLASSIC .com

www.burmeseclassic.com



အလေ့အထ ဟူသည်မှာ ထပ်ခါတလဲလဲ ပြုသော အပြုအမူများသာ ဖြစ်ပါသည်။

"စာရိတ္တဟာ အလေ့အထအစုအဝေးပါပဲ။ ဒါကြောင့် အလေ့အထစရိုက်ထုံးစံဟာ ဘဝမှာ အလွန်အရေးကြီးပါတယ်။ ဓလေ့စရိုက်ဖြစ်သွားပြီဆိုရင် အဲဒီအပြုအမူတွေကို ထပ်ချည်းတလဲလဲ တစ်သမတ်တည်းလုပ်လေ့ရှိတာမို့ (တစ်ခါတစ်ခါ စိတ်က သတိမထားမိဘဲ လုပ်တဲ့အရာမျိုးမို့) ကျွန်တော်တို့ ဘယ်လောက်စွမ်းသလဲ၊ မစွမ်းသလဲဆိုတာ ဒီဓလေ့စရိုက်အပေါ်ပဲ တည်နေတော့တယ်။ ကျွန်တော်တို့ အကျင့်စာရိတ္တ ကောင်း မကောင်းကိုလည်း ကျွန်တော်တို့ရဲ့ အလေ့အထတွေကပဲ ပြဋ္ဌာန်းနေပါတယ်။

အလေ့အထဆိုတာဘာလဲဆိုရင်တော့ ကိုယ့်မှာရှိတဲ့ အဆင်ခြင်၊ ကျွမ်းကျင်မှုနှင့် စေတနာ (စေ့ဆော်မှု) ပေါင်းထားတဲ့အရာ ... ၊ ဒီအဆင်ခြင်ပညာ၊ ကျွမ်းကျင်တာနှင့် စေတနာတွေ ပေါင်းစပ်ထားတဲ့အလေ့အထစရိုက်နှင့်သာ ကိုယ့်ပုဂ္ဂလစွမ်းရည်နှင့် မိတ္တဗလစွမ်းရည်ကို အဆင့်မြင့်အောင် အစွမ်းထက်အောင် လုပ်နိုင်တယ်။

စွမ်းခြင်းသို့မဟုတ် ထိရောက်ခြင်းကို အောက်မှာ ဖော်ပြတဲ့ အလေ့အထ အကျင့်စရိုက် (၇)ချက်နှင့်သာ ရနိုင်လုပ်နိုင်တယ်။ ဒီ

www.burmeseclassic.com



(၇)ချက်ကို အမြဲမှန်တဲ့ စံတရားတွေပေါ်မှာ တည်ဆောက်ထားလို့ ရေရှည်မှာအကျိုးရှိမယ့် စရိုက်တွေလည်းဖြစ်ပါတယ်”

စတီဖင်ကိုဗေးရဲ့ စွမ်းသူတို့၏အလေ့အထများဆိုတဲ့ စာအုပ်ဟာ ကမ္ဘာကျော်ပါ။ ထုတ်ဝေသူများအပတ်စဉ် (Publishers weekly) စာစောင်မှာ ရက်သတ္တပတ် ၈၀ကျော် ရောင်းအကောင်းဆုံးစာရင်းဝင်တယ်။ ဟာဘတ်က ပါမောက္ခ မော့စ်ကန်တာက ကိုဗေးဟာ ဘဝမှာ ဘာအရေးကြီးသလဲဆိုတဲ့ ဒဿနကို ပြနိုင်ခဲ့သည်။ လုပ်ငန်းကိုင်ငန်းမှာ အောင်မြင်မယ့် နည်းနာကိုလည်း ပြနိုင်ခဲ့တယ်လို့ ညွှန်းပါတယ်။ တွမ်းပီတာကလည်း ကိုဗေးဟာ မှန်ကန်တဲ့စံအရာ (principles) တွေကို တော်တော်တွေးခဲ့တယ်လို့ ညွှန်းပါတယ်။

ထိရောက်ဖို့၊ စွမ်းဖို့၊ လူမှုဆက်ဆံရေးကောင်းဖို့ သူ စာအုပ်တွေရေးခဲ့ပါတယ်။ ကိုဗေးခေါင်းဆောင်မှုဗဟိုဌာနရဲ့ဥက္ကဋ္ဌ အဖြစ်လည်း လုပ်ကိုင်နေပါသည်။

စွမ်းသူတို့၏ ဓလေ့စရိုက်ဟာ (၇)ခု ရှိပါတယ်။ အဲဒါတွေကို အမှတ်စဉ် ထိုးရရင်...

(၁) အဦးအစပြုလုပ်တတ်တယ် (Be proactive)

(၂) အဆုံးထိ စိတ်ကူးပြီး အဲဒီစိတ်ကူးနှင့် အလုပ်လုပ်တယ် (Begin with the end in mind)

www.burmeseclassic.com



(၃) ဦးဆုံးလုပ်ရမယ့် အလုပ်ကို အရင်ဦးဆုံးလုပ်တယ် (Put first things first)

(၄) သူနိုင် / ကိုယ်နိုင် စဉ်းစားတယ် (Think win / win)

(၅) ကိုယ်က အများကို နားလည်ရန်၊ ကိုယ့်ကို အများက နားလည်ရန် ကြိုးစားတယ် (Seek first to understand, then to be understood)

(၆) စုပေါင်းသတ္တိကိုသိတယ် (Synergise)

(၇) ဓားထက်အောင်သွေးနေတယ် (Sharpen the saw)

အဲဒီအလေ့အထတွေကို အကျယ်နည်းနည်း ရေးပါ့မယ်။

## (၁) အဦးအစပြုလုပ်တတ်တယ် (Be proactive)

အခြေအနေကို တုံ့ပြန်တယ်၊ ခံစားမှုအလျောက် လုပ်တယ်ဆိုတာ တုံ့ပြန်တတ်တဲ့သဘောရှိတဲ့လူတိုင်း လုပ်တဲ့ကိစ္စပါ။ အဦးအစရှေ့က သွားတဲ့လူအဖို့ကတော့ တုံ့ပြန်မှုမဟုတ်၊ တန်ဖိုးထားမှုနှင့်သာ အလုပ်လုပ်တာ။ အခြေအနေကြောင့်မဟုတ်၊ သူ့ဆုံးဖြတ်ချက်ကြောင့်သာ အလုပ်လုပ်တာ။ ဘယ်သူလာကူပါ့မယ်၊ ဘယ်ဝါလာညီပါ့မယ်၊ စောင့်နေလေ့မရှိပါ။ သူတို့ဟာ ပြဿနာများမဟုတ်။ သူတို့ဟာ ပြဿနာများကို ဖြေရှင်းသူသာဖြစ်ကြပါတယ်။

BURMESE CLASSIC .com

www.burmeseclassic.com



အဦးအစရှေ့ကသွားတဲ့လူဖြစ်လို့၊ တခြားသူတွေကိုအတင်းတွန်းထိုးလုပ်တတ်တဲ့ သူတွေ ဒေါမာန်ထန်တဲ့လူတွေလည်း မဟုတ်ပါ။ အလုပ်ဖြစ်မှကောင်းမယ်လို့ တာဝန်သိတဲ့သူတွေသာ ဖြစ်ပါတယ်။ အောင်မြင်မှုဖြစ်မယ်လို့ ရှေ့သွားတဲ့သူတွေသာ ဖြစ်ပါတယ်။

## (၂) အဆုံးထိစိတ်ကူးပြီး အဲဒီစိတ်ကူးနဲ့ အလုပ်လုပ်တယ် (Begin with the End in Mind)

အဆုံးထိဘယ်လိုစိတ်ကူးမလဲဆိုတော့ အသက်ဆုံးသွားပြီး ခင်ဗျားအသုဘကို ခင်ဗျားရောက်နေတယ်လို့ စိတ်ကူးကြည့်ပါတဲ့။ ခင်ဗျားရဲ့အသုဘဇရပ်မှာ လူလေးယောက်က စကားပြောကြတာကို ကြားယောင်ကြည့်တဲ့။ မိသားစုထဲကတစ်ယောက်၊ မိတ်ဆွေထဲက တစ်ယောက်၊ ရုံး / အလုပ်ခွင်ထဲက တစ်ယောက်နှင့် ဘုန်းကြီးတစ်ပါး။ ခင်ဗျားအကြောင်းနည်းနည်းစီ ပြောကြလိမ့်မယ်။ ခင်ဗျား ဘာတွေလုပ်ခဲ့လို့ ဘာတွေအကျိုးပြုခဲ့တယ်။ ခင်ဗျားရဲ့ လုပ်ဆောင်ချက်ကြောင့် သူတို့ဘဝမှာ ဘာတွေခံစားခဲ့ရတယ်။ သူတို့ဘာတွေများ ပြောကြမှာပါလိမ့်။

BURMESE CLASSIC .com

www.burmeseclassic.com



အဲဒီအာရုံရုပ် စိတ်ကူးနိမိတ်ပုံကို စိတ်ထဲမှာ သွင်းပြီး ဒီနေ့ ကိုယ်လုပ်သမျှနှင့် တိုက်ကြည့်မလား။ ခင်ဗျားဘဝမှာ ခင်ဗျား ဖြစ်ချင်တာနှင့် ခင်ဗျားလုပ်နေတာ ကိုက်ရဲ့လား။

ကျွန်တော်ဘာဖြစ်ချင်တယ်လို့ ပုဂ္ဂလအခိဋ္ဌာန်တစ်ခု ရေးထားတာ ကောင်းသတဲ့။ ဘာဖြစ်ချင်တယ်၊ ဘာလုပ်ချင်တယ်။ အနှုန်းအစံ တန်ဖိုးထားတာက ဘယ်ဟာ၊ ဒါမှသာ ကိုယ့်အချိန်၊ ကိုယ့်အင်အား၊ ကိုယ့်ပါရမီကို ဘယ်လိုသုံးမလဲလို့ ဆုံးဖြတ်နိုင်မှာ။

## (၃) ဦးဆုံးလုပ်ရမယ့်အလုပ်ကို အရင်ဦးဆုံးလုပ်
## (Put first things first)

အောင်မြင်ခြင်းအတွက် ဘုံသတ္တိက ဘာပါလဲဆိုရင် ဦးဆုံးလုပ်ရမယ့် အလုပ်ကို အရင်ဦးဆုံးလုပ်နိုင်တဲ့ သတ္တိတဲ့၊ ဖွဲ့နပဲနဲ့ ဘယ်လိုပဲလုပ်လုပ်၊ ကံဘယ်လောက်ကောင်းကောင်း၊ အဆက်အသွယ် ဘယ်လိုရှိရှိ၊ အရင်လုပ်ရမယ့် အလုပ်ကို အရင်မလုပ်ရင် မအောင်မြင်နိုင်ဘူးတဲ့။ ပညာရှိတစ်ယောက်က အောင်မြင်တဲ့ လူတွေရဲ့ ဘုံအရည်အချင်း / သတ္တိကို လိုက်ရှာတဲ့အခါ အဲဒီအောင်မြင်တဲ့လူတိုင်းမှာ ရှိတဲ့ အရည်အသွေးတစ်ခုက ဦးဆုံးလုပ်ရမယ့်အလုပ်ကို အရင်ဦးဆုံးလုပ်ခြင်းတဲ့။

BURMESE CLASSIC .com

www.burmeseclassic.com



ဒီတတိယအလေ့အထကတော့ အချိန်ကို စီမံခန့်ခွဲခြင်းနှင့် ဆိုင်တယ်။ အင်အားများကို စုစည်း အရေးကြီးတာတွေကို ရွေးလုပ်ပါပါပဲ။

အချိန်ခန့်ခွဲတယ်ဆိုတာလည်း အခေါ်လွဲနေတာ။ အချိန်ကို ခန့်ခွဲလို့ရတာ မဟုတ်၊ ကိုယ့်ကိုယ်ကိုသာ ခန့်ခွဲလို့ရတာ။ အချိန်နဲ့ အရာဝတ္ထုတွေကို ခန့်ခွဲစီမံဖို့ မကြိုးစားရာ၊ အဆက်အစပ်နှင့် ရလဒ်ကိုသာ ကြည့်ရမှာ ... ။ ဘယ်အရာကများ ကျွန်တော့်ဘဝကို အကောင်းအမွန်ပြောင်းလဲစေမလဲ၊ ခပ်ကြီးကြီးပြောင်းလဲစေမယ့် ကိစ္စလေးတွေကို ရွေးလုပ်နိုင်ရင် စွမ်းတဲ့သူ ဖြစ်မှာ ဧကန်ပါပဲ။

## (၄) သူနိုင်/ကိုယ်နိုင်တွေးပါ (Think win / win)

လူ့လောကဆိုတာ အညမညအတုံ့အပြန်ရှိတာလို့ စိတ်ထဲ ဝမ်းထဲက သဘောပေါက်တာဟာ၊ သူနိုင် / ငါနိုင်၊ နှစ်ဖက်နိုင် စဉ်းစား မှုရဲ့ အခြေခံပါ။ သူနိုင် / ငါနိုင် စဉ်းစားတာဟာ၊ လူ့ဘဝဆိုတာ ပူးပေါင်းဆောင်ရွက်မှုပါ၊ လူ့ဘဝဆိုတာ ယှဉ်ပြိုင်အနိုင်ယူမှု မဟုတ်ပါလို့ မြင်တဲ့အမြင်ဖြစ်ပါတယ်။

နှစ်ယောက်/နှစ်ဖက်နိုင်တွေးမှုကြောင့် ရလဒ်မြန်မြန် ရနိုင်ပါတယ်။ မန်နေဂျာနှင့် သူ့အလုပ်သမားတွေ ညှိနှိုင်းထားပြီး

BURMESE CLASSIC .com

www.burmeseclassic.com



သဘောတူချက်တစ်ခု ရထားတယ်ဆိုပါစို့။ မျှော်လင့်ချက်တွေ၊ ပန်းတိုင်တွေ၊ လမ်းညွှန်ချက်တွေ၊ အရင်းအမြစ်တွေကို အတူတကွ စဉ်းစားကြ၊ အတူတကွ ဆုံးဖြတ်ပြီးမှ ရတဲ့ သဘောတူညီချက်ဟာ သူနိုင်/ကိုယ်နိုင် သဘောတူချက်ပါ။ သူသာ/ငါနာ၊ ငါသာ/သူနာမဟုတ်ဘဲ သူရောနိုင် ငါရောနိုင်တာမျိုးက သိပ်ကောင်းပါတယ်။ အားလုံးကျေနပ်ကြလို့ အားလုံးလုပ်ကြမယ့် စီမံခန့်ခွဲမှုဟာ အကောင်းဆုံးစီမံခန့်ခွဲမှုပါပဲ။

သူနိုင်/ငါနိုင် စီမံခန့်ခွဲရဖို့အတွက် လိုအပ်ချက်တွေရှိကြောင်းတော့ သတိပြုရမှာ ဖြစ်ပါတယ်။ စနစ်မရှိရင် မဖြစ်ပါ။ လေ့ကျင့်မှုစနစ်၊ ရာထားမှုစနစ်၊ ဆက်သွယ်မှုစနစ်၊ ဘတ်ဂျက်စနစ်တွေရှိရမယ်။ ဒီစနစ်တွေကိုယ်တိုင်ကိုလည်း နှစ်ဖက်စလုံးနိုင်ရမယ်ဆိုတဲ့ အခြေခံသဘောထားအပေါ်မှာ တည်ဆောက်ထားရမှာဖြစ်တယ်။ “သူတည်းတစ်ယောက် ကောင်းဖို့ရောက်မူ၊ သူတစ်ယောက်မှာ ပျက်လင့်ကာသာ ဓမ္မတာတည်း” ဆိုတဲ့အတွေးအခေါ်ကတော့ မျက်ဖြေအတွေးအခေါ်ပါ။ အမျက်ဖြေဖို့တော့ ဟုတ်မှာပါ။ ဒါထက်မပိုပါ။

BURMESE CLASSIC .com

www.burmeseclassic.com



## (၅) ကိုယ်က အများကိုနားလည်၊ ကိုယ့်ကိုအများကနားလည်

## (Seek first to understand, then to be understood)

လူအချင်းချင်းဆက်ဆံရေးမှာ အရေးကြီးဆုံး အချက်ကို ပြောပါဆိုရင်၊ ကိုယ်က အများကိုနားလည် ကိုယ့်ကို အများက နားလည်တာလို့ပြောရမှာပါ။ လူတွေထဲမှာနေတဲ့ လူအဖို့၊ လူအချင်းချင်း ဆက်ဆံပေါင်းသင်းတတ်ဖို့ဟာ အရေးပါလှတဲ့ သော့ချက် ကိစ္စတစ်ခုပါ။

ကိုယ်က အများကိုနားလည်အောင်၊ အများ ပြောတာကို ကိုယ်က နားထောင်တတ်ရတယ်။ ဒါပေမယ့် လူအများစု နားထောင် တာဟာ၊ နားလည်အောင်နားထောင်တာ မဟုတ်ပါ။ တုံ့ပြန်ဖို့သာ နားထောင်ကြတာပါ။ လူနည်းနည်းကသာ ကိုယ်ချင်းစာ အကြင်နာ စိတ်နဲ့ နားထောင်တတ်တာ။ အဲဒီလူနည်းစုကသာ တခြားလူရဲ့စိတ်ကို သိဖို့၊ တခြားလူရဲ့ ကမ္ဘာထဲကို လိုက်ကြည့်ဖို့၊ တခြားလူရဲ့ ခံစားချက်ကို နားလည်ဖို့၊ ခံစားမှုအတွက်၊ အဓိပ္ပါယ်အတွက်၊ အပြုအမူကို သိနားလည်ဖို့အတွက် နားထောင်နိုင်ကြပါတယ်။

ကိုယ့်ကို အများကနားလည်ဖို့ ကြိုးစားချင်ရင်တော့ ဂရိဒဿနက စကားသုံးလုံးကို သတိရှိနေရလိမ့်မယ်။ အဲဒါကတော့ အီသို့စ်၊ ပသို့စ်၊ လိုဂို့စ် (Ethos, Pathos, Logos) ဆိုတဲ့စကားလုံး

www.burmeseclassic.com



သုံးလုံးပါ။ အီသို့စ်ဆိုတာ ခင်ဗျားရဲ့ ပုဂ္ဂလဂုဏ်ရည်၊ ပသို့စ်ကတော့ ကိုယ်ချင်းစာ အကြင်နာ၊ လိုဂို့စ်ကတော့ ယုတ္တိပါ။ စာရိတ္တ၊ အကြင်နာ၊ ယုတ္တိလို့ အစဉ်လိုက်မှတ်ရမှာပါ။ လူအများ ကိုယ့်ကိုနားလည်ဖို့အတွက် ကိုယ့်ယုတ္တိကို အရင်ရှင်းပြနေကြတယ်။ တကယ်တော့ ကိုယ့်ပုဂ္ဂလဂုဏ်ရည်နှင့် ကိုယ်က သူ့အပေါ်ထားရှိတဲ့ ကိုယ်ချင်းစာ အကြင်နာစိတ်က အရင်လာရမှာ။ ယုတ္တိတွေ ပြောနေရုံမျှနှင့် မအောင်မြင်နိုင်ပါ။

## (၆) စုပေါင်းသတ္တိကို သိတယ် (Synergise)

တစ်ခုလုံးဟာ အစိတ်အပိုင်းတွေရဲ့ ပေါင်းလဒ်ထက် ပိုကြီးတယ်လို့ သိခြင်းကို၊ စုပေါင်းသတ္တိဂုဏ်ရည်ကို သိခြင်းလို့ ခေါ်ရမယ်ထင်ပါတယ်။ ထင်းချောင်းစည်းတဲ့ ဥပမာကို ယူနိုင်ပါတယ်။ သို့သော် စုပေါင်းသတ္တိရဖို့အတွက် အစိတ်အပိုင်းတစ်ခုစီရဲ့ ခြားနားမှုနှင့်၊ အဲဒီတစ်ခုစီရဲ့ ဂုဏ်ရည်ကိုလည်း လေးစားတတ်ဖို့ သတိပြုရပါလိမ့်မည်။ ခြားနားမှုကို လေးစားတတ်ဖို့ကတော့ တော်တော်အရေးကြီးပါတယ်။ လူတွေဟာ လောကကြီးကို သူ့ "အရှိ" အတိုင်း မြင်တာမဟုတ်။ သူ "မြင်တတ်" သလိုသာ မြင်တာလို့ သဘောပေါက်ရင်၊ ကွဲပြားတာဟာ မမှားတာလို့ ဘဝင်ကျရမှာပါ။

BURMESE CLASSIC .com

www.burmeseclassic.com



တစ်စုံတစ်ယောက်က ခင်ဗျားနှင့် သဘောချင်း မတိုက်ဆိုင်ရင် "ဩော် ... ခင်ဗျားက ရှုထောင့်တစ်မျိုးမှ ကြည့်တာကိုး" လို့ ပြောရင်ကောင်းပါတယ်။ သူနဲ့လိုက်ပြီး သဘောတူစရာတော့ မလိုပါ။ ဒါပေမယ့် သူ့ကိုတော့ ခင်ဗျားနားလည်သွားတယ်။ သဘောတူနိုင်မယ့် တတိယရှုထောင့်တစ်ခု ပူးပေါင်းရှာဖွေနိုင်ပါတယ်၊ နှစ်ယောက်စလုံး အတွက်ကောင်းတဲ့ (နှစ်ယောက်နိုင်) အဖြေတစ်ခုကို တွေ့လေ့ ရှိပါတယ်။

## (၇) ဓားကိုထက်အောင်သွေး (Sharpen the saw)

ခင်ဗျားပိုင်ဆိုင်တဲ့ ပစ္စည်းထဲမှာ အဖိုးအတန်ဆုံးက ခင်ဗျားပါ။ ဒါကြောင့် "ခင်ဗျား" ဆိုတာရဲ့ အဝန်းအဝိုင်း (Dimension) ဖြစ်တဲ့ ကာယ၊ စိတ္တ၊ ဉာဏ၊ မိတ္တ ဖွံ့ဖြိုးဖို့ ဓားသွေးနေတဲ့ အလေ့အထ ရှိရပါလိမ့်မယ်။

ကာယအတွက် သင့်တဲ့စားခြင်း၊ သင့်တဲ့နားခြင်း၊ မှန်မှန် လေ့ကျင့်ခန်းလုပ်ခြင်း လုပ်ပါ။

စိတ်အဝန်းအဝိုင်း ကျယ်ပြန့်ဖို့အတွက် စိတ်ကို မြင့်တဲ့ အကာလိကောဆိုတဲ့ အချိန်ကာလရဲ့ ဘောင်က လွတ်တဲ့၊ အမှန်တွေနဲ့ ခင်ဗျားကို ဆက်သွယ်မယ့် စိတ်အလေ့အကျင့် လုပ်ငန်းတွေ လုပ်ပါ။

www.burmeseclassic.com



ဉာဏ်အဝန်းအဝိုင်းကျယ်ပြန့်ဖို့အတွက် ဖြည့်ဆည်း ပေးတာကတော့ ပညာဆည်းပူးတာပါပဲ။ စာကြီးပေကြီးဖတ်တာလောက် "ဉာဏ်ချဲ့" နိုင်တာမရှိပါ။ စာရေးတာ၊ စီမံကိန်းချတာတွေဟာလည်း "ဉာဏ်နှိုး" တဲ့ အလုပ်တွေဖြစ်ပါတယ်။

မိတ္တဖလအတွက်ကိုတော့ စတုတ္ထ၊ ပဥ္စမ၊ ဆဋ္ဌမ အလေ့အထများကို လုပ်ရပါလိမ့်မယ်။

ကာယ၊ စိတ္တ၊ ဉာဏ၊ မိတ္တ ဒီဓားတွေကို သွေးရာမှာလည်း စွမ်းသူတွေကတော့ ညီညွတ်မျှတအောင် ဉာဏ်နဲ့ယှဉ်ပြီးသာ လုပ်ပါတယ်။ ဖော်ပြခဲ့တဲ့ အလေ့အထ (၇)ခု ရှိတဲ့ သူတွေကတော့ "ငါ" ရဲ့ အကျယ်အဝန်း အဆုံအဝင်ကို ချဲ့ပြီး၊ စွမ်းသူတွေဖြစ်သွားကြပါတယ်။

## မှတ်ချက်

ကိုဗေးရဲ့ အရေးကြီးစာအုပ်များကတော့

(၁) Seven habits for highly effective people

(၂) Principle- Centered Leadership

(၃) Put first things first

ဖြစ်ပါတယ်။

BURMESE CLASSIC .com

www.burmeseclassic.com



တချို့ စာအုပ်ဝေဖန်ချက်တွေမှာ၊ လူပေါ်လူဇော် လုပ်နည်း စာအုပ်ရေးတဲ့ ဒေးလ်ကာနက်ဂျီ – ခင်ဗျား နေရစ်တော့တဲ့။ ဆိုလိုတာက ဒေးလ်ကာနက်ဂျီရဲ့ဆက်ဆံရေးနည်းတွေဟာ ခေတ်မမှီတော့၊ ဒါမှမဟုတ် ရေရှည်မခံ၊ ကိုဗေးရဲ့ နည်းနာ နိသယရည်းကသာ ပိုမှန်၍ ပိုကောင်း၊ ကြာရှည်လည်း ခံမယ်လို့ ဆိုပါတယ်။

ခဏပန်း စိတ်ကြွမှုလုပ်တာမဟုတ်ဘဲ၊ စိတ်ရွေ့မှု သို့မဟုတ် ဘောင်ရွေ့မှု (Paradigm Sift) အတွက် စဉ်းစားတာတွေပါ။ ဓမ္မကိုလည်း ဟောထားတော့၊ ကိုဗေးရဲ့ စာအုပ်များကို ဖတ်ကြည့် သင့်ပါတယ်လို့ လူငယ်များကို အကြံပေးချင်ပါတယ်။

BURMESE CLASSIC .com

www.burmeseclassic.com

# ပီတာဒရပ်ကားသို့မဟုတ်ဘေးကရပ်ကြည့်သူ

www.burmeseclassic.com




# ပီတာဒရပ်ကား

www.burmeseclassic.com



ဘေးကရပ်ကြည့်သူတစ်ဦး၏ စွန့်စားခန်းများဆိုတဲ့ ဒရပ်ကားရဲ့ အတ္တုပ္ပတ္တိစာအုပ် အမည်ကြားတော့ ကျွန်တော်က အမည်လေးကြိုက်တာနှင့် ဝယ်ဖတ်ပါသည်။ "ဘေးက ရပ်ကြည့်သူသည် ကိုယ်ပိုင်သမိုင်းမရှိ။ ဇာတ်စင်ပေါ်မှာ ရှိသော်လည်း ဇာတ်ကသူ မဟုတ်၊ သူကား ရွှေပွဲလာ ဧည့်ပရိသတ်လည်း မဟုတ်။ ပွဲကြည့်သူက ဇာတ်ကသူ အပေါ်၌ သြဇာရှိသော်လည်း ဇာတ်ခုံ တိုင်ကွယ်မှရှိသူသည် ဇာတ်ကသူအပေါ် မည်သည့် သြဇာမျှ မသက်ရောက်၊ သို့သော် တိုင်ကြားမှ ရပ်ကြည့်သူသည် ဇာတ်ကသူ ဖြစ်စေ၊ ပွဲကြည့်သူဖြစ်စေ မမြင်ရသောအရာများကို မြင်သည်၊ သတိမပြုမိသည်များကို သတိပြုမိသည်။ ရှုထောင့် တစ်မျိုးမှ မြင်သည်။ မှန်ထဲမှ ရုပ်သွင်ကိုမြင်သကဲ့သို့ မြင်ခြင်း မဟုတ်။ သုံးမြှောင့် ဖန်တုံးကိုဖြတ်၍ ပေါ်သောရုပ်သွင်ကို မြင်သကဲ့သို့ မြင်ခြင်းဖြစ်သည်၊ ထို့ကြောင့် ရှဲ့စောင်းနေသည်။" ဘေးက ရပ်ကြည့်သူ ပီတာဒရပ်ကား၌ ၁၀နှစ်အရွယ် ငယ်ငယ်ကတည်းက ရှဲ့စောင်းသော (ဝါ) အများနှင့် မတူသော အမြင်ရှိပုံရသည်။ ခေါင်မိုးတွေပေါ်ကတက်ကြည့်လျက် ထူးထူး ဆန်းဆန်း မြင်ကွင်း တွေအကြောင်း အော်ဟစ်ပြောဆိုပြီး လူအများကို ထိတ်လန့်အောင်

BURMESE CLASSIC .com

www.burmeseclassic.com



မလုပ်နှင့်ဟု သူ့ကို သူ့အဖေ သူငယ်ချင်း တစ်ယောက်က ဆုံးမဖူးသည် ဟူ၏။ ရှဲ့စောင်းသော အမြင်ရှိသော ပီတာဒရပ်ကားသည် စီးပွားရေး ဒဿနပညာရှင်၊ ဘောဂဗေဒ သမား၊ သမိုင်းဆရာ၊ စာနယ်ဇင်းဆရာ၊ ဝတ္ထုရေးဆရာ၊ အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပါမောက္ခ၊ အနုပညာကျွမ်းကျင်သူ ဖြစ်လာသည်။ ထိုအလုပ်များသည် သူတက်၍ကြည့်သော ခေါင်မိုးများ ဖြစ်သည်။ အများ မမြင်တတ်သော အမြင်ကို မြင်တတ်သောကြောင့် ဟစ်တလာ အာဏာရမည်ကို ကြိုတင်ပြောနိုင်သည်။ ကွန်မြူနစ်စနစ် ပြိုကွဲမည်ကို ကြိုတင်ပြောနိုင်သည်။ ပညာအဖွဲ့အစည်း အကြောင်းကို ကြိုတင်ပြောနိုင်သည်။ သူသည် စီမံခန့်ခွဲမှု ပညာရပ်၏ ဖခင်ကြီးဟု ချီးကျူးခံရသည်။

သူ့ကို ဩစတြီးယားပြည် ဗီယင်နာတွင် ၁၉၀၉ ၌ မွေးသည်။ ဩစတြီးယားနှင့် အင်္ဂလန်တွင် ပညာသင်ခဲ့သည်။ ၁၉၂၉ တွင် ဂျာမနီ၌ သတင်းစာတစ်စောင်တွင် အယ်ဒီတာ လုပ်ခဲ့သည်။ အသက် ၂၈နှစ်၌ (အယ်ဒီတာအလုပ်က သိပ်မကြာ။ ထို့နောက် အင်္ဂလန်က ဘဏ်တစ်ခု၏ ဘောဂဗေဒ ပညာရှင် လုပ်ပြန်သည်)။ အမေရိကန်သို့ ရောက်လာ၍ ဗြိတိသျှ သတင်းစာအစုတစ်ခု၏ သတင်းထောက် လုပ်သည်။ ဗြိတိသျှ

www.burmeseclassic.com



ဘဏ်များ၊ အာမခံ ကုမ္ပဏီများ၏ ဘောဂဗေဒပညာရှင်၊ စီမံခန့်ခွဲမှု အတိုင်ပင်ခံအဖြစ်လည်း လုပ်ကိုင်သည်။

**မန်နေဂျာ=ပညာသည် (Professional)**

ဂျင်နရယ်မော်တာ်အကြောင်း လေ့လာခွင့်ရခဲ့၍ ဒရပ်ကားသည် စီမံခန့်ခွဲမှုအကြောင်း စာရေးသူဖြစ်လာသည်။ ဂျီအမ်သည် ဗဟိုမှ မချုပ်ကိုင်သော ပုံစံကို ကျင့်သုံးသော ကော်ပိုရေးရှင်းကြီးဖြစ်သည်။ အဲလ်ဖရက်စလုံးသည် မန်နေဂျာ၏ လုပ်ငန်းတာဝန်ငါးခုကို ထိရောက်စွာ ဆောင်ရွက်နိုင်သော ပညာသည်၏ ရုပ်ပုံလွှာဖြစ်သည်။

ဂျင်နရယ်မော်တာ၏ ပေါ်လစီများ၊ ဖွဲ့စည်းပုံများကို လေ့လာ၍ "ကော်ပိုရေးရှင်း၏ အတွေးအမြင်" ဟူသော စာအုပ်ရေးရာမှ နာမည်ကျော်လာသည်။ စီမံခန့်ခွဲမှုဟူသည် လေးနက်ရမည့် ပညာဟူသော အယူအဆတစ်ရပ် ပေါ်ပေါက်စေသည်။

BURMESE CLASSIC .com

www.burmeseclassic.com



၂၀ ရာစု၏ အစွန်ရှည်မည့် စီမံမှုအကြောင်းတွေးသူ ဟူ၍ Bussiness week က ဆိုသည်။ အီကောနောမစ်၊ ဝေါစထရိ စသည်တို့က စီမံခန့်ခွဲမှု၊ ဒဿနပညာရှင်၊ စိတ်ဖြာ စဉ်းစား တတ်သော အနာဂတ်ဟောသူ၊ စသည်ဖြင့် ကင်ပွန်းတပ်ကြသည်။ ပီတာဒရပ်ကား၏ အနာဂတ် ဟောကိန်းများ မှန်တတ်သည်။ သို့သော် သူက 'ဟောကိန်းထုတ်ရန် စိတ်မဝင်စားပါ''ဟု ဆိုသည်။ "အနာဂတ်ကို ကြည့်နိုင်ဖို့ အစွမ်းသတ္တိတွေ လူသားကို ပေးမထား ပါ။ ပစ္စုပ္ပန်ကာလနဲ့ပဲ အလုပ်ရှုပ်လှပြီ" ဟု ပြောလေ့ရှိသည်။ "စီးပွားရေးလူသား၏နိဂုံး" ဟူသော စာအုပ်သည် ၁၉၃၉ ၌ သူ ပထမဆုံးရေးသော စာအုပ်ဖြစ်သည်။ ယင်းစာအုပ်သည်လည်း ပစ္စုပ္ပန်က လိုအပ်သော စီမံခန့်ခွဲမှုအကြောင်းသာ ဖြစ်သည်။

သူကားနယူးရော့တက္ကသိုလ် စီးပွားရေးကျောင်း၌ စီမံခန့်ခွဲမှုဆိုင်ရာ ပါမောက္ခအဖြစ် အနှစ်နှစ်ဆယ် ကျော် လုပ်သည်။ ၎င်းနောက် ကာလီဖိုးနီးယားက ကလဲရာမွန့်တွင် လူမှုရေး သိပ္ပံပညာပါမောက္ခ အဖြစ် လုပ်ကိုင်ပြန်သည်။ ယခု အသက် ၉၀ ပြည့်တော့မည်။ သူက သုံးနှစ် တစ်ကြိမ်တိုင် ပညာရပ်တစ်ခု ပြောင်း၍ လိုက်စားသည်။ အသက် ၂၈ နှစ်မှ စ၍

BURMESE CLASSIC .com

www.burmeseclassic.com



အသက် ၉၀ ယခုထိ ပညာသင်ဆဲ "ပညာရပ် တစ်ခုကို ၃နှစ် အချိန် ယူတော့ တော်တော်များများ ငုံမိပါတယ်။ ကျွမ်းကျင် ပညာရှင် အဆင့်တော့ မရောက်ပေဘူး၊ တစ်ခုက တစ်ခုပြောင်း လေ့လာ တော့ ထောင့်စုံ ကြည့်တတ်လာတယ်" ဟု ပြောသည်။

"ယင်မျိုးစိတ်ပေါင်း သုံးသောင်းငါးထောင် ရှိတယ်။ ဖန်တီးရှင်က ထွေပြားခြင်းအပေါ် ဂုဏ်ယူပုံရတယ်။ ခြေထောက် နှစ်ချောင်းရှိတဲ့ လူထက်ပို ထွေပြားတဲ့ မျိုးစိတ် ဆိုတာတော့ မရှိဘူး။ လူတွေရဲ့ ထွေပြားပုံကို ကလေးကတည်းက စိတ်ဝင်စား ခဲ့တာ။ စိတ်ဝင်စားဖို့ မကောင်းတဲ့လူဆိုလို့ တစ်ဦး တစ်ယောက် တောင် မတွေ့ဖူးဘူး။ ဘယ်လောက် သူများ အကြိုက် လိုက်လုပ် နေတဲ့ သူဖြစ်စေ၊ ဘယ်လောက် သမရိုးကျလုပ်တဲ့သူ ဖြစ်စေ၊ ဘယ်လောက်ထုံထိုင်းသူဖြစ်စေ၊ ဘယ်လိုလူ ဖြစ်ဖြစ် သူတို့ စိတ်ဝင်စားတာ၊ သူတို့သိတာ သူတို့လုပ်တာကိုသာ ပြောပါစေ။ အဲဒီပြောတဲ့အခါမှာ လူအများ စိတ်ဝင်စားအောင် ညှို့တတ် တယ်။"

ပီတာဒရပ်ကားသည် ထွေပြားခြင်း ၊ ဗဟုဝါဒနှင့် လူတစ်ဦးချင်း၏ ပုဂ္ဂလိကဂုဏ်ရည်ရှိခြင်းတို့၌ စိတ်ဝင်စားသည်။ လွန်ခဲ့သော အနှစ်ငါးဆယ်အတွင်း၌ ထွေပြားခြင်းနှင့် ဗဟုအမြင်

www.burmeseclassic.com



ကို သူ့စာအုပ်များ၊ သူ့အက်ဆေးများတွင် အလေးပေး၍ ရေးခဲ့သည်။ ကုန်လွန်ခဲ့သော အနှစ်ငါးဆယ်သည် ဗဟိုမှ ချုပ်ကိုင်သောစနစ်၊ အများညီလျှင် ဤကို ကွဲဖတ်ခြင်းနှင့် ပုံကိုက်အောင် လုပ်ခြင်းတို့သာ တွင်ကျယ်နေသော နှစ်များဖြစ်သည်။ အုပ်ချုပ်သူများ၊ စီးပွားရေး လုပ်ငန်းကြီးများက ချုပ်ကိုင်ခြင်းကို ပြောသော်လည်း ပီတာက ဗဟိုချုပ်ကိုင်မှု လျော့ခြင်း၊ စမ်းသပ်လုပ်ကိုင်ခြင်းကိုသာ ပြောဟောသည်။

## ပညာနှင့်ထုတ်လုပ်နိုင်စွမ်းရည်

စီမံခန့်ခွဲမှု အတွေးအခေါ်နှင့် ကမ္ဘာ့အဖြစ်အပျက်များကို ဆက်စပ်တွေးခေါ်သည့်အရာ၌ ဒရပ်ကားသည် အလွန်တော်သော ပုဂ္ဂိုလ် ဖြစ်သည်။ မာက်စ်နှင့် မာက်စ်ဝါဒကျဆုံးမှု ဘာလင်တံတိုင်း ပြိုလဲမှုသည် အလုပ်သမား၏ ထုတ်လုပ်နိုင်စွမ်းရည်တိုးတက်လာမှု၏ရလဒ်ဟု သူက ဆိုသည်။ အလုပ်ကို ပညာတပ်ဆင်လိုက်သောအခါ ထုတ်လုပ်စွမ်းရည်က မြင့်မားလာသည်။

www.burmeseclassic.com



သူ၏အတွေးအခေါ်၊ စိတ်ကူး စိတ်သန်းများသည် သန်းပေါင်းများစွာသော မန်နေဂျာများ၏ အတွေးအခေါ်နှင့် လုပ်ပုံကိုင်ပုံကို ပြောင်းလဲစေခဲ့သည်။ စီမံခန့်ခွဲမှုနှင့် ပတ်သက်၍ အရေးကြီးသော သူ၏အတွေးအဆမှာ လေးခုရှိသည်ဟု ပညာရှင်များက ပြောသည်။

## စီမံခန့်ခွဲမှုသည် ပညာရှင်၏ အလုပ်

မန်နေဂျာသည် စက်မှုလူ့အဖွဲ့အစည်းကို ဦးဆောင်သော အခန်းကဏ္ဍမှ ပါဝင်သူ ဖြစ်သည်။ စီးပွားရေးသမားကို မထေမဲ့မြင် မပြုသင့်။ စီးပွားရေးလုပ်ငန်းသည် လူ့အဖွဲ့အစည်း၏ အရေးအပါဆုံး အဖွဲ့ဖြစ်သည်။ စီမံခန့်ခွဲမှုမရှိလျှင်တော့ ထိုအဖွဲ့မရှိ။

မန်နေဂျာသည် ပညာသည် / ပညာရှင် ဖြစ်သည်။ မန်နေဂျာ၏လုပ်ငန်းတာဝန် ငါးခုရှိသည်။

(၁) ရည်မှန်းချက် ချရသည်။

ရည်မှန်းချက် ပေါက်မြောက်ဖို့ ဆုံးဖြတ်လုပ်ကိုင်ရသည်။ ရည်မှန်းချက်ပေါက်မြောက်ဖို့ ပါဝင်ဆောင်ရွက်သူများအား နားဖောက်ရသည်။

www.burmeseclassic.com



(၂) နေသားတကျ စီစဉ်ဖွဲ့စည်းရသည်

အလုပ်များကို စီမံဖို့လွယ်ကူအောင် ခွဲရသည်။ ခွဲထားသော အလုပ်များကို အစုပြုပြီး နေသားတကျဖွဲ့စည်းရသည်။ ထိုယူနစ်များကို အုပ်ချုပ်ရမည့် လူများကို ရွေးရသည်။

(၃) စေ့ဆော်ရသည်

သူအုပ်ချုပ်ရသောလူများနှင့် သူ၏ဆက်စပ်ပတ်သက်မှုကို အသုံးပြု၍ အလုပ်ပြီးမြောက်စေရန် စေ့ဆော်ရသည်။

ထိုသို့စေ့ဆော်မှုကို ရာထူးတိုးမြှင့်ခြင်း၊ အပေးအကမ်းပြုခြင်းဖြင့် ပြုလုပ်သည်။ အမြဲတမ်းဆက်သွယ်နားဖောက်ခြင်းဖြင့် ပြုလုပ်သည်။

(၄) ဆောင်ရွက်မှုကို တိုင်းတာရသည်။

ဆောင်ရွက်မှုကို ဆန်းစစ်ရသည်။ တန်ဖိုးဖြတ်ရသည်။ အနက်ဖတ်ရသည်။

BURMESE CLASSIC .com

www.burmeseclassic.com



(၅) လူကို ပြုစု ပျိုးထောင်ရသည်။

ကိုယ့်ကိုယ်တိုင်ကိုလည်း တိုးတက်အောင် ကြိုးစားရသည်။

## စီးပွားရေးလုပ်ငန်း၏ ပြဋ္ဌာန်းချက်

စီးပွားရေးလုပ်ငန်း၏ ပြဋ္ဌာန်းချက်သည် ဖောက်သည် ရရှိအောင် လုပ်ခြင်းဖြစ်သည်။ ဖောက်သည်သည် စီးပွားရေးလုပ်ငန်း၏ အုတ်မြစ်ဖြစ်၍ ဖောက်သည်သည် စီးပွားရေးလုပ်ငန်းကို တည်ရှိစေသည်။ အလုပ်အကိုင်ရရှိမှုသည် ဖောက်သည်ကြောင့်သာ ဖြစ်သည်။ ဖောက်သည်ကို အထောက်အပံ့ပြုရန်သာ လူ့အဖွဲ့အစည်းက သူ၏ အရင်းအမြစ်များကို စီးပွားရေးလုပ်ငန်းအား အပ်နှံခြင်း ဖြစ်သည်။

ဖောက်သည်အား ဝန်ဆောင်မှုသည် အမြတ်အစွန်းထက်ပို အရေးကြီးသည်ဟူသော အတွေးအခေါ်သည် စီမံခန့်ခွဲမှုကို လွှမ်းမိုးရမည်။ သို့သော် အမြတ်အစွန်းသည် ပန်းတိုင်မဟုတ်သော်လည်း နည်းလမ်းကိရိယာဖြစ်ကြောင်းတော့ သတိပြုရမည်။ စီးပွားရေးလုပ်ငန်းသည် လူ့အဖွဲ့အစည်း၏ ဝပြောစည်ပင်ဖို့ အိမ်ထောင်ထိန်းသာဖြစ်သည်။ ကောင်းသော

BURMESE CLASSIC .com

www.burmeseclassic.com



စီမံခန့်ခွဲမှုဟူသည် လူ့အဖွဲ့အပေါ် တာဝန်သိသော စီမံခန့်ခွဲမှုကို ခေါ်သည်။

## ရည်ရွယ်ချက်ချမှတ်ခြင်းဖြင့် စီမံခန့်ခွဲမှု

တစ်ယောက်စီ၏အားနှင့် တာဝန်ယူမှုကို အစွမ်းကုန် အသုံးချလျက် တစ်ပြိုင်နက် အသင်းအဖွဲ့ကို တည်ဆောက် နိုင်ရမည် ရှုထောင့်နှင့် ကြိုးပမ်းအားထုတ်မှု၏ လားရာကို အတူတူ ဖြစ်အောင်လုပ်ရမည်။ တသီးပုဂ္ဂလ၏ ပန်းတိုင်နှင့် အသင်းအဖွဲ့၏ ပန်းတိုင်သည် သပ္ပါယ ဖြစ်ရမည်။ အချီအငေါ်တည့်နေရမည်။ ထိုသို့ အချီအငေါ်တည့်ရန် လုပ်နိုင်သောနည်း တစ်နည်းသာ ရှိသည်။ ယင်းမှာ ရည်မှန်းချက် ချမှတ်ခြင်း ဖြစ်သည်။ အပြင်ဘက် သို့မဟုတ် အပေါ်မှ အထိန်းအကွပ်လုပ်ခြင်း၊ ချမှတ်ခြင်းမဟုတ်ဘဲ အတွင်းမှ ချမှတ်ခြင်း ဖြစ်ရမည်။ အတွင်းမှချမှတ်ခြင်းဖြစ်၍ ပို၍ တိကျ၊ ပို၍ အထိန်းအကွပ် ရှိသည်။ တစ်ယောက်ယောက်က ခိုင်းခြင်း၊ တစ်ယောက်ယောက်က အလိုရှိခြင်း မဟုတ်သောကြောင့် မန်နေဂျာကို ပို၍စိတ်အားတက်စေသည်။ သူက သူကိုယ်တိုင် ဆုံးဖြတ်ခြင်း ဖြစ်သည်။ သူက လွတ်လပ်သော လူတစ်ယောက်

BURMESE CLASSIC .com

www.burmeseclassic.com



အဖြစ်လုပ်ခြင်းဖြစ်သည်။ အလုပ်ယူနစ်တစ်ခုစီက ဘယ်လောက်လုပ်ကိုင်၊ ထုတ်လုပ်နိုင်မည်ကို မိမိကိုယ်တိုင် မိမိဆုံးဖြတ်သည်။ ၎င်းပြင် အခြားယူနစ်များကို သူတို့၏ ရည်မှန်းချက် ပေါက်မြောက်အောင် မည်မျှလောက် ကူညီဆောင်ရွက်ပေးနိုင်မည်ကိုလည်း ဆုံးဖြတ်ရမည်။

## အဆန်းအသစ်ထွင်ခြင်းနှင့်စွန့်ဦးတီထွင်သူများ

စွန့်ဦးတီထွင်သူများသည် စီမံခန့်ခွဲမှုကို တတ်ရမည်။ စီမံခန့်ခွဲမှုမတတ်လျှင် စွန့်ဦးတီထွင်သူသည် အောင်မြင်မှုမရနိုင်။

စီမံခန့်ခွဲသူသည်လည်း အဆန်းအသစ် ပြောင်းလဲခြင်းမလုပ်တတ်လျှင် ဗြူရိုကရက်ဖြစ်သွားမည့် အန္တရာယ်ရှိသည်။ အောင်မြင်စွာ စွန့်ထွင် စီးပွားရေးသမားများသည် စီမံခန့်ခွဲမှုအတွေ့အကြုံ ၅ နှစ် မှ ၁၀နှစ်ထိ ရှိကြသော သူများ ဖြစ်နေတတ်သည်။ စီမံခန့်ခွဲမှု အတွေ့အကြုံ မရှိလျှင် မြည်းတစ်ကောင်ကဲ့သို့ မိုက်မိုက်မဲမဲအမှားပြုမိကြသည်။

BURMESE CLASSIC .com

www.burmeseclassic.com



အက်ပဲလ်ကုမ္ပဏီကို စတင်တည်ထောင်၍ ၁၉၈၅ ခန့်က တစ်ရှိန်ထိုးတက်နေသော စွန့်ထွင်စီးပွားရေးသမား စတိပ်ဂျော့ကို ဒရပ်ကားက ထိုအချိန်ကတည်းကပင် စီမံခန့်ခွဲမှု၏ သာမန် အချက်အလက်များကို မသိ၍ မအောင်မြင်နိုင်ဟု အတပ်ဟောခဲ့သည်။ (ယခု အတွေ့အကြုံ ရှိလာပြီး နှာခေါင်းနှင့် ကျည်ပွေ့တွေ့ပြီးသူဖြစ်လာမှုပြန်၍ဦးမော့နိုင်သည်။)

တော်ပါပေရဲ့ ဟု အနှံ့အပြား ချီးမွမ်းခံရသော်လည်း တချို့သော စာတတ်များက ပီတာဒရပ်ကားအား လူအများကြိုက် စာရေးဆရာမျှသာ သဘောထားကြသည်။ တချို့ကမူ ထိုးထွင်း၍တော့ သိပါသည်။ သို့သော် နည်းနာနိဿယကို ပြောနိုင်သူမဟုတ်ဟု ဝေဖန်ကြသည်။ ဒရပ်ကားသည် အကောင်းချည်းတွေးသူ ယူတိုပီယန်ဆန်နေသည်။ ဒရပ်ကားပြောသော ကမ္ဘာလောကသည် မသိနားမလည်မှုမှတစ်ပါး မကောင်းဆိုးဝါး မရှိသော ကမ္ဘာလောကကြီး ဖြစ်နေသည်။

"ဟစ်တလာ အာဏာရတုန်းက နိုင်ငံရေး သတင်းထောက် လုပ်ခဲ့တဲ့သူတစ်ယောက်က အကောင်းချည်း တွေးသူ ဖြစ်နိုင်ပါ့မလား။ ကျွန်တော် ပထမဆုံး အတွေ့အကြုံက ၁၉၁၄ မှာ ပထမကမ္ဘာစစ်ကြီး ဖြစ်တဲ့ အတွေ့အကြုံ၊ ဒီအတွေ့အကြုံတွေက ကျွန်တော်ကို

www.burmeseclassic.com



## မန်နေဂျာ=တီးဝိုင်းခေါင်းဆောင်

အော်ခက်စထရာ တီးဝိုင်းကြီးသည် သတင်းခေတ် အဖွဲ့အစည်းများ၏ နမူနာဖြစ်သည်။ တီးဝိုင်း အဖွဲ့၏အလုပ်က တစ်ခုတည်း သို့သော် အထူးထူး အပြားပြား၊ စနစ်အလွန်ကျန သို့သော် ကွေးညွတ် ပြောင်းပြောင်းပြောင်း၊ ဖွဲ့စည်းထားပုံက အပြားလိုက် ဦးဆောင်သူ တစ်ယောက်သာ ရှိ၏။ သို့သော် ခေါင်းဆောင်တတ်လိုက်ပုံကတော့ အငယ်ဆုံး ဆိုတဲ့ အတီးသမားတောင် အသားကုန်အစွမ်းပြ နိုင်သည်။

ယူတိုပီယန်ဆန်အောင် လုပ်ပါ့မလား” ဟု ဒရပ်ကားက ပြန်ပြော ရှာသည်။ သူ ယခုအသက်ကိုးဆယ် ပြည့်တော့မည်။ သူပြောတာ တစ်ခုကတော့ စဉ်းစားသင့်သည်။ “လူ့အစည်းအလုံးတစ်ခု၏

BURMESE CLASSIC .com

www.burmeseclassic.com



အသက်ရှင်ရပ်တည်မှုသည် ထိုအဖွဲ့အစည်း၏ မန်နေဂျာများ၏တန်ဖိုး သဘောထား လုံလ ဉာဏ်ပညာနှင့် လက်စွမ်းလက်စအပေါ် မူတည်သည်” ဟူ၏။

မှတ်ချက်။ ။

Essential Drucker မှာ

(1) Practice of Management

(2) Management : Tasks & Responsibilities

(3) Innovation and Entrepreneurship

–သူကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိစာအုပ်က Adventures of a Bystander ဖြစ်တယ်။

BURMESE CLASSIC .com

www.burmeseclassic.com

# ပီတာဒရပ်ကား၏အရင်းရှင်လွန်ခေတ်

www.burmeseclassic.com



ယခုခေတ်ကြီးဟာ အရင်းရှင်ခေတ်ကို ကျော်လွန်ခဲ့ပြီးဖြစ်တဲ့ အရင်းရှင်လွန်ခေတ်ကြီးပါတဲ့။ တိုးတက်တဲ့နိုင်ငံတွေဟာ အရင်းရှင်ခေတ်ကနေ ရွေ့လာခဲ့တာ ဒုတိယကမ္ဘာစစ်ပြီးခါစကတည်းက စရွေ့ခဲ့တာတဲ့။ မက်စ်ဝါဒဟာ ဝါဒအနေနဲ့၊ ကွန်မြူနစ်စံနစ်ဟာ စံနစ်အနေနှင့် ဗုန်းဗုန်းလဲကျတဲ့အခါ ဒီအရွေ့ဟာ ထင်ရှားသိသာလာပါတယ်တဲ့။ ပီတာဒရပ်ကားက သူ့ရဲ့ အရင်းရှင်လွန်ခေတ် လူ့အဖွဲ့အစည်း (Post - capitalist society) မှာ ရေးထားပါတယ်။ အရင်းရှင်လွန်ခေတ် လူ့အဖွဲ့အစည်းဟာ ပညာလူအဖွဲ့အစည်းပဲဖြစ်ပါတယ်။ ယခု ဒီဆောင်းပါးဟာ ပီတာဒရပ်ကားရဲ့ အတွေးအခေါ်များကို ပြန်လည်ဖောက်သည်ချခြင်းပဲ ဖြစ်ပါတယ်။

အနှစ်နှစ်ရာ ကြာတိုင်း အနောက်နိုင်ငံတွေရဲ့ သမိုင်းမှာ ကြီးမားတဲ့အပြောင်းအလဲကြီးတစ်ခု တစ်ခု ဖြစ်လေ့ရှိတယ်။ အဲဒီအပြောင်းအလဲကြီးဖြစ်ပြီး နောက်နှစ် နှစ်ဆယ်၊ သုံးဆယ်အတွင်းမှာ လူ့အဖွဲ့အစည်းဟာ သူ့ကိုယ်ကို ပြန်လည်ပြုပြင်တယ်။ ပမာအားဖြင့် သူ့ရဲ့ ကမ္ဘာ့အမြင်၊ အခြေခံတန်ဖိုး၊ လူမှုရေးနှင့် နိုင်ငံရေး အဆောက်အအုံ၊ အနုပညာစတဲ့ အရေးကြီးတဲ့ အဖွဲ့အစည်းများကို ပြန်လည်ပြုပြင်တည်ဆောက်ရတယ်။ ဒီလိုနှင့် နှစ်ငါးဆယ်လောက် ကြာလာရင်တော့ ကမ္ဘာအသစ်ဖြစ်သွားပြီ။ အဲဒီချိန်ကျမှ မွေးတဲ့လူတွေ၊ သူတို့အဘိုး

BURMESE CLASSIC .com

www.burmeseclassic.com



အဘွားတွေနေခဲ့တဲ့ သူတို့အဖေအမေတွေ မွေးခဲ့တဲ့ ကမ္ဘာဟောင်းကို မစဉ်းစားနိုင်လောက်အောင် ပြောင်းသွားပြီ။

ဆယ့်သုံးရာစုမှာ အဲဒီလို ကြီးမားတဲ့ပြောင်းအလဲ တစ်ခါ ဖြစ်ခဲ့တယ်။ မြို့ပြအဖွဲ့အစည်း၊ ဂိုသစ်ဗိသုကာ၊ အရစ်စတိုတယ်၊ ဘုန်းကြီးကျောင်းတွေကို အစားထိုးခဲ့တဲ့ မြို့တက္ကသိုလ်များ၊ လက်တင်ဘာသာစကားကနေပြီး ဒေသန္တရဘာသာ စကားသို့ ကူးပြောင်းခြင်း၊ ဥရောပစာပေ ဖြစ်ထွန်းလာခြင်း စတဲ့ အပြောင်းအလဲတွေ ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။

နောက်အနှစ်နှစ်ရာကြာတဲ့အခါမှာ အပြောင်းအလဲကြီး တစ်ခါ ဖြစ်ပြန်ပါတယ်။ ၁၄၅၅ မှာ ဂူတင်ဘတ်ရဲ့ ပုံနှိပ်စက် ပေါ်လာတဲ့အခါ ဒီအပြောင်းအလဲကြီး စတင်ဖြစ်ပါတယ်။ ရီနေဆန် (Renaissance)ခေါ် အဟောင်းကို ပြန်လည်ဆန်းသစ်သောခေတ် ဖြစ်ပါတယ်။ ရှေးဟောင်းအနုပညာစာပေကို ပြန်တွေ့ရှိလေ့လာတာ အမေရိကတိုက်ကို တွေ့တာ၊ ပထမဆုံး အမြဲတမ်းစစ်တပ်ရယ်လို့ စပိန်မှာ စပေါ်လာတာ၊ ခန္ဓာဗေဒကို စတင်စူးစမ်းတာ၊ မာတင်လူသာရဲ့ ပရိုတက်စတင့် အသစ်ပြန်လည်ဖွဲ့စည်းမှု စတာတွေဟာ ၁၄၅၅ ကနေ ၁၅၂၀ အတွင်း အနှစ် ၆၀ တွင်းမှာ ဖြစ်ထွန်းခဲ့ပါတယ်။ သက္ကရာဇ် ၁၅၂၀ နောက်ပိုင်း မွေးတဲ့လူတွေ

www.burmeseclassic.com



သူ့ဘိုးအဘွားနေခဲ့တဲ့ ကမ္ဘာကို မစဉ်းစားနိုင်လောက်အောင် ပြောင်းလဲခဲ့ပါတယ်။

နောက်ထပ်အပြောင်းအလဲကြီးကတော့ သက္ကရာဇ် ၁၇၇၆ မှာ ဖြစ်ပါတယ်။ အမေရိကန်တော်လှန်ရေး၊ ဂျိမ်းဝတ်ရဲ့ ရေနွေးငွေ့အင်ဂျင်၊ အဒမ်စမစ်ရဲ့ "နိုင်ငံများရဲ့ဓနေ"၊ အဲဒါတွေဟာ အဲဒီ သက္ကရာဇ်မှာဖြစ်ခဲ့ပါတယ်။ အဲဒီနောက် အနှစ် ၄၀ အတွင်းမှာ အခု ကျွန်တော်တို့သိတဲ့ ဝါဒအားလုံး ပေါ်ပေါက်လာခဲ့တာပါ။ အရင်းရှင်ဝါဒ၊ ကွန်မြူနစ်ဝါဒ၊ စက်မှုတော်လှန်ရေး၊ အဲဒါတွေအားလုံး အဲဒီ ဆယ်စုနှစ်များမှာ ပေါ်ပေါက်ခဲ့ပါတယ်။ ခေတ်သစ်တက္ကသိုလ်ဟာ ဘာလင်မှာ ၁၈၀၉ ခုနှစ်၌ စပေါ်ပေါက်ပါတယ်။ ရှော့သ်ချိုင်းတွေဟာ ဘုရင်နဲ့ မင်းညီ မင်းသားတွေထက် တန်ခိုးထွားခဲ့တာ ၁၈၁၅ ခုနှစ်များမှာ ဖြစ်ပါတယ်။ ခေတ်သစ် ဥရောပယဉ်ကျေးမှုဆိုတာ ၁၇၄၀ – ၁၈၂၀ ပတ်ဝန်းကျင်မှာ ဖြစ်ခဲ့တာပါ။ သက္ကရာဇ် ၁၈၂၀ နောက်ပိုင်း မွေးတဲ့လူတွေဟာ သူ့အဘိုးအဘွားနေခဲ့တဲ့ ကမ္ဘာကို မမှတ်မိနိုင်လောက်အောင် ပြောင်းလဲခဲ့ပြန်ပါတယ်။

နောက်အနှစ် ၂၀၀ ကြာတဲ့အခါကတော့ ကျွန်တော်တို့ ခေတ်ပါ။ ဒီတစ်ခါလည်း အပြောင်းအလဲကြီးပါပဲ။ ဒီတစ်ခါ

www.burmeseclassic.com



အပြောင်းအလဲကတော့ အနောက်နိုင်ငံသမိုင်း၊ အနောက်နိုင်ငံယဉ်ကျေးမှု အပြောင်းအလဲ မဟုတ်ပါဘူး။ ကမ္ဘာ့သမိုင်း၊ ကမ္ဘာ့ယဉ်ကျေးမှုပြောင်းအလဲပါ။ ဒီအပြောင်းအလဲဟာ ၁၉၆၀ လောက်မှာ အနောက်မဟုတ်တဲ့ အခြားနိုင်ငံဖြစ်တဲ့ ဂျပန်က ကမ္ဘာ့စီးပွားရေးအင်အားကြီး နိုင်ငံ ဖြစ်လာတဲ့ အပြောင်းအလဲနှင့် စတင်သလား၊ ကွန်ပျူတာပေါ်လာလို့ သတင်းဟာ ဗဟိုချက် ဖြစ်လာတဲ့ အပြောင်းအလဲနဲ့ စတင်သလား။ ဝိဝါဒ မကွဲပြားပေမယ့် ကမ္ဘာကြီးမှာ အပြောင်းအလဲကြီးကတော့ ဖြစ်နေပါတယ်။ ကျွန်တော်တို့က ဒီပြောင်းအလဲကြီးရဲ့ အလယ်မှာ ရောက်နေပါတယ်။ သမိုင်းခြေရာအတိုင်း ကောက်ယူရင်တော့ ဒီအပြောင်းအလဲဟာ သက္ကရာဇ် ၂၀၁၀၊ ၂၀၂၀ မှာ ပြီးမယ်။ သက္ကရာဇ် ၁၉၉၀ မှာ မွေးတဲ့ကလေးအဖို့ သူ့အဘိုးအဘွားမွေးခဲ့တဲ့ ကမ္ဘာကို သူမသိနိုင်လောက်ဘူး။

တကယ်တော့ အရင်းရှင်လွန်ခေတ် (Post capitalist) ထဲကို အတော်ခရီးပေါက်ခဲ့ပြီးပါပြီ။ ပေါက်ခဲ့တဲ့ခရီးကို ပြန်ငဲ့ကြည့်ဖို့ တော်သင့်တဲ့နေရာကို ရောက်လာခဲ့ပါပြီ။ ဒီလို ပြန်ငဲ့ကြည့်တဲ့အခါ ဒီအရင်ကကြည့်ရင် မြင်ချင်မှ မြင်မယ့် အမြင်အသစ်ရတာတွေ ရှိပါတယ်။ အပြောင်းအလဲဟာ အတော်ခရီး ပေါက်ခဲ့သော်လည်း

www.burmeseclassic.com



ခရီးအဆုံးမှာ ဒီပြောင်းလဲတဲ့ ခေတ်ကြီးရဲ့ ပုံပန်းသဏ္ဌာန် ဘယ်လိုရှိမယ် ခန့်မှန်းခြင်းကတော့ ခက်ခဲနေပါသေးတယ်။ ဒီကနေ့ ရှိတဲ့ တန်ဖိုး၊ ယုံကြည်ချက်၊ လူမှုအဆောက်အအုံ၊ နိုင်ငံရေး သဘောတရားတွေ ပြောင်းလဲမှာ သေချာတယ်။ ယခုနှင့် မတူတော့လို့ ယေဘုယျ ပြောနိုင်ပေမယ့် အတိအကျအဖြေတွေက အနာဂတ်ရဲ့ ဗိုက်ထဲမှာပဲ ရှိနေသေးတယ်။ အခြေအမြစ်တွေက ပြောင်းလဲခဲ့ပြီးတဲ့အတွက် အဲဒီခေတ်ကြီးဟာ ဆိုရှယ်လစ်မဟုတ်တာနှင့် အရင်းရှင်လွန်ခေတ် (Non - socialist and post capitalist society) ဖြစ်မှာကတော့ သေချာတယ်။ အဲဒီခေတ်ကြီးမှာ ပညာသာ အဓိက ဖြစ်မှာကလည်း သေချာတယ်။ အသင်းအပင်းတွေက နေရာအများကြီး ယူထားတဲ့ လူ့အဖွဲ့အစည်း (Society of organizations) လည်း ဖြစ်မှာတဲ့၊ နိုင်ငံရေးကို ပြောရလျှင်တော့ နှစ် ၄၀၀ လောက် တွင်ကျယ်ခဲ့တဲ့ အချုပ်အခြာအာဏာပိုင် အမျိုးသား နိုင်ငံတော်ကနေ ဗဟုနိုင်ငံရေး စနစ်ကို ပြောင်းလဲမယ်။ အမျိုးသား နိုင်ငံတော် (Nation state) ဟာ ဗဟိုချက်မှာ ရှိမြဲရှိနေပေမယ့် အဲဒီနိုင်ငံတော်က နိုင်ငံတကာ (transnational) ဒေသန္တရ၊ လူမျိုးစုတွေလည်း အားကောင်းမယ့် နိုင်ငံရေးစနစ်ကြီးရဲ့ အစိတ်အပိုင်းသာ ဖြစ်တော့မယ်တဲ့။

www.burmeseclassic.com



## အရင်းရှင်လွန်ခေတ်လူ့အဖွဲ့အစည်း(Post capitalist society)

အရင်းရှင်လွန်ခေတ်လူ့အဖွဲ့အစည်းဟာ မက်စ်ဝါဒ လူ့အဖွဲ့အစည်း ဖြစ်မယ်လို့ ဟောကိန်းထုတ်ခဲ့ကြတယ်။ အခုတော့ မက်စ် လူ့အဖွဲ့အစည်းတော့ဖြင့် မဖြစ်တော့ဘူးလို့ ကျွန်တော်တို့ သိလိုက်ကြရပြီ။ သို့သော် လူ့အဖွဲ့အစည်းဟာ အရင်းရှင်လူ့အဖွဲ့အစည်းလည်း မဟုတ်တော့ပါ။ တိုးတက်ပြီးနိုင်ငံတွေမှာ စီးပွားရေးအလုပ်ကို ထိထိရောက်ရောက်လုပ်ဖို့အတွက် ဈေးကွက်က ကျန်မြဲ ကျန်နေပေမယ့် လူတန်းစားတွေကတော့ ပြောင်းသွားပြီ။

အရင်းရှင်လူ့အဖွဲ့အစည်းမှာ အဓိကလူတန်းစား ၂ရပ်သာ ရှိတယ်။ ကုန်ထုတ်အရင်းအနှီးတွေကို ပိုင်ဆိုင်တဲ့ အရင်းရှင်လူတန်းစားနှင့် အရင်းမဲ့ အလုပ်သမားလူတန်းစား ဖြစ်ပါတယ်။

မက်စ်ရဲ့ ခေါင်းပုံဖြတ်ခံ အရင်းမဲ့အလုပ်သမား လူတန်းစားဟာ "ထုတ်လုပ်နိုင်စွမ်းရည် တော်လှန်ရေး" (productivity revolution) ကြောင့် လူလတ်တန်းစားတွေအဖြစ် ပြောင်းလဲသွားပါတယ်။ ထုတ်လုပ်နိုင်စွမ်းရည်တော်လှန်ရေးက မက်စ်သေဆုံးတဲ့ ၁၈၈၃ ခုနှစ်ခန့်မှာပဲ စတင်ခဲ့ပါတယ်။ ၁၉၅၀ ပတ်ဝန်းကျင်မှာတော့ စက်မှုအလုပ်သမားဟာ ကျောမွဲမဟုတ်တော့ပါဘူး။ အလုပ်သမားတွေဟာ တိုးတက်တဲ့ နိုင်ငံတွေမှာ နိုင်ငံရေးရော၊ လူမှုရေးမှာပါ လွှမ်းမိုး

BURMESE CLASSIC .com

www.burmeseclassic.com



ချယ်လှယ်နိုင်သူတွေ ဖြစ်သွားပါတယ်။ တိုးတက်တဲ့နိုင်ငံတွေမှာပဲ ၁၉၅၀ နောက်ပိုင်းမှာ စီမံခန့်ခွဲမှုတော်လှန်ရေး (Management revolution) ကြောင့် ကော်လာပြာအလုပ်သမားတွေရဲ့ အရေအတွက် ရော ဩဇာပါ ကျဆင်းသွားပြီး သက္ကရာဇ် ၂၀၀၀ မှာ အလုပ်ကြမ်း အလုပ်သမား လူဦးရေဟာ အလုပ်အင်အားစုရဲ့ ခြောက်ပုံတစ်ပုံလောက်ပဲ ရှိတော့မှာ ဖြစ်ပါတယ်။

အရင်းရှင်လုပ်ငန်းစားမှာလည်း အပြောင်းအလဲတွေ ဖြစ်ခဲ့ ပါတယ်။ အရင်းရှင်လုပ်ငန်းစား ထိပ်ဆုံးကိုရောက်တဲ့အချိန်ဟာ ပထမကမ္ဘာစစ်ပတ်ဝန်းကျင်မှာပဲ ဖြစ်ပါတယ်။ အဲဒီအချိန်မှာပဲ အမေရိကန်မှာ မော်ဂန်၊ ရော့ကာဖဲလား၊ ကာနက်ဂျီ၊ ဖို့ဒ် စတဲ့ အရင်းရှင်ကြီးတွေ ဂျာမနီမှာ ဆီးမင်း၊ ခရုပ်စတဲ့သူတွေ၊ အင်္ဂလန်မှာ လီဗား၊ ဗစ်ကားစသူတွေ ဂျပန်မှာတော့ မစ်ဆူဘီရှီ၊ ဆူမီတိုမို စတဲ့ ဇိုင်ဘတ်စုတွေ ပေါ်ခဲ့တာပါ။ ဒုတိယကမ္ဘာစစ်ပြီးတဲ့အခါမှာတော့ သူတို့နေရာကို မန်နေဂျာပညာသည် (Professional Managers) တွေနဲ့ လဲပစ်ခဲ့ကြတယ်။ “စီမံခန့်ခွဲမှုတော်လှန်ရေး” ကြောင့် အဲဒီ အရင်းရှင်ကြီးတွေဟာ ချမ်းသာသေးပေမယ့် စီမံခန့်ခွဲမှုနေရာတွေ မှာတော့ မရှိတော့ဘဲ ကျော်ကြားသူများ (celebrities) သာ ဖြစ်သွားတယ်။ အမေရိကန်လိုနိုင်ငံတွေမှာ ပင်စင်ငွေတွေကသာ

BURMESE CLASSIC .com

www.burmeseclassic.com



ကုမ္ပဏီကြီးတွေရဲ့ အရင်းအနှီးအဖြစ် ပြောင်းလဲသွားတယ်။ ဒီပင်စင်ငွေတွေဟာ အလုပ်သမားတွေ (Employees) ရဲ့ ပိုင်ဆိုင်မှုတွေသာ ဖြစ်ပါတယ်။ မက်စ် အဓိပ္ပါယ်သတ်မှတ်သလို ကုန်ထုတ်အရင်းအနှီးကို အလုပ်သမားတွေ ပိုင်ဆိုင်တာကို ဆိုရှယ်လစ်စနစ်လို့ ဆိုရင် အမေရိကန်ပြည်ထောင်စုကို အရင်းရှင်နိုင်ငံကြီးသာမက ဆိုရှယ်လစ်နိုင်ငံကြီးလည်း ဖြစ်တယ်လို့ ပြောရမလိုပါ။

တိုးတက်ပြီးနိုင်ငံတွေမှာ ကုန်ထုတ်အင်အားစုကလည်း ငွေကြေး၊ မြေယာ၊ လုပ်အား (Capital, land, labor) မဟုတ်တော့ဘဲ ပညာဖြစ်သွားတယ်။ လူတန်းစားဟာလည်း အရင်းရှင်အရင်းမဲ့ လူတန်းစား ၂ ရပ် မဟုတ်တော့ပါ။ ပညာအလုပ်သမားနှင့် ဝန်ဆောင် အလုပ်သမား (Knowledge Workers and Service Workers) အတန်းအစား ၂ ရပ် ဖြစ်သွားပါပြီ။

## ပညာအဖွဲ့အစည်းသို့ အပြောင်းအရွှေ့

ကွန်မြူနစ်အစိုးရတွေ ပြိုကျသွားတဲ့ ၁၉၈၉ မှာ သမိုင်း၏ နိဂုံးဆိုပြီး ဆောင်းပါးတစ်ပုဒ် ထွက်လာတယ်။ တကယ်ကတော့ သမိုင်းအမျိုးအစားတစ်ခုရဲ့နိဂုံး (End of one kind of History)

BURMESE CLASSIC .com

www.burmeseclassic.com



သာ ဖြစ်ပါတယ်။ နှစ်ပေါင်း ၂၅၀ အရင်းရှင်စနစ်က လွှမ်းမိုးခဲ့တယ်။ မာက်စ် ဝါဒလွှမ်းမိုးခဲ့တာကတော့ လွန်ခဲ့တဲ့ နှစ်တစ်ရာ ယခုတော့ သူတို့စနစ်နှစ်ခုလုံးကို ပညာအဖွဲ့အစည်းက အစားထိုး နေရာယူနေပါပြီ။

ဒီလူ့အဖွဲ့အစည်းဟာ အရင်းရှင်ဆန့်ကျင် (Anti - capitalist) အဖွဲ့အစည်းမဟုတ်ပါ။ အရင်းရှင်စနစ်ရဲ့ဈေးကွက်၊ ဘဏ်စတဲ့ အဆောက်အအုံတွေ ရှိနေဦးမှာဖြစ်ပါတယ်။ ကုန်ထုတ် အရင်းအနှီးတွေကတော့ အရင်းရှင်စနစ်ရဲ့ ငွေ၊ မြေနှင့်လုပ်အား မဟုတ်တော့ဘဲ ပညာဖြစ်သွားပါတယ်။ ၁၉ ရာစုနှင့် ၂၀ ရာစု ဘောဂဗေဒ သီဝရီတွေအရ ခနကိုဖြစ်စေတာဟာ မြေယာ၊ လုပ်အားတွေ ဖြစ်သော်လည်း ယခုခေတ်မှာ ခနကိုဖြစ်စေတာဟာ ထုတ်လုပ်နိုင်စွမ်းနှင့် တီထွင်နိုင်စွမ်း (Productivity and innovation) သာ ဖြစ်ပါတယ်။ ဒါတွေကို ပညာသားပါပါ အလုပ်လုပ်ခြင်း၊ (Application of knowledge to work) လို့ပြောရင်ရပါတယ်။

ပညာအလုပ်သမားတွေကတော့ ဒီပညာအဖွဲ့အစည်းကြီးကို ဦးဆောင်ပြီး ထုတ်လုပ်မှုတိုးအောင် ပညာဗဟုသုတကို အသုံးချနေကြပြီ။ အရင်းရှင်က အရင်းကို ဘယ်လိုနေရာမှာ အသုံးချရမယ်ဆိုတာ သိသလို ပညာအလုပ်သမားကလည်း ပညာကို ဘယ်လိုသုံးရမယ်ဆိုတာ

BURMESE CLASSIC .com

www.burmeseclassic.com



သိရပါတယ်။ ပညာအလုပ်သမားနှင့်အရင်းရှင်ခေတ်အလုပ်သမားနှင့် ကွာခြားတာက ပညာအလုပ်သမားဟာ ကုန်ထုတ်အရင်းအနှီးနဲ့ ကုန်ထုတ် ကိရိယာကို ပိုင်တယ်။ အရင်းရှင်လွန်ခေတ်မှာ အခြား လူတန်းစားတစ်ရပ်ကတော့ ဝန်ဆောင်မှုအလုပ်သမားတွေပါ။ ဝန်ဆောင်မှု အလုပ်သမားတွေကတော့ ပညာအလုပ်သမားလို ပညာ သိပ်မတတ်ပါ။ သူတို့က လူအများစု ဖြစ်နေပါလိမ့်မယ်။ လူမှုရေး ပြဿနာဖြစ်လျှင် သူတို့ကြောင့်ဖြစ်မယ်တဲ့။ ပညာတတ်နှင့် မန်နေဂျာ ၂ ပိုင်းကွဲတဲ့ ပြဿနာလည်း ရှိနိုင်တယ်။ ပညာတတ်ဟာ စကားလုံးနှင့် အကြံဉာဏ်နဲ့ စပ်လျဉ်းပြီး မန်နေဂျာက မှုနှင့်လုပ်ငန်းနှင့် စပ်လျဉ်း ရတယ်။ ပညာတတ်နဲ့ မန်နေဂျာ ၂ ပိုင်းကွဲတာကို ဘယ်လို သမ္မာရပြု မလဲလို့ စဉ်းစားတာဟာ ပညာရေးရာ၊ ဒဿနရေးရာ ဖြေရှင်းရမှုတစ်ခု ဖြစ်လိမ့်မယ်။

## အမျိုးသားနိုင်ငံ (Nation State)

ဒုတိယကမ္ဘာစစ်ပြီးတော့ ကိုလိုနီအင်ပါယာတွေ ကနေ နိုင်ငံသစ် ၂၀၀ ဖြစ်ပေါ်လာခဲ့တယ်။ ဥပဒေ၊ တရားရုံး၊ သံတမန် နှင့်၊ စစ်တပ်၊ ဝန်ကြီးအဖွဲ့ စတာတွေဟာ အမျိုးသားနိုင်ငံဆိုတဲ့ အဆောက်အအုံကြီးရဲ့ အစိတ်အပိုင်းတွေ ဖြစ်တယ်။ ၁၉၉၀မှာ

www.burmeseclassic.com



ဆိုဗီယက်အင်ပါယာ ပြိုကွဲတော့လည်း ပြိုကွဲတဲ့အပိုင်းတွေဟာ အဲလို အမျိုးသားနိုင်ငံတွေဖြစ်ဖို့ ရည်ရွယ်ကြတယ်။

တိုးတက်ပြီးတဲ့ နိုင်ငံတွေကတော့ အသင်းအပင်းတွေနဲ့ ဖွဲ့ထားတဲ့ ဗဟုလူ့အဖွဲ့အစည်းကြီး ဖြစ်နေပြီ။ အချို့အသင်းအဖွဲ့တွေက နိုင်ငံတော်ကို ကျော်ပြီး "နိုင်ငံတကာ" လုပ်နေကိုင်နေတယ်။ ဥရောပဘုံဖွဲ့ဟာ အမျိုးသားနိုင်ငံတော်ရဲ့ဘောင်ကို ကျော်လွန်ပါတယ်။ အမျိုးသားနိုင်ငံတော်ရဲ့ တန်ခိုးအာဏာဟာ အရင်ကထက်တော့ လျော့သွားပြီလို့ ပြောနေကြပါတယ်။

## တတိယကမ္ဘာ (Third World)

"အရင်းရှင်ခေတ်လွန် လူ့အဖွဲ့အစည်း" ဟာ တိုးတက်ပြီးနိုင်ငံတွေဖြစ်တဲ့ ဥရောပ၊ အမေရိက၊ ကနေဒါ၊ ဂျပန်စတဲ့ နိုင်ငံတွေနဲ့ အာရှတိုက်က တိုးတက်စနိုင်ငံတွေမှာ ဖြစ်နေတဲ့ အဖြစ်သနစ် တွေကို ဖော်ပြနေခြင်းဖြစ်ပါတယ်။ တတိယကမ္ဘာအကြောင်းလည်း ပြောပါ့မယ်။ တတိယကမ္ဘာအကြောင်းက မပြောလို့မဖြစ်ပါ။ ကမ္ဘာ့လူဦးရေရဲ့သုံးပုံ နှစ်ပုံက တတိယကမ္ဘာမှာ နေတာပါ။ တတိယကမ္ဘာက နိုင်ငံတွေမှာလည်း လာမယ့် အနှစ် နှစ်ဆယ်၊ သုံးဆယ်အတွင်းမှာ ဩချရမယ့် စီးပွားရေးတိုးတက်မှု (Economic miracles) တွေ ဖြစ်နိုင်ပါတယ်။

BURMESE CLASSIC .com

www.burmeseclassic.com



တရုတ်ပြည်ကြီးရဲ့ တီယန်ဆင်ကနေ ကန်တုန်အထိ ပင်လယ်ကမ်းခြေဒေသတွေမှာ စီးပွားရေးတိုးတက်မှုအတွက် လိုအပ်တဲ့ အချက်အလက်တွေ အကုန်ပြည့်စုံနေပါတယ်။ ကြီးမားတဲ့ဈေးကွက်၊ ပညာဆည်းပူးဖို့ စိတ်အားထက်သန်လှတဲ့ ပညာတတ်များ၊ စွန့်စွန့်စားစားလုပ်ချင်တဲ့ ဓလေ့ထုံးစံ၊ စင်္ကာပူ၊ ဟောင်ကောင်၊ ထိုင်ဝမ်စတဲ့ နိုင်ငံတွေက ပင်လယ်ရပ်ခြား တရုတ်အမျိုးသားနှင့် အဆက်အသွယ်၊ အဲဒီ အဆက်အသွယ်ကြောင့် ငွေ၊ ပညာ၊ ကုန်ထုတ်မှုကွန်ရက်ကို လွယ်လွယ်ကူကူ ရနိုင်ခြင်း စသည်ဖြင့် အကုန်ပြည့်စုံနေပါပြီ။ လက်တင်အမေရိက နိုင်ငံတွေထဲက မက္ကဆီကို၊ ဘရာဇီး၊ အရင်ကွန်မြူနစ်နိုင်ငံများဖြစ်တဲ့ အရှေ့ဥရောပက နိုင်ငံများ၊ ဒီနိုင်ငံတွေမှာ ဩချရမယ့် စီးပွားတိုးတက်ဖြစ်ထွန်းဖို့ အချက်အလက်တွေ တော်တော်ရှိနေပါတယ်။ အဲဒီနိုင်ငံတွေ ဖြုန်းခနဲ စီးပွား အင်အားရှိနိုင်ငံတွေဖြစ်လာတယ်ဆိုရင် အံ့ဩစရာအကြောင်း သိပ်မရှိပါ။

## ပစ္စုပ္ပန်လား၊ အနာဂတ်လား

အရင်းရှင်လွန်ခေတ် လူ့အဖွဲ့အစည်းဟာ အနာဂတ် ကိစ္စမဟုတ်ပါ။ ပီတာဒရပ်ကားက ပစ္စုပ္ပန်ကိစ္စတဲ့၊ သူရေးနေတာဟာ ပစ္စုပ္ပန်ကို ဆန်းစစ်ချက်ပါလို့ ပြောတယ်။ သူပြောတာတွေ တိုးတက်တဲ့

BURMESE CLASSIC .com

www.burmeseclassic.com



နိုင်ငံတွေမှာ ရှိပေမယ့် ကျွန်တော်တို့မှာ မရှိသေးတာတော့ သေချာပါတယ်။ ပင်စင်ငွေတို့၊ မန်နေဂျာ ပညာသည်တို့၊ စက်ရုံကြီးတွေနှင့် စက်ရုံအလုပ်သမားတွေ၊ ပညာအလုပ်သမားတွေ ဒါတွေဟာ ကျွန်တော်တို့အတွက် စိမ်းနေတဲ့အရာတွေပါ။ အစိမ်းကို ဉာဏ်ဗဟုသုတ အားဖြင့်တော့ အကျက်ဖြစ်အောင် လုပ်သင့်ပါသလား။ အကြံပေးသူတချို့က ကျွန်တော်တို့ ရောက်သည်ဖြစ်စေ၊ မရောက်သည် ဖြစ်စေ၊ သိတာမကောင်းဘူးလားလို့ ပြောပါတယ်။

ကျွန်တော်တို့ ခေတ်ဟာ "ကြားခေတ်ကာလ"ပါ။ ဒီကြားကာလကို ဖွံ့ဖြိုးပြီးနိုင်ငံတွေက ဘယ်လိုရင်ဆိုင်မလဲ။ ဉာဏ်အမြော်အမြင်ခေါင်းဆောင်တွေ၊ စီးပွားရေးခေါင်းဆောင်၊ နိုင်ငံရေးခေါင်းဆောင်တွေအပြင် အဲဒီနိုင်ငံတွေက လူတွေကလည်း ပါဝင်ရင်ဆိုင်ရမှာ ဖြစ်ပါတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံဖြစ်စေ၊ မဖွံ့ဖြိုးသေးတဲ့နိုင်ငံဖြစ်စေ၊ လူတိုင်းလူတိုင်း ပါဝင်ရင်ဆိုင်ရမှာလည်း ဖြစ်ပါတယ်။

စာကိုး ... Post-capitalist sociey; P.F Drucker

BURMESE CLASSIC .com

www.burmeseclassic.com




ချားလ်ဟန်ဒီ

BURMESE CLASSIC .com

www.burmeseclassic.com

# ချားလ်ဟန်ဒီ

(အင်္ဂလန်က အတွေးသမား)

www.burmeseclassic.com



"ကျွန်တော်အလုပ်က အတွေးအလုပ်ဆိုတော့ ၁၀နှစ် လောက် စောတတ်တယ်၊ ဒါနဲ့ပဲ လူအများက ဒီလူ တော်တော် မိုက်တယ်လို့ အပြောခံရတယ်။" အဲလိုပြောတဲ့ ကျွန်တော့်ချားလ် ဟာ ဒိုင်ယာရဲ့ချားလ် မဟုတ်ပါ။ ဒိုင်ယာနာရဲ့ ချားလ်ကို ကျွန်တော် စိတ်မဝင်စားပါ။ အင်္ဂလန်က ဝေလမင်းသားဟာ ကျွန်တော်နဲ့ ဘာမှမသက်ဆိုင်ပါ။ မင်းသားဖြစ်ခြင်းကလည်း ကျွန်တော့်ကို စိတ်မဝင်စားစေပါ။ ပညာရှိဖြစ်ခြင်းကတော့ ကျွန်တော့်ကို စိတ်ဝင်စားစေပါတယ်။ ဒါကြောင့် ချားလ်ဟန်ဒီကို စိတ်ဝင်စားပါတယ်။ ချားလ်ဟန်ဒီက ပညာရှိပါ၊ ဂုရုကြီးပါ၊ အတွေး ကြီးကြီးတွေးတတ်သူပါ၊ သူလို အတွေးကြီးကြီး တွေးတဲ့သူတွေဟာ အနာဂတ်ကိုလည်း တွေးတတ်ပါတယ်။

၁၉၈၀ မှာ ကတည်းက သက္ကရာဇ် ၂၀၀၀ ရောက်လျှင် အလုပ်သမားဦးရေ တစ်ဝက်လောက်ဟာ ရှိတဲ့အလုပ်ရဲ့ အပြင်ဘက် ကို ရောက်သွားမယ်လို့ သူက ဟောကိန်းထုတ်တယ်။ သူပြောတာ မှန်နေတယ်။ အမေရိကန်အလုပ်သမားဦးရေရဲ့ ၃၅ ရာခိုင်နှုန်းလောက် ဥရောပမှာ ၅၀ ရာခိုင်နှုန်းလောက်ဟာ အလုပ်မဲ့ သို့မဟုတ် အချိန်ပိုင်း အလုပ်သမား သို့မဟုတ် ယာယီအလုပ်သမား ဖြစ်ကုန်ကြပြီ။

BURMESE CLASSIC .com

www.burmeseclassic.com



သူပြောတာတော်တော်များများ မှန်နေတယ်လို့ ဗြိတိသျှရေနံ (BP)ကုမ္ပဏီက အိုဝင်က ပြောတယ်။ ရှဲလ်က ဒုတိယဥက္ကဋ္ဌကလည်း ချားလ်ဟန်ဒီဟာ ပကတိဉာဏ် အင်မတန် ကြီးမားတဲ့သူ၊ ထိုးထွင်းဉာဏ်ကလည်း သိပ်ကောင်းတယ်လို့ ပြောတယ်။

သူ ဒါဇင်ဝင်လောက် စာအုပ်တွေရေးခဲ့တယ်။ "ယုတ္တိမကျတဲ့ ကာလကြီး" နဲ့ "ဝိရောဓိများတဲ့ခေတ်" ၂အုပ်က ရောင်းအကောင်းဆုံး စာအုပ်တွေ၊ ("ယုတ္တိမကျတဲ့ ကာလကြီး" ထဲက မုံ့ကတိုးနမူနာနဲ့ မျဉ်းကွေးတစ်ခုကို ကျွန်တော် ငှားယူပြီး တင်ပြခဲ့ဖူးပါတယ်။) တိုးတက်တယ်ဆိုတိုင်း ကောင်းရောလား။ ပြန်၍ဖွဲ့စည်းခြင်း (Reengineering) ဆိုတာလည်း သိပ်မဟန်လှဘူး၊ အလုပ်စွမ်းရည်ရဖို့ အလုပ်သမားလျှော့ပစ်လျှင် (နည်းနည်းနဲ့ များများရအောင်လုပ်တာကို အလုပ်စွမ်းရည် Efficiency လို့ခေါ်တယ်) ကောင်းသလား၊ အငြိမ်းစားယူခြင်း ဆိုတာရှိသင့်သလား၊ ပညာရေးကို ပြန်လည်တီထွင်ခြင်း စတဲ့ အကြောင်းအရာများကို ရေးထားပါတယ်။ သူက အသက် ၃၀တွင်းမှာ ရှဲလ်မှာ အလုပ်လုပ်တယ်။ ၄၀တွင်းမှာ လန်ဒန်စီးပွားရေးကျောင်း (LBS) မှာ ပါမောက္ခ၊ ယခုသူ့အသက်က ၆၅နှစ်၊ တစ်နှစ် တစ်နှစ်မှာ

BURMESE CLASSIC .com

www.burmeseclassic.com



တွေးခြင်း ရေးခြင်းအတွက် ၆ လ အချိန်ယူတယ်။ အတိုင်ပင်ခံ တစ်ခါ လုပ်လျှင် ဒေါ်လာ သောင်းငါးထောင်ကနေ သုံးသောင်းခွဲ လောက် ရပေမယ့် ကော်ပိုရေးရှင်းတွေရဲ့ အတိုင်ပင်ခံအလုပ်ကို တစ်နှစ်မှာ ၁၀ခါ လောက်သာ လုပ်တယ်။ "စားလောက်ရုံ လှူ လောက်ရုံလောက် တော်ပါပြီ အတိုင်ပင်ခံအလုပ်က အတွေးသမား အလုပ်ကို လာဘ်ပေးပြီး ဖျက်ဆီးသလို လုပ်တာ။ အလုပ် မခံနိုင်ဘူး၊ ကိုယ့်အတွေးအကြံကို ရောင်းရတာ ကိုယ့်ကိုယ်ကိုယ် ရောင်း သလိုပဲ" လို့ ပြောတယ်။

အတိုင်ပင်ခံအလုပ်ကို တယ်နှစ်ခြိုက်လှပုံ မပေါ်ဘူး။ သူ့ဆီကို အကြံဥာဏ်တောင်းတဲ့ ကော်ပိုရေးရှင်းတွေ၊ ကုမ္ပဏီ တွေကို စည်းမျဉ်းစည်းကမ်း အရင်ပြောပြီး အဲဒီစည်းမျဉ်း လိုက်နာမှ သူက လုပ်တယ်။ ပထမစည်းကမ်းက သူ့ဖောက်သည်ဟာ သူ့စာအုပ် တွေကို ဖတ်ဖို့ သဘောတူရတယ်။ ဒုတိယအနေနဲ့ လန်ဒန် ဆင်ခြေဖုံးက သူ့ဧည့်ခန်းမှာလာပြီး သူ့ကုမ္ပဏီအကြောင်း ပြောရ တယ်။ ထုံးစံက အတိုင်ပင်ခံတွေက ကုမ္ပဏီဌာနချုပ် ရုံးခန်း ရှိရာကို သွားပြီးကြည့်ရ ရှုရတာ။ ဟန်ဒီကတော့ ကိုယ့်ဟာကိုယ် နောက်မှ ကြည့်တော့မယ်၊ ခု သူတို့မြင်သလို မြင်ကြည့်ရအုံးမယ်တဲ့။

www.burmeseclassic.com




## မျဉ်းကွေး



ပုံ(၁)

မျဉ်းကွေးသည် ဗြိတိသျှနေမဝင်အင်ပါယာ၊ ရုရှားအင်ပါယာနှင့် အားလုံးသော အင်ပါယာများအကြောင်း ဖြစ်သည်။

- ကော်ပိုရေးရှင်းကြီးများ အကြောင်းလည်း ဖြစ်သည်။
- အချစ်၏ လမ်းကြောင်းနှင့် ယင်း၏ ပျက်သုဉ်းခြင်းလည်း ဖြစ်သည်။
- အတက်၊ ခဏနေပြီးလျှင် အပျက်၊ အကျအရှုံး။




ပုံ(၂)

BURMESE CLASSIC .com

www.burmeseclassic.com



- အတက်...အဆင်ပြေချိန်တွင် ဘဝင်မမြင့်၊ အပြောင်းအလဲ လုပ်နိုင်လျှင် နောက်မျဉ်းကွေးအသစ် တစ်ခုဖန်နိုင်သည်။ အပြောင်းအလဲဆိုသည်မှာ ကိုယ်တစ်ဦးတည်း ပြောင်းခြင်းနှင့် လူ့အဖွဲ့အစည်းကြီး ပြောင်းခြင်းနှစ်ခုစလုံး အကြုံးဝင်သည်။
- မျဉ်းသားထားသော ဧရိယာမှာ "အပြောင်းအလဲ"ဖြစ်နေသောအချိန်၊ ဝိုးဝါး မပီမပြင်၊ သူ့လူ ကိုယ့်လူ မကွဲပြား စိတ်ကူးများ မပြတ်သားသော အချိန်။

သူ့အတိုင်ပင်ခံလုပ်ပုံက ဆိုကရေးတီးရဲ့နည်း လိုပဲ မေးခွန်းထုတ်ခြင်းအားဖြင့် သူ့ကိုယ်တိုင် မြင်လာအောင် လုပ်တာ။ ဆိုကရေးတီး နည်းကတ္တာပြီးတဲ့အခါမှာမှ ကုမ္ပဏီရဲ့ အလုပ်သမားတွေနဲ့ တွေ့တယ်၊ ပြောဟောတယ်၊ အကြံပေးတယ်။ ချားလ်ရဲ့ စိတ်ကူး အချို့ကို အောက်မှာကြည့်ပါ။

- ဖောက်သည် မျက်နှာကိုကြည့်၊ ဘောစ့်ကို မကြည့်နဲ့။
- ဥရောပဟာ ၅နှစ်ကြာရင် ပေါင်းစည်းသွားမယ်။
- ကုမ္ပဏီတွေ့ရဲ့ ပင်စင်လစာကို နောက်ဆယ်စုနှစ်မှာ မမျှော်လင့်နဲ့။

BURMESE CLASSIC .com

www.burmeseclassic.com



- ပရိုဂျက်ကို ပထမ သစ္စာရှိ၊ လုပ်ငန်းကို ဒုတိယ သစ္စာရှိ၊ ဌာနကို တတိယ သစ္စာရှိ။
- ၁၀နှစ်ကြာရင် ပညာသင်ကြားခြင်းဟာ ကျောင်းခန်း ပြင်ပ ရောက်မယ်။

သူ့ထံကို ဆီလီကွန် တောင်ကြားက ကုမ္ပဏီလေးတွေ၊ အာသာ အန်ဒါဆင်တို့လို၊ ဗြိတိသျှရေနံတို့လို ကုမ္ပဏီကြီးတွေက လာပြီး တိုင်ပင်ကြတယ်။ ရတဲ့ငွေကို လူမှုရေး အသင်းအဖွဲ့တွေကို ပြန်လှူပစ်တယ်။ "ကျွန်မတို့က သူဌေးဆီက ယူပြီး ဆင်းရဲသားတွေကို ပြန်လှူပစ်တယ်။ ကိုယ့်အတွက် လောက်ငရုံလေးတော့ ချန်ထားပါတယ်" လို့ ချားလ်ရဲ့ ဇနီး အယ်လီဇဘက်က ပြောပြတယ်။

ချားလ်က "အနာဂတ် အောင်မြင်ရေး အုပ်ချုပ်နည်း ၅ခု" "စိတ်ဓာတ်မြှင့်တင်ရေးလမ်းကိုးသွယ်" စသည့်ဖြင့် ထမင်းချက် ဟင်းချက်နည်းအမျိုးမျိုး စာအုပ်မျိုး အကြံဉာဏ်ပေးလေ့ မရှိဘူး။ ဒါမျိုးကိုလည်း သူက မယုံဘူး၊ အဓိပ္ပါယ်မရှိဘူးလို့ ထင်တယ်။ ဟင်းချက်နည်းအမျိုးမျိုး ချဉ်းကပ်နည်းက ဘဝအတွက် အသုံးကျလှတဲ့ ဆည်းကပ်နည်း မဟုတ်ပါဘူး။ လောက လူ့ကမ္ဘာက ဒီလို လုပ်လို့ မရဘူး။ တသမတ်တည်း မဟုတ်ဘူး။ ကိုယ့်အတွက် ကိုယ့်နည်း တသီးတခြား ဖန်တီးရမယ်လို့ ယူဆတယ်။

BURMESE CLASSIC .com

www.burmeseclassic.com



လာတိုင်ပင်တဲ့သူဟာ ချားလ်နဲ့စကားပြောရင်း၊ ချားလ်ရဲ့ ဇနီး အယ်လီဇဘက် ချုပ်ထားတဲ့ ခန်းဆီးနားက ထိုင်ခုံမှာ ထိုင်ရင်းက ဘာလုပ်ရမယ်လို့ သိလာသတဲ့။ 'ချားလ်က ခင်ဗျားကို ယုံကြည်မှုတွေ မွေးပေးတယ်' လို့ ဂင်းနက်(စ်)ကော်ပိုရေးရှင်းရဲ့ ဒုတိယ ဥက္ကဋ္ဌက ပြောတယ်။

ချားလ်ရဲ့အိမ်က ၁၉ရာစုက တိုက်ခန်းမျိုး၊ ခမ်းခမ်းနားနား မရှိပါဘူး။ သူနဲ့သူ့မိန်းမပဲ ရှိတယ်။ စာအုပ်စင်တွေပဲ ရှိတယ်။ ပန်းချီကားကလဲ အဲဒီဒေသက နာမည်သိပ်မကြီးတဲ့ ပန်းချီဆရာတွေ ဆွဲတဲ့ ကားတွေ။ တစ်ပုလင်းကို တစ်ဒေါ်လာသာ ပေးရတဲ့ ဝိုင်အရက်နဲ့ ဧည့်ခံလေ့ရှိတယ်။ နာမည်ကြီးလှတဲ့ "အင်္ဂလန်ရဲ့ သားကောင်း" ပါမောက္ခကြီးက သူ့ရဲ့ အသက်နှစ်ဆယ်ကျော် သားနဲ့သမီးအကြောင်းကို အဖိုးအဖွားက မြေးတွေအကြောင်း ပြောနေသလိုလည်း ပြောတတ်တယ်။ ပြောရင်း ပြောရင်း ဒီ ပါမောက္ခကြီးနဲ့ တွေ့ရတာ ကိုယ့်ဆရာအရင်းနဲ့ တွေ့သလို ခံစားလာရတတ်တယ်။

"ယခု ဖြစ်ပျက်နေတာတွေက သက္ကရာဇ် ၁၄၀၀ တုန်းက ပုံနှိပ်စက်ပေါ်ခါစအချိန်တုန်းက ဖြစ်တာတွေနဲ့ အတော်

www.burmeseclassic.com



## ပြန်လည်ဖွဲ့စည်းခြင်း (Reengineering)


ပြန်လည်ဖွဲ့စည်းခြင်းဆိုပြီး အရှုပ်ငယ်အောင် လုပ်ပစ်နေကြတယ်။ ပြန်လည်ဖွဲ့စည်းတယ် ဆိုတာ ရုတ်တရက် လုပ်လို့ရတဲ့ အလုပ်မဟုတ်။ "ရလဒ်-ရလဒ်" ဆိုပြီး အော်နေကြတယ်။ လူတွေ၌ အရင်း မမြှုပ်ရင် ဘာရလဒ်မှ မရနိုင်။ ကျွန်တော် ပါမောက္ခ လုပ်တဲ့အခါ တစ်ပတ်မှာတစ်ရက် သုတေသန လုပ်တယ်။ ကျွန်တော့်အချိန်ရဲ့ ၂၀ ရာနှုန်းကို သုံးတယ်။ ခုထိ ကျွန်တော် အဲဒီအတိုင်း အချိန်ကို သုံးဆဲ။ ကုမ္ပဏီ တွေက ၁၀ ရာနှုန်းလောက် သုံးသင့်တယ်။ ကုမ္ပဏီက ခင်ဗျားကို အချိန်မပေးရင် ကိုယ့်ဟာကိုယ်ရှာ၊ တတ်စရာ နောက်တစ်ခုတတ်အောင် လုပ်မယ်လို့ ကြိုးစားပါ။ သတိပေးချင်တာကတော့ မျက်လှည့်လို ရုတ်တရက် ရလဒ်မျိုး မမျှော်လင့်နဲ့။ တစ်ထစ်ပြီးတစ်ထစ် ကိုယ့်ဟာကိုယ် တည်ဆောက်နေတာ။ ပင်စင်ယူပြီး အသက်ရှည်အုံးမယ့် နှစ်ဆယ့်ငါးနှစ်အတွက် ပြင်ဆင် နေတာ။

www.burmeseclassic.com



တူတယ်။ ကျွန်တော်တို့ ကိုယ်ဟာကိုယ် သမ္မာကျမ်းစာကို အိမ်မှာ ဖတ်နိုင်ပြီး၊ ဘုရားသခင်အကြောင်းကို ကိုယ့်ဟာကိုယ် စဉ်းစား တတ်လာတဲ့အခါ ဘုရားကျောင်းရဲ့ အာဏာဟာ ဒလိမ့်ကောက်ကွေး ကျဆင်းသွားတယ်။ ဘုန်းကြီးတွေကလည်း လူတွေလိုပါပဲလို့ ရုတ်တရက် သိလိုက်ရပါတယ်။ တယ်လီဖေးရှင်းက အစိုးရရဲ့ဩဇာကို လုယူတယ်။ ကွန်ပျူတာက ကော်ပိုရေးရှင်း ဒါရိုက်တာတွေရဲ့ ဩဇာအောက်က အမှုထမ်းတွေကို လွတ်မြောက်စေတယ်။ စီဒီရွမ်တွေက ဆရာတွေနေရာကို ဝင်ရောက်တော့မယ်။ စီဒီရွမ် တွေကြောင့် ဆရာသိသလောက် ကျောင်းသားလည်း သိလို့ရပြီ။

**မုန့်ကတိုး**




အနှစ်အသားသည် "ငါ" မဟုတ်။ တစ်ခုလုံးသာ "ငါ"။ "အနှစ်" အတွက်သာ ကြိုးစားမနေရာ။ ကျန်သော နေရာကွက်လပ်အတွက်လည်း ကြိုးစားပါ။

www.burmeseclassic.com



ဒါတွေ အကုန်လုံးက ခေတ်သစ်တစ်ခုကို ဦးတည်နေတယ်။ လူတွေရဲ့ တီထွင်နိုင်စွမ်းက ဆပ်ပြာမြှုပ်တွေလို ထလာမယ်။ တစ်ချိန်တည်းမှာ တော်တော် မငြိမ်မသက် ဗယောက်ဗယက်နိုင်တဲ့ ခေတ်ကြီးလည်း ဖြစ်လိမ့်မယ်။ အနားမှာ ဩဇာအာဏာ ပေးတဲ့သူ မရှိတဲ့ လူဟာ နည်းနည်းတော့ ချောက်ခြားတတ်တယ်"

"အဲလို သက်တောင့်သက်သာ မရှိတာတွေကို ရင်ဆိုင်ဖို့ အစဉ်အလာမဟုတ်တဲ့ ပြောင်ပြန်စောက်ထိုး စဉ်းစားတာမျိုး စဉ်းစားရင်း မဆိုးဘူး၊ အလုပ်ခွင်မှာ အလုပ်လုပ်တယ်ဆိုတာ တွေးကြည့်ရင် ကိုယ့်အချိန်ကို ငွေနဲ့လဲတာပဲ။ အောင်မြင်တယ်

---

- ရပိုင်ခွင့်အတွက် ကြိုးစား၍ တာဝန်အတွက် ကြိုးစားလေ့မရှိ။
- သူများက ကိုယ့်အတွက် ဖြေရှင်းပေးမလား စဉ်းစားကြ၍ သူများကို ငါဘာလုပ်ပေးမလဲ စဉ်းစားလေ့မရှိ။
- အသက်မကြီးမီက ကိုယ့်ကြိုးစားမှု၏ အသီးအပွင့်အတွက် ခံစားဖို့ "အချိန်" မယူသောကြောင့် အနားယူချိန် "အချိန်" ရသောအခါ ဘာလုပ်ရမှန်းမသိ။

BURMESE CLASSIC .com

www.burmeseclassic.com



ဆိုတာ ကိုယ့်အချိန်ကို ငွေဘယ်လောက်များများနဲ့ ရောင်းနိုင်တယ် ဆိုတာနဲ့ တိုင်းနေကြတယ်။ ပညာရေးဆိုတာကိုလဲ အချိန်တစ်ခု နဲ့ပဲ သတ်မှတ်ထားတာ။ အဲဒီအချိန်ကုန်လျှင် ပညာသင်ကြားခြင်း ကုန်သွားတယ်လို့ စဉ်းစားကြတယ်၊ ခုထိတော့ အစိုးရက ပညာ သင်ကြားရေးကို ထောက်ပံ့တယ်။ ပညာသင်ကြားရေးဆိုတာ ဘယ်တော့မှ မဆုံးဘူးဆိုရင် အစိုးရကလည်း ထောက်ပံ့ချင်မှ ထောက်ပံ့နိုင်တော့မယ်။ ကုမ္ပဏီတွေက လေ့ကျင့်ရေးနဲ့ ပညာရေး မှာ တာဝန်ခွဲယူသင့်တယ်။ အလုပ်သမားတွေကလည်း ငွေကိုသာ တန်ဖိုးမထားသင့်ဘဲ၊ အချိန်ကိုလဲ တန်ဖိုးထားဖို့ သိရမယ်။ အလုပ်တင်မဟုတ်ဘူး၊ ဘာမှအလကား မရဘူးလို့ မှတ်ရမယ်။"

- "ကွက်လပ်တွေ" နဲ့ စိမ်းနေတတ်ကြ၊ "အထဲ" ထဲသို့ အတင်းအကြပ်ထည့်လေ၊ အပြင်ထွက်လေ ဖြစ်သည်။
- ကွက်လပ်ပေးလျှင် တာဝန်ပိုသိမလား၊ အန္တရာယ်တော့ ရှိသော်လည်း စမ်းတော့ကြည့်ပေါ့။
- မိဘသည် ကလေးတွေ "ကြီးထွားဖို့နေရာ" ပေးရမည်၊ သို့သော် "ဘောင်" ကိုလည်း သတ်မှတ်ရမည်။

BURMESE CLASSIC .com

www.burmeseclassic.com



"စစ်အေး ကာလတုန်းက နူးကလီးယား လက်နက်တွေကြောင့် လူသားပျက်ပြုန်းသွားမလား စိုးရိမ်ရတယ်။ စစ်အေးကာလအပြီးမှာ အဆီးအတားမရှိ ကုန်သွယ်နိုင်တာကြောင့် ကမ္ဘာ့ဂေဟာစနစ် ပျက်မှားလားလို့ စိုးရိမ်ရပြန်တယ်။"

"လူတွေဟာ ကုန်ကျစရိတ် မဟုတ်ဘူး။ လူတွေဟာ အဖိုးထိုက်ဥစ္စာတွေပါ။ လူတွေကို လေ့ကျင့်သင်ကြားပေးခြင်းဖြင့်သာ မလုံခြုံတဲ့ ကမ္ဘာကြီးမှာ လုံခြုံမှုကလေး အဲဒီလူတွေကို ပေးနိုင်မယ်။"

ချားလ်စ်ကိုယ်တိုင်က ရှဲလ်ရေနံကုမ္ပဏီက ခွာခဲ့တယ်။ တစ်ခါ လန်ဒန်စီးပွားရေးကျောင်း ပါမောက္ခအဖြစ်ကိုလည်း

- ကွက်လပ်ကျယ်လျှင် အမှားအယွင်းနှင့် မတော်တဆ များမည်။
- ကွက်လပ်ကျဉ်းလျှင်လည်း ဘဝကို နွမ်းပါးစေမည်။

www.burmeseclassic.com



စွန့်လွှတ်ခဲ့ပြန်ရော။ လခလည်းကောင်း လုံလုံခြုံခြုံလည်း ရှိပေမယ့် သူလုပ်ချင်ရာ လုပ်နိုင်ဖို့ စွန့်ခဲ့တယ်။ သူတင်စွန့်တာ မဟုတ်ဘူး။ တခြားလူတွေစွန့်ဖို့လဲ တိုက်တွန်းတယ်။ ဥပမာ ဆာခရစ်စတိုဖာ ဆိုပါတော့။ ဆာခရစ်စတိုဖာက အဲဒီအချိန်တုန်းက အတော်ကြီးမား တဲ့ ဓာတုဗေဒကုမ္ပဏီကြီးတစ်ခုရဲ့ အမှုဆောင်အရာရှိချုပ်ရော၊ ဥက္ကဋ္ဌ ရောလုပ်နေတာ။ ချားလ်စ်ရဲ့ အားပေးမှုကြောင့် အမှုဆောင်

**အငြိမ်းစားယူခြင်း**

ပင်စင်စားဆိုပြီး အငြိမ်းစားယူတာမျိုး မဖြစ်သင့်ပါ။ ဘာဖြစ်လို့လဲဆိုတော့ လူအဖွဲ့အစည်းက မတတ်နိုင်လို့ ဖြစ်ပါသည်။ "အငြိမ်းစား" ဆိုသည့် စကားလုံးကို ခေါင်းထဲက ဖယ်လိုက်ပါ။ ၅၅ မှာ ပင်စင်ယူလျှင် အနှစ်နှစ်ဆယ်ခန့် အချိန် ကျန်သေးသည်။ အလုပ်တစ်ခုလုပ်မည် စိတ်ကူး မလား။ ထိုအချိန်ကို အသုံးချရန် ကြံရွယ် လုပ်ကိုင်ခြင်း သည် မွဲတေသော လူအဖွဲ့အစည်းကို ကယ်တင်သကဲ့သို့ ဖြစ်မည်ဟု စဉ်းစားစေချင်သည်။

www.burmeseclassic.com



အရာရှိချုပ် ရာထူးကို စွန့်တယ်။ တကယ်တော့ သူက ရိုက်တာ သတင်း ဌာနရဲ့ဥက္ကဋ္ဌ၊ ဖို့ဒ်ဖေါင်ဒေးရှင်းမှာ ဒါရိုက်တာ၊ အင်္ဂလန်ဘဏ်မှာ ဘုတ်အဖွဲ့ဝင် လူကြီးလည်း လုပ်နေတာ။ ချားလ်က အချိန်ပိုင်း အလုပ်ပေါင်းစုံ လုပ်တဲ့ဘဝကို "အစုံဘဝ" Portfolio life လို့ ခေါ်ပြီး၊ အဲလို ဘဝက ပိုပြီး ပြည့်စုံတယ်လို့ ပြောတယ်။

စီမံခန့်ခွဲခြင်းနှင့် ပတ်သက်၍ ပြောရ

## အမ်ဘီအေသင်တန်းများ

*ဟန်ဒီသည် ၁၉၇၇ ၌ လန်ဒန်စီးပွားရေးကျောင်း၏ အမ်ဘီအေ ပရိုဂရမ်ပါမောက္ခအဖြစ်မှ နုတ်ထွက်သည်။ "ကျွန်တော်တို့က အတိုင်ပင်ခံပုဂ္ဂိုလ်တွေနဲ့ ဘဏ်အရာရှိတွေပဲ မွေးထုတ်နိုင်ပြီး မန်နေဂျာကောင်းကောင်း မွေးမထုတ်နိုင်ဘူး" ဟု ပြောသည်။ ထို့ကြောင့် သူနုတ်ထွက်ခြင်း ဖြစ်သည်။*

*(၁) အမ်ဘီအေပရိုဂရမ်အများစုသည် သင်တန်းအခန်းကို အခြေပြုသည်။ အခန်းတွင်း သင်ကြားမှုတွင် အကန့်အသတ်ရှိသည်။ သင်မရသောအရာများရှိသည်။ "ခေါင်းဆောင်မှု၊ အများကို တက်ကြွအောင်လုပ်နိုင်မှု၊*

BURMESE CLASSIC .com

www.burmeseclassic.com



အတွေးနှင့် အကြံဉာဏ်ကို အများ လက်ခံအောင်လုပ်မှုတို့ကို သင်လို့ မရ။ စံပြ အမ်ဘီအေကျောင်းသား သည် အခန်းအတွင်းသို့ ထိုအရည် အသွေးများကို သယ်ဆောင်၍ ရောက်လာသည်။ ကံမကောင်း သည်မှာ အများစုက ထိုအရည်အသွေး မျိုး မရှိ။

(၂) ထို ပရိဂရမ်များက ဈေးကြီးလှသည်။ ထို့ကြောင့် အမ်ဘီအေဘွဲ့ရပြီးလျှင် လခ ကောင်းကောင်း အလုပ်ရချင်သည်။ သူတို့မှာ ရှိသည်က ခွဲခြမ်းစိတ်ဖြာ နိုင်သောစွမ်းရည်သာဖြစ်၍ အတိုင်ပင်ခံအလုပ်နှင့် ငွေရေး ကြေးရေး လုပ်ငန်းတို့တွင်သာ အဆုံး သတ်လေ့ ရှိသည်။ ဈေးကြီးသော သင်တန်းသည် သင်တန်းသားများ

လျှင်ဟန်ဒီ၏အယူအဆ မှာ တောင်ပိုင်း တရုတ် ပြည်ကို နမူနာယူရန် ဖြစ်သည်။ ပင်လယ် ရပ်ခြား တရုတ်များ၏ မိသားစုသဏ္ဌာန် စီမံ ခန့်ခွဲခြင်းသည် အကျိုး စီးပွား အပြန်အလှန် သက်ရောက်မှုတည်း ဟူသော၊ ကြိုးနှင့် ချည်ထားသည်။ မြန်မြန်လှုပ်ရှားသည်။ ရေရှည်အတွက်ရေတို ကို စွန့်လွှတ်သည်။ မိသားစုအားလုံး၏ အနာဂတ်ကို တစ်ခု တည်း ဖြစ်စေသည်။

BURMESE CLASSIC .com

www.burmeseclassic.com



အား ငွေမျက်နှာကြည့်အောင် တွန်းသကဲ့သို့ ဖြစ်နေသည်။ ငယ်ရွယ်သော အမ်ဘီအေများ တစ်ကိုယ်ကောင်းဆန်သွား တတ်သည်။

(၃) အမ်ဘီအေ ပရိုဂရမ်များသည် အချိန်ပိုင်းသင်တန်းများ ဖြစ်သင့်သည်။ ကျောင်းသား၏ အလုပ်အပေါ်တွင် ဒီဂရီ ပြုလုပ်သင့်သည်။ မန်နေဂျာကောင်း ဖြစ်လာမည့်သူများအား ခွဲခြမ်းစိတ်ဖြာစွမ်းရည်၊ ဘောဂဗေဒ၊ အရောင်းပညာများကို စာသင်ခန်း၌ ရယူစေပြီး၊ အခြားစွမ်းရည်များကို အလုပ်ခွင်၌ ရယူစေဖို့ လုပ်ပေးရမည်။ အချိန်ပိုင်းသင်တန်း ဖြစ်၍ ဈေးလည်း မကြီး။

ဟန်ဒီက "အရင်းရှင်စနစ်ကို ပြန်လည် စဉ်းစားခြင်း" ခေါင်းစဉ်နှင့်စာအုပ်တစ်အုပ် ရေးရန်လုပ်ကိုင်နေသည်။ လက်ထောက်တစ်ယောက် နှစ်ယောက် ဒါမှမဟုတ် အတွင်းရေးမှူးတစ်ယောက် ငှားပါလား ဟု အချို့သောသူများကအကြံပေး သောအခါ "ကိုယ့်အရည်အချင်းကို ကိုယ်သိဖို့ အတော်အရေးကြီးတာ။ ကျွန်တော် အသက် ၆၀ နီးတော့ ကျွန်တော်

www.burmeseclassic.com



(၄) အမ်ဘီအေဟူသည် မန်နေဂျာလုပ်မည့်သူ၏ အခြေခံ ဝင်ခွင့် အရည်အချင်းသာ ဖြစ်သည်။ ပြည့်သူ့ စာရင်းကိုင် လက်မှတ် (စီပီအေ) သည် စာရင်းကိုင်ဖြစ်ဖို့ အခြေခံ လက်မှတ်ဖြစ်သကဲ့သို့သာ။

ကိုယ့်ကိုယ်ကိုယ် သိလာတာက စဉ်းစား တွေးခေါ်တာတော့ ငါ တော်ပါရဲ့၊ မန်နေဂျာ ဆိုရင်တော့ အတော် ရှော်မယ့် မန်နေဂျာ ဖြစ်မှာ၊ ကျွန်တော်က တွေးတဲ့ အလုပ်မှာပဲ အာရုံစိုက်သင့်ပါတယ်" ဟု ရှက်ကိုးရှက်ကန်း ပြန်ပြောလေသည်။

မှတ်ချက်။ အဓိကကျသော ချားလ်ဟန်ဒီ၏ စာအုပ်များမှာ The Age of Unreason, The Age of Paradox နှင့် Empty Raincoat များ ဖြစ်သည်။ မျဉ်းကွေး၊ မုန့်ကတိုး စသည့်ပုံစံများမှာ ချားလ်ဟန်ဒီ တီထွင် အသုံးပြုသော ပုံစံများ ဖြစ်သည်။

BURMESE CLASSIC .com

www.burmeseclassic.com

# အင်ဒရူးဂရိုဗ့်နှင့်အင်တာနက်

BURMESE CLASSIC .com

www.burmeseclassic.com




အင်ဒရူးဂရို

BURMESE CLASSIC .com

www.burmeseclassic.com



သင့်မှာ ကွန်ပျူတာရှိပါသလား၊ ကွန်ပျူတာ မရှိလျှင်လည်း ရုံးက ကျောင်းက ကွန်ပျူတာကိုယ်ထည်ပေါ်၌ "အင်တဲလ် အထဲမှာ" ဟူသော စာတန်းလေးကို မြင်ဖူးပါလိမ့်မည်။ ထို အင်တဲလ်ဟူသော ကုမ္ပဏီသည် ကမ္ဘာ့အကြီးဆုံး မိုက်ကရိုချစ် လုပ်သော ကုမ္ပဏီဖြစ်ပါသည်။ အမေရိကန်၌ အများအနှစ်ခြိုက်ဆုံး ကုမ္ပဏီများကို ရေတွက်ရာတွင် ပဉ္စမနေရာ၌ ရှိပါသည်။ ဖော်ကျွန်း ၅၀၀ ဟူသော ကမ္ဘာ့အချမ်းသာဆုံး ကုမ္ပဏီကြီး ငါးရာတွင် အမြတ်အစွန်း ရေတွက်ရာ၌ သတ္တမနေရာ၌ ရှိပါသည်။ ထို အင်တဲလ်ကို ဦးဆောင်သူမှာ ယခုကျွန်တော်တင်ပြမည့် အင်ဒရူဂရိုဗ့်ဖြစ်ပါသည်။ သူ့ ပုဂ္ဂိုလ်ရေးဘဝကို နည်းနည်းသာပြော၍ အင်တာနက်နှင့် ပတ်သက်သော သူစဉ်းစားမိသမျှ ကို ခပ်များများပြောဖို့ ကြံရွယ်ပါသည်။ မနှစ်က တိုင်းမဂ္ဂဇင်း၏ ၉၇ နှစ် လူသား (Man of the year) မှာ ထိုအင်ဒရူးဂရိုဗ့် ဖြစ်သည်။ သူ စာအုပ်တစ်အုပ် ထုတ်ပါသည်။ စာအုပ်အမည်မှာ "ထူးသည့်သူသာ အသက်ရှင်မှာ (only the paranaoid survive) ဟူ၍ ဖြစ်သည်။ အပြောင်းအလဲ အကြီးအကျယ်ဖြစ်ချိန်၌ ဘယ်လိုလုပ်သင့်သည်ကို ရေးထားသော စာအုပ်ဖြစ်ပါသည်။ တမြန်နေ့က ခင်ဗျားရဲ့ အောင်မြင်မှုများသည် တောင်ကျချောင်းရေလို မြန်ဆန်သော မမျှော်မှန်းခဲ့သည့် အပြောင်းအလဲ

www.burmeseclassic.com




များတွင် မျောပါသွားပြီ။ ဂရိုဗ့်က ထိုသို့သော မမျှော်မှန်းသာသော ကြီးမားသည့်အခြေပြောင်းအနေပြောင်းများကို ဗျူဟာမြောက် အကွေ့ပွိုင့် (Strategic Inflection Point) များဟု ခေါ်သည်။ သူက ထိုသို့သော အကွေ့ပွိုင့်များကို ဖြတ်လာခဲ့ဖူးပြီ။ ဗျူဟာကွေ့ များနှင့် တိုက်မိလျှင်စီးပွားရေး ဥပဒေများက အရှိန်အဟုန်နှင့် ပြောင်းလဲ သွားသည်။ ဗျူဟာကွေ့ ပွိုင့်များသည် ကြီးမားသော ပြိုင်ဆိုင်မှု များကြောင့်လည်းကောင်း၊ ဥပဒေအပြောင်းအလဲများကြောင့် သော်လည်းကောင်း၊ အပေါ်ယံအားဖြင့် သာမြင်ညှောင်ညဟု ထင်ရသော နည်းပညာအပြောင်းအလဲများကြောင့်သော်လည်းကောင်း တွေ့ရ တတ်သည်။ တော်သော၊ စောင့်ကြည့်တတ်၊ မြင်တတ်သော၊ ခေါင်းဆောင်အဖို့မှု ဗျူဟာကွေ့များသည် "တစ်ချက်ကောင်း" အခွင့် များ ဖြစ်သွားနိုင်သည်။ "ထူးသည့်သူသာ အသက်ရှင်မှာ" တွင် အင်ဒီဂရိုဗ်က သူ၏အအောင်အမြင်နှင့် အဆုံးအရှုံးများ၊ အင်တာနက် ကြောင့် ဖြစ်သောဗျူဟာမြောက် အကွေ့ပွိုင့်တွင် သူမည်သို့ စဉ်းစား သူ မည်သို့ ခေါင်းဆောင်မှုပေးသည်ကို ဖော်ပြထားသည်။ ပထမဦးဆုံး အင်တာနက်အကြောင်းလေး နည်းနည်းပြောပါမည်။

BURMESE CLASSIC .com

www.burmeseclassic.com



အလွယ်ဆုံးပြောရလျှင် အင်တာနက်ဟူသည် တစ်ခုနှင့်တစ်ခု ချိတ်ဆက်ထားသော ကွန်ပျူတာကွန်ရက် ဖြစ်ပါသည်။ သင့်အိမ်က ရန်ကုန်မှာ၊ သင်မှာ ပီစီတစ်ခု ရှိသည်ဆိုပါစို့။ ပီစီသည် ကိုယ်သုံးကွန်ပျူတာကိုခေါ်သည်။ ထိုပီစီကို အင်တာနက်နှင့် ချိတ်ဆက်ထားသည်ဆိုလျှင် သင်က စင်္ကာပူမှာရှိသော ကွန်ပျူတာ၊ ဟောင်ကောင်မှာရှိသော ကွန်ပျူတာ၊ ဂျာမနီမှာရှိသော ကွန်ပျူတာ၊ ကာလီဖိုးနီးယားမှာရှိသော ကွန်ပျူတာတို့နှင့် အချက်အလက်များ အပြန်အလှန် လဲလှယ်နိုင်သည်။




BURMESE CLASSIC .com

www.burmeseclassic.com



အင်တာနက်ဖြစ်ပေါ်လာပုံမှာ ၁၉၆၀ ခုနှစ်များ၌ အမေရိကန် အစိုးရက စတင်လုပ်ခဲ့သည်။ ကြီးမားသော သုတေသန ကွန်ပျူတာများကို အဆက်အသွယ်လုပ်၍ စတင်လုပ်ဆောင်ခဲ့သည်။ နျူးကလီးယား စစ်ပွဲဖြစ်၍ ရိုးရိုးတယ်လီဖုန်းဆက်သွယ်မှုများ ပျက်စီးလျှင် ဆက်သွယ်မှု ကွန်ရက်တစ်ခု ကျန်နေရစ်ဖို့ ရည်ရွယ်ခဲ့သည်။ ပထမတွင် သုတေသန ဌာနမှ ကွန်ပျူတာများကိုသာ ဆက်သွယ်သော်လည်း တက္ကသိုလ်များမှ ကွန်ပျူတာကွန်ရက်များ၊ ကော်ပိုရေးရှင်းကွန်ရက်များ၊ အစိုးရ ကွန်ရက်များနှင့် ထပ်မံဆက်သွယ်သောအခါ အင်တာနက် ကွန်ရက်ကြီးသည် အရှိန်အဟုန်နှင့် ကြီးမားကျယ်ပြန့်လာသည်။ များများ ဆက်သွယ်လေလေ ပို၍ပို၍ အသုံးကျလေဟူသော အခြေခံအယူအဆ ပေါ်၌ အင်တာနက်ကို တည်ဆောက်ထားသည်။ အင်တာနက်နှင့် ဆက်သွယ်ထားသော ကွန်ပျူတာကွန်ရက်သည် "ဆက်သွယ်မှု သမအဖွဲ့" (Connection Co-op) ဟူ၍ သဘောထားလျှင် ရသည်။

"ဆက်သွယ်မှု သမအဖွဲ့" တွင် ဆက်သွယ်မှု စည်းမျဉ်းများ ထားရှိရသည်။ သို့မှသာ အခြားကွန်ရက်က ထိုစည်းမျဉ်းများကို လိုက်နာရုံမျှနှင့် လွယ်လင့်တကူ အင်တာနက်သို့ ဆက်နိုင်သည်။ အမေရိကန်မှရထားလမ်းများကို ဥပမာပေးနိုင်သည်။ ရထားလမ်း

BURMESE CLASSIC .com

www.burmeseclassic.com



ကုမ္ပဏီအများကြီး ရှိသော်လည်း သူတို့က ယေဘုယျစံအတိုင်းအတာ တစ်ခုကို သဘောတူထားသည်။ ထို့ကြောင့် မည်သည့်ပြည်နယ်က ရထားမဆို မတူသော ကုမ္ပဏီများ ပိုင်ဆိုင်သော ရထားလမ်း အများအပြားကို ဖြတ်၍ ကာလီဖိုးနီးယားမှ တက်ဆက်သို့ သွားနိုင်သည်။ အင်တာနက်လည်း ထို့အတူပင် ယေဘုယျစံအတိုင်းအတာ သတ်မှတ်ချက် ထားရှိရသည်။

တစ်ခုနှင့်တစ်ခု ချိတ်ဆက်ထားသော ကွန်ပျူတာ ကွန်ရက် ပေါ်ပေါက်လာသည်မှာ နှစ် ၃၀ ကြာပြီ။ ပထမတော့ အစိုးရနှင့် တက္ကသိုလ်များမှ သုတေသနဌာနများ ချိတ်ဆက်ဖို့သာ သုံးသည်။ နောက်တော့ နယ်မြေကွန်ပျူတာကွန်ရက် "လန်" (Local area networks = LAN) များနှင့် ဆက်သွယ်သည်။

နယ်မြေကွန်ရက် (လန်)များမှာ ကော်ပိုရေးရှင်းများ၊ အဖွဲ့အစည်းများ၊ အတွင်းမှ ပီစီ (PC) များ အချင်းချင်း တစ်ခုနှင့်တစ်ခု ဆက်သွယ်ထားသော ကွန်ရက်များ ဖြစ်သည်။ ဒေတာများ၊ ဖိုင်များ၊ စာများ လဲလှယ်ရန်ဖြစ်သည်။ ဈေးအလွန်ကြီးသော ပရင်တာများကို ပူတွဲအသုံးပြုရန်လည်း ဖြစ်သည်။ ထိုလန်များကို အင်တာနက်နှင့် ဆက်သောအခါ လန်များသည်လည်း ဆက်သွယ်မှု သမအဖွဲ့၏

www.burmeseclassic.com



အစိတ်အပိုင်း ဖြစ်သွားသည်။ အင်တာနက်လည်း ထိုနည်းဖြင့် အဆမတန်ကြီးထွားလာခဲ့သည်။ '

အင်တာနက်ကို အသုံးပြုသည်များလည်း ယခင်ကနှင့် မတူတော့။ ပထမ အင်တာနက်အသုံးပြုသူများမှာ တက္ကသိုလ်မှ သုတေသနသမားများသာ ဖြစ်သည်။ တွေ့ရှိချက်များ၊ လေ့လာချက်များ ဒေတာများ၊ စာများကို တစ်ယောက်ထံသို့ တစ်ယောက်က ပို့သည်။ သန်းပေါင်းများစွာသော ပီစီများ ဆက်သွယ်မှုသမအဖွဲ့သို့ ဆက်သွယ်လာသောအခါ၌မူ ပီစီသုံးသူ မည်သူမဆို သာမန်လူလည်း အင်တာနက်ကို သုံးလာကြသည်။ ကောင်းသောသမအဖွဲ့ဝင်များသည် သမတွင် ကိုယ့်အကျိုးအတွက် ပါဝင်ကြရင်း အများအကျိုးအတွက် ဖြစ်လာရသလို လူတိုင်း ပါဝင်သော အင်တာနက်လည်း ထို့အတူဖြစ်လာသည်။

လူအများပါဝင်လာ၍ လူအများအချက်အလက် ပို့ကြ၊ သယ်ကြသောအခါ တစ်လမ်းပိတ်နေလျှင် အခြားတစ်လမ်းမှ သွားရလိမ့်မည်။ အင်တာနက်သည် တယ်လီဖုန်းလိုင်းကိုပဲ သုံးသည်။ ဒေတာအချက်အလက်များကို ခပ်သေးသေးအထုပ်များ၊ အစများအဖြစ် ပြောင်း၍ တယ်လီဖုန်းလိုင်းများမှ စီးသွားစေခြင်းဖြင့် ထပ်မံလိုင်းမတိုးရဲ့ဘဲ အများကြီး စီးသွားစေနိုင်သည်။ ဥပမာပေးရလျှင် ကြိုတင်

www.burmeseclassic.com



လက်မှတ်မဝယ်ဘဲ လေယာဉ်ပျံစီးသလို လွှတ်သောထိုင်ခုံတွင် လိုက်ပါသွားခြင်းမျိုးနှင့် အလားတူသည်။ လွှတ်နေသောနေရာများတွင် အချက်အလက်အထုပ်ကလေးများကို ဖြည့်လိုက်သော နည်းဖြစ်သည်။ ထို့ကြောင့် ဈေးလည်းချိုသည်။ ထိလည်းထိရောက်သည်။

အင်တာနက်လျှင်မြန်စွာ ကြီးထွားလာခြင်းမှာ အခြားအကြောင်းနှစ်ရပ်ကြောင့်လည်းဖြစ်သည်။ ပထမအချက်မှာ ပီစီများ၏ အရည်အသွေး တိုးတက်လာမှုဖြစ်သည်။ ပီစီများသည် စာသာမက ဓာတ်ပုံ၊ အသံ၊ ဂရပ်ဖစ်၊ ဗီဒီယို စသော ဆက်သွယ်မှု ကြားခံအားလုံးကို ဖော်ပြနိုင်သော မာလ်တီမီဒီယာပီစီများ (Multimedia PC) ဖြစ်လာသည်။ ဒုတိယတစ်ချက်မှာ တင်ဘာနာစ်လီး၏ တီထွင်မှုဖြစ်သည်။ သူက တီထွင်သော ရှာဖွေနည်း (Search method) ကြောင့် World Wide Web ဟုခေါ်သော အပိုင်းတစ်ပိုင်းကို အင်တာနက်တွင် ပေါင်းစပ်နိုင်သောအခါ အချက်အလက်ရှာဖွေရသည်မှာ အလွန်လွယ်ကူ လျင်မြန်လာသည်။

အင်တာနက်နှင့် ချိတ်ဆက်ထားလျှင် ပီစီတစ်ခုသည် ကမ္ဘာအရပ်ရပ်ရှိ သန်းပေါင်းများစွာသော ကွန်ပျူတာများကို ဖွင့်ကြည့်နိုင်သော ပြတင်းပေါက်ဖြစ်သည်။ ယင်းပြတင်းပေါက်မှ

BURMESE CLASSIC .com

www.burmeseclassic.com



အရောင်စုံ ဂရပ်ဖစ်များ၊ ဓာတ်ပုံများ၊ အသံများကို တွေ့ရသည်မှာ အံ့စရာ မဟုတ်ဘူးလား။

ထိုအံ့စရာကို လူတိုင်းစိတ်ဝင်စားကြသည်မှာ မဆန်း။

## အခိုးခံရမည့် မျက်လုံးများ (Stolen Eyeballs)

လူအများစိတ်ဝင်စား၍ လူအများပါဝင် ဆက်သွယ် ကြသော အင်တာနက်သည် လူအများနှင့် ပတ်သက်သော စီးပွားရေးလုပ်ငန်းများကို အကျိုးသက်ရောက်လေသည်။

အဝေးဆက်သွယ်မှုလုပ်ငန်း (Telecommunication Industry) ကို တယ်လီဖုန်းလိုင်းများနှင့် ပြုလုပ်ကြသည်။ ဖုန်း သို့မဟုတ် ဖက်စ်နှင့် ပို့သော သတင်းများ၊ အချက်အလက်များကို အင်တာနက်ဖြင့် ပို့လျှင် ကုန်ကျစရိတ်နည်းနည်း၊ ပိုလည်း ထိရောက်သည်။ တယ်လီဖုန်း ကုမ္ပဏီများကို အင်တာနက်၏ အကျိုးသက်ရောက်မှုများကို အောက်ပါ ဇယားတွင်ကြည့်ပါ။

www.burmeseclassic.com



| **အကျိုးများ (+)** | **အကျိုးနည်း (–)** |
|---|---|
| ရှိပြီးသောလိုင်းများ (Infra-structure)ကို ပို၍အကျိုးရှိစွာ အသုံးချနိုင်သည်။ အရုပ်၊ အသံ၊ ဗီဒီယိုများလည်း ပို့၍ရသည်။ ပိုသုံးလာ၍ ငွေပို ရနိုင်မည်။ | ရိုးရိုး တယ်လီဖုန်းပြောခြင်း လျော့လာ၍ ဝင်ငွေလျော့နိုင် |

အပြော့ထည်လုပ်ငန်း (Software Industry) ကိုလည်းအကျိုးသက်ရောက်သည်။

(၁) အပြော့ထည်ဆိုသည်မှာ ဘစ်များ၏အပေါင်းအစု (Bunch of bits) ဖြစ်သည်။ အင်တာနက်ပေါ်တွင် သွားလာနေသည်မှာလည်း ဘစ်အထုပ်များဖြစ်သည်။ ယခုအပြော့ထည်များကို ဒစ်အချပ်များပေါ်၌လည်ကောင်း၊ စီဒီရွှမ်များ၌လည်းကောင်း ထည့်၍ စတိုးဆိုင်များမှတဆင့်ရောင်းသည်။ အင်တာနက်ပေါ်၌ တင်၍ ခင်ဗျားဆီပို့လိုက်လျှင် ဒစ်အချပ်များ၊ စီဒီရွှမ်များမလို၊ စတိုးဆိုင်လည်း မလိုတော့။ အလယ်လူမလိုတော့၊ စီဒီရွှမ်များ တပ်မည့်စင်များ၊

BURMESE CLASSIC .com

www.burmeseclassic.com



စီဒီရွှမ်များ ထည့်ဖို့ ဂျပ်ပုံးများ မလိုတော့။ ထိုအခါ ကုန်ကျစရိတ် သက်သာ၍ ဈေးချိုချိုရမည်။

(၂) အပြော့ထည်များကို ရေးရာတွင် တင်ရေးသည့် ပလက်ဖောင်း သတ်သတ်မှတ်မှတ် ရှိရသည်။ တချို့ ကွန်ပျူတာနှင့် ကိုက်သော အပြော့ထည်သည် နောက်ကွန်ပျူတာတစ်မျိုးနှင့် ကိုက်ညီချင်မှညီမည်။ အင်တာနက်ကတော့ မည်သည့်ကွန်ပျူတာ နှင့်မဆို ချိတ်နိုင်သောကြောင့် အင်တာနက်ပေါ်တင်မည့် အပြော့ထည် သည် အင်တာနက်ပလက်ဖောင်းသာ လိုအပ်သည်။ အက်ပဲလ်၊ အင်တဲလ် စသော ကုမ္ပဏီများနှင့်တွဲသော အပြော့ထည်အလုပ်များသည် အင်တာနက်နှင့်သာ တွဲလုပ်မည့် ကုမ္ပဏီများသို့ ရွှေ့သွားနိုင်သည်။ အင်တဲလ်စသော ကုမ္ပဏီများနှင့် အချို့ကွန်ပျူတာကုမ္ပဏီ၊ အချို့ အပြော့ထည် ကုမ္ပဏီများ အလုပ်မဖြစ်တော့သော အခြေအနေသို့ ဆိုက်ရောက်သွားနိုင်သည်။

မီဒီယာများကိုလည်း အင်တာနက်က အကျိုးသက်ရောက် သည်။ စီးပွားရေးလုပ်ငန်းများက ကြော်ငြာအတွက် သုံးသောငွေမှာ တစ်နှစ်လျှင် ၃၄၅ ဘီလျံဒေါ်လာ ရှိသည်ဟု ခန့်မှန်းကြသည်။ ကြော်ငြာများကို သတင်းစာ၊ မဂ္ဂဇင်း၊ ရေဒီယို၊ တီဗွီစသော မီဒီယာ

www.burmeseclassic.com



များတွင် ထည့်ကြသည်။ ဂျီအမ်၊ ကိုကာကိုလာ၊ တိုယိုတာ စသော ကုမ္ပဏီကြီးများက သူတို့ပေးချင်သော သတင်းများကို ထိုမီဒီယာ များမှတဆင့်သာ စားသုံးသူများသို့ အရောက်ပို့နိုင်ကြသည်။ အင်တာနက်ပေါ်မှ World Wide Web သို့ တင်၍ပို့လျှင် အသို့နည်း။ ကွန်ပျူတာဖန်သားပေါ်၌ သုံးဖက်တိုင်း (Three - Dimensional) အရုပ်များ၊ အသံအရည်အသွေးကောင်းကောင်း၊ ကြည့်သူနှင့် အရုပ်၊ အသံ အပြန်အလှန်တုံ့ပြန်ဆက်သွယ်နိုင် (Interactive) သည်ဆိုလျှင် တီဗွီကြည့်သော သူသည် ပီစီကိုပဲ ကြည့်တော့မလား။

တီဗွီလား၊ ပီစီလားဟူသော မေးခွန်းပေါ်ပေါက်လာသည်မှာ မနှစ်ကမှဖြစ်သည်။ ကြားခံမီဒီယာမှန်သမျှကို မျက်လုံးနှင့်သာ ကြည့်သည်။ သတင်းစာ၊ မဂ္ဂဇင်း၊ တီဗွီ၊ ပီစီအားလုံးသည် မျက်လုံး လုပ်ငန်းဖြစ်သည်။ တီဗွီကြည့်သောမျက်လုံးများကို ခိုးယူ၍ တီဗွီမှပီစီသို့ ရွှေ့နိုင်မလား။


ယခုတစ်နှစ်၊ နှစ်နှစ်အတွင်း ပီစီရောင်းအားသည် တီဗွီ ရောင်းအားထက် ကျော်လွန်လာမည်ဟု မှန်းဆနေကြသည်။ အင်တာနက်နှင့် ဆက်သွယ်မှုလုပ်ငန်းလုပ်သူများ၊ W.W.W နှင့် စပ်လျဉ်းသူများ၊ ကွန်ပျူတာထုတ်လုပ်သူများ၏ လုပ်ငန်းများ အဆင်ပြေကြီးပွားလာနိုင်သည်။ အောက်ပါဇယားကိုကြည့်ပါ။

BURMESE CLASSIC .com


www.burmeseclassic.com



မီဒီယာလုပ်ငန်း (အင်တာနက် မပေါ်မီ)




မီဒီယာလုပ်ငန်း (အင်တာနက်ပေါ်ပြီး)




BURMESE CLASSIC .com

www.burmeseclassic.com



၁၉၉၅ ခုနှစ်၌ ပီစီသန်း ၆၀ ဝယ်ကြသည်ဟု ပြောသည်။ ဒီလောက်များများ ဘာကြောင့်ဝယ်ကြပါသလဲ။ အချက် သုံးချက်ကြောင့်ဟု အင်ဒရူးဂရိုဗ့်က တွက်ဆသည်။ (၁) တစ်ဦးချင်းက သူ၏ အချက်အလက်များကို သိမ်းဆည်းသိုမှီးရန်၊ စာစီစာရိုက်ရန်၊ တွက်ချက်ရန်။ (၂) သူနှင့် အဆက်အသွယ်ရှိသောသူများ၊ ကုမ္ပဏီ ကွန်ရက်တွင် ပတ်သက်နေသူများနှင့် သတင်းအချက်အလက်များပို့ရန်၊ မျှရန်၊ ရယူရန်။ (၃) သူနှင့်အဆက်အသွယ်ရှိပြီး ဖြစ်စေ၊ မရှိသေးသူ ဖြစ်စေ ကမ္ဘာအရပ်ရပ် တစ်နေရာရာမှာ ကွန်ပျူတာများထဲတွင် ရှိနေသော သိမ်းထားသော အချက်အလက်များကို အင်တာနက်မှ တစ်ဆင့် ရရန်။ ကိုယ်ပို့လိုသော အချက်အလက်များကို ထိုကွန်ပျူတာများသို့ အင်တာနက်မှတဆင့် ပို့ရန်ဖြစ်သည်။

ဂရိုဗ့်က ကွန်ပျူတာဆိုသည်မှာလည်း "မျက်လုံးလုပ်ငန်း" ၏ အစိတ်အပိုင်းသာ ဖြစ်သည်။ အစိတ်အပိုင်းသာ ဖြစ်ကြောင်းသိဖို့ရန် အလွန်အရေးကြီးသည်ဟု ပြောသည်။ သူပေးသော ဥပမာမှာ အမေရိကန် မီးရထားကုမ္ပဏီများနှင့် စပ်လျဉ်းသည်။ မီးရထားနှင့် မီးရထားလမ်း ဟူသည် သယ်ပို့လုပ်ငန်းကြီး၏ အစိတ်အပိုင်းသာ ဖြစ်သည်။ ထိုအရာကို သဘောမပေါက်သောကြောင့် အမေရိကန် မီးရထားကုမ္ပဏီများ အရှုံးပေါ်၍ ကျဆုံးသွားသည်ဟု ပြောသည်။

BURMESE CLASSIC .com

www.burmeseclassic.com



ပီစီတွင်သုံးသောမိုက်ကရိုပရိုဆက်ဆာ ထုတ်လုပ်သူ အင်တဲလ် အနေနှင့်လည်း အမြင်ကျယ်ကျယ်ပြန့်ပြန့် ရှိရမည်။ မျက်လုံးလုပ်ငန်း အတွက် ပီစီနှင့်တီဗွီနှစ်ခု ယှဉ်ပြိုင်ပွဲတွင် ပီစီဆိုလျှင် အင်တဲလ် ထိပ်ရောက်မည်။ တီဗွီဆိုလျှင် သူရှုံးနိမ့်သွားနိုင်သည်။

အင်ဒရူးဂရိုဗ့်၏ တွက်ကိန်းအရတော့ ပီစီမဟုတ်သော အခြားအင်တာနက်နှင့် ဆက်သွယ်သော ပစ္စည်းကိရိယာများ (Internet appliances) နှင့်တီဗွီသည် ဖော်ပြခဲ့ပြီးသော အသုံးကျ လှသည့် ပီစီကို အစားမထိုးနိုင်ဟူ၍ ဖြစ်သည်။ သူ၏ မိုက်ကရို ပရိုဆက်ဆာများကို အားကောင်းသည်ထက် ပိုကောင်းလာအောင် လုပ်ရန်သာ ဟူ၍ တွက်ချက်သည်။ သူ့တွက်ကိန်းကို သူ့လူများအား တင်ပြသည်။ အထက်တန်းအမှုဆောင်များ၏ စိတ်ကူးစိတ်သန်းကို ရွှေ့ပစ်နိုင်ရန် ကြိုးစားရသည်။

အင်ဒရူးဒဂရိုဗ့်ကို ဟန်ဂေရီ၌ မွေးသည်။ အမေရိကန်သို့ ပြောင်းရွှေ့နေထိုင်ကာ အမေရိကန်၌ အောင်မြင်လာသည်။ "စီးပွားရေး လုပ်ငန်းတစ်ခု အောင်မြင်လာပြီဆိုလျှင် ပျက်စီးဖို့ မျိုးစေ့ကလည်း ကပ်ပါလာခဲ့ပြီးပြီ။ အဲဒီလုပ်ငန်းအောင်မြင်လာလေလေ တခြား တစ်ယောက်ကလည်း ဒီလုပ်ငန်းကို လုပ်ချင်လာလေလေ၊ နောက်

www.burmeseclassic.com



တခြားတစ်ယောက်၊ နောက်တစ်ယောက်ပြီးတစ်ယောက် အကုန်လုံး ဝိုင်းလုကြတာ။ မန်နေဂျာတစ်ယောက်ဟာ တခြားလူတွေရဲ့ ထိုးနှက်မှုကို ကာကွယ်ဖို့ အမြဲလုပ်နေရတယ်။" ဂရိုဗ့်သည် အချို့ ဗျူဟာကွေ့များ၌ ရှုံးနိမ့်ခဲ့ဖူးသည်။ အင်တဲလ်သည် ယခင်က မှတ်ဉာဏ်ချစ်ပ်များ ထုတ်သော ကုမ္ပဏီဖြစ်သည်။ ဂျပန်တို့၏ ထိုးနှက်မှုကြောင့် မှတ်ဉာဏ်ချစ်ပ် ထုတ်လုပ်ခြင်းမှ မိုက်ကရိုပရိုဆက်ဆာ လုပ်ငန်းသို့ ရွှေ့လိုက်ရသည်။ "နည်းပညာလုပ်ငန်းမှာ လုပ်လို့ရတာမှန်သမျှ လုပ်ကြမှာပဲ။ ကျွန်တော်တို့က မတားနိုင်ဘူး၊ ကျွန်တော်တို့ ရှောင်ပုန်းနေလို့လဲ မရဘူး။ ကျွန်တော်တို့ လုပ်နိုင်တာက ကိုယ့်ကိုယ်ကို အသင့်ပြင်ထားဖို့ပဲ"

စာကိုး။ Only the Paranoid survive.

www.burmeseclassic.com

# တော်ဖလာနှင့်အနာဂတ်အကြောင်းစာအုပ်များ

"အနာဂတ်အကြောင်းရေးတဲ့ စာအုပ်ဆိုရင် သတ္တုသံပေါက်တယ်။ ဒီစာအုပ်ကတော့ အနာဂတ်ရဲ့ အနုထည်ဖြစ်တဲ့လူ့အကြောင်း၊ အနာဂတ်သို့ သွားတဲ့လမ်းက ခြေလှမ်းများ အကြောင်း၊ နေ့တရုဝကိစ္စများဖြစ်တဲ့ ကျွန်တော်တို့ ဝယ်ခဲ့တဲ့ပစ္စည်းများ၊ လွှင့်ပစ်ခဲ့တဲ့ အရာများ၊ စွန့်ခွာခဲ့တဲ့နေရာများ၊ လုပ်ကိုင်တဲ့ကော်ပိုရေးရှင်း၊ ကျွန်တော်တို့ဘဝကို ချင်းနင်း ဖြတ်သန်းတဲ့လူများ ကို ရေးထားတာ။ မိတ်ဆွေဖြစ်ခြင်းနဲ့ မိသားစု

BURMESE CLASSIC .com

www.burmeseclassic.com



ဘဝရဲ့အနာဂတ်၊ ထူးဆန်းတဲ့ ယဉ်ကျေးမှုအသစ်နဲ့ ဘဝနေဟန်အသစ်တွေကို စူးစမ်းထားတာ။ နိုင်ငံရေးကစပြီး ကစားကွင်း၊ လိင်ကိစ္စပါမကျန် အကုန်လုံးပေါင်းရေးထားလိုက်တာ၊ ညာသံပေးပြီး ပြေးလာတဲ့ အပြောင်းအလဲ ရေစီး၊ ခွန်အား သန်မာလိုက်ပုံက အဖွဲ့အစည်းတွေကို ပြောင်းပြန် ဖောက်ထိုးလုပ်၊ တန်ဖိုးတွေကို နေရာရွှေ့၊ ကျွန်တော်တို့ကို အမြစ်က နှုတ်ပစ်မှာ။ အနာဂတ် က ကျွန်တော်တို့ဘဝထဲကို ချင်းနင်းဝင်ရောက်လာတာ ကို အပြောင်းအလဲလို့ ခေါ်တယ်။" အနာဂတ်ကို ကြည့်ဖို့ရာ ကုန်လွန်ခဲ့တဲ့ သမိုင်းကို အသုံးပြုကြ တယ်။ ဒီစာအုပ်ကတော့ အသက်ရှုနေတဲ့ လူတွေကို ကြည့်တယ်။

အပြောင်းအလဲမြန်တဲ့အခါ လူတွေမှာ အပြောင်းအလဲရောဂါခံစားရတယ်။ လိုက်လျော ညီထွေပြောင်းလဲနိုင်ခြင်း အကြောင်းကို လူတွေ သိပ်မသိကြပါ။ ပညာရှင်တွေကတော့ "အပြောင်းအလဲ

BURMESE CLASSIC .com

www.burmeseclassic.com



*အတွက် ပညာပေးခြင်း၊ အနာဂတ်အတွက် လူတွေကို ပြင်ဆင်ခြင်း" စတာတွေကို ပြောနေကြတယ်။ သို့သော် အပြောင်းအလဲ တယ်မြန်ဆန်ရင် ဘာမှ မလုပ်တတ်ကြပါ။*

*"အနာဂတ်သွေးလန့်ခြင်း" သည် အနာဂတ်အသိရှိရန်ရေးသော စာအုပ်ဖြစ်သည်။ လိုက်လျောညီထွေပြောင်းလဲနိုင်ခြင်း သီဝရီကို တတ်မြောက်ကြရန် အားထုတ်ထားသည်။ မျက်ကန်းတင်းခံခြင်း၊ မျက်စိမှိတ်ငြင်းဆန်ခြင်း၏ အချိုးနှီး ဖြစ်ခြင်းနှင့် ၎င်းကြောင့် သွေးလန့်ခြင်းရောဂါ ပိုသည်းနိုင်သည့် အကြောင်းကို ထိုစာအုပ်ဖတ်ရင်း စာဖတ်သူ သတိပြုမိနိုင်သည်။*

"အနာဂတ်သွေးလန့်ခြင်း" စာအုပ်ရဲ့ နိဒါန်းမှာ အလ်ဗင်တော်ဖလာက အထက်ပါအတိုင်း ရေးထားပါတယ်။ တော်ဖလာရေးတဲ့ နာမည်ကြီး စာအုပ်သုံးအုပ်က "အနာဂတ်သွေးလန့်ခြင်း"၊ "တတိယလှိုင်း" နဲ့ "တန်ခိုးအပြောင်းအရွှေ့" ဖြစ်ပါတယ်။ တော်ဖလာက ကမ္ဘာ့လူသိအများဆုံး လူမှုရေး တွေးခေါ်ရှင်။

BURMESE CLASSIC .com

www.burmeseclassic.com



သူ့စာအုပ်တွေကို တိုင်းပြည်ငါးဆယ်လောက်က လူတွေ ဖတ်ကြတယ်။ ရစ်ချတ်နစ်ဆင်ကနေ ဂေါ်ဘာချက်ထိ ဖတ်တယ်။ တော်ဖလာဟာ အလုပ်မျိုးစုံလုပ်ခဲ့ပါတယ်။ ကော်နယ် တက္ကသိုလ်က ပါမောက္ခ၊ ဝါရှင်တန်ပို့စ် သတင်းထောက်၊ ရပ်ဆယ်ဆော့ဖောင်ဒေးရှင်းရဲ့ စကော်လာ၊ တော်ဖလာဟာ ကားစက်ရုံ တစ်ရုံမှာ အလုပ်သမား၊ သံမဏိစက်ရုံမှာ အကြီးစားစက်မှုလုပ်ငန်းမှာလည်း အလုပ်လုပ်ဖူးတယ်။

"ကျွန်တော်ငယ်ငယ်တုန်းက မာက်စ်ဝါဒီ၊ အဲဒီတုန်းက တခြားငယ်ရွယ်သူတွေလို အတူတူပဲ။ ကျွန်တော့်မှာ အဖြေအကုန်လုံး ရှိပြီလို့ ထင်ခဲ့တယ်။ နောက်ကျမှ ကျွန်တော့်အဖြေတွေက တစ်ဝက်တစ်ပျက်တွေ၊ တစ်ဖက်သတ်ကျတာတွေ၊ ခေတ်မမီတာတွေလို့ သိလာတာ။ မှန်ကန်တဲ့ မေးခွန်းက အဖြေထက် ပိုပြီး အရေးကြီးတယ်လို့လည်း စဉ်းစားလာတတ်တယ်။ မေးခွန်းမှားနေမှတော့ အဖြေက ဘာလုပ်တော့မှာလဲ။"

ပြီးပြည့်စုံသည်ဆိုသော ဥာဏ်အမြင်ဟူသည် မရှိဟု သတိရလိုက်မှုကြောင့် လူဆန်သွားသည်။ ထိုသတိရမှုသည် တယူသန်မှုကို တားဆီးတော့သည်။ ရန်သူ၊ တစ်ဖက်လူသည်လည်း

www.burmeseclassic.com



တစ်စိတ်တစ်ပိုင်း မှန်နိုင်သည်။ မိမိသည်လည်း မှားနိုင်မည်။ မေးခွန်းက ကြီးကျယ်လျှင် မှားဖို့လမ်း များမည်။ မေးခွန်း မထုတ်ခြင်းကတော့ နားလည်မှုကို ချုပ်ချယ်သည်။

## တတိယလှိုင်း

လှိုင်းလုံးကြီးတွေ တက်လာသည်။ လိမ့်ဆင်း သွားသည်။ လှိုင်းလုံးတစ်ခုနဲ့တစ်ခု တိုက်သည်။ လှိုင်းတစ်ခုအပေါ် တစ်ခု ထပ်သည်။ လှိုင်းတွေရဲ့ မျက်နှာပြင်အောက်မှာ တစ်ခုခု ရှိနေသည်။ လှိုင်းတွေက ရိုက်ခတ်နေသည်။

"တတိယလှိုင်း" စာအုပ်၏ အချီးနိဒါန်းတွင် ရေးထားသော တော်ဖလာ၏ စကားများ ဖြစ်ပါသည်။ လှိုင်းဟူသော သင်္ကေတကို သုံးရခြင်းအကြောင်းကို ရှင်းပြပါသည်။ အပြောင်းအလဲကို လှိုင်းလုံးကြီးတွေလိမ့်လာသလို ခံစားရ၍ဖြစ်သည်။ တစ်လုံးပြီး တစ်လုံး ဆိုသော်လည်း တစ်ခုနှင့်တစ်ခု အဆက်အစပ် ရှိသည်။ ယင်းတို့တိုက်မိခြင်းဖြင့် ဖြာထွက်ခြင်း၊ လွင့်စင်ခြင်း၊ ပေါင်းစပ်ခြင်းကို စိုးရွံ့စိတ်၊ ဝိရောဓိ၊ ပဋိပက္ခ၊ ထိပ်တိုက် ရင်ဆိုင်ခြင်း စသည်များနှင့် နှိုင်းယှဉ်သည်။

BURMESE CLASSIC .com

www.burmeseclassic.com



ပထမဆုံးလာသော လှိုင်းလုံးမှာ လယ်လုပ်ငန်း၊ ဒုတိယလှိုင်းကတော့ စက်မှုလုပ်ငန်း၊ ယခု ဒုတိယလှိုင်း အသက်ငင် နေပြီ။ ကျသွားပြီ။ နည်းပညာစက်ကွင်း၊ လူမှုစက်ကွင်း၊ သတင်းနှင့် အာဏာစက်ကွင်းများဟူ၍ လှိုင်းတစ်လုံး တစ်လုံးကို ထပ်၍ ခွဲခြမ်းကာရှုသည်။ ဇီဝနှင့် စိတ်ပညာစက်ကွင်းဟူ၍လည်း စိတ်ပိုင်းဆိုင်ရာ၊ ပုဂ္ဂလိကဆိုင်ရာ ပြောင်းလဲမှုများကို စိတ်ဖြာသည်။ မည်သည့်လှိုင်းတွင်မဆို ယင်း၏ အဖြစ်သနစ်များကို ရှင်းပြသော၊ ယင်း၏ဖြစ်တည်မှုများကို ထောက်ခံသော သဘောတရားကြီး (Super Ideolog) ရှိသည်။ ထိုသဘောတရားကြီး အောက်တွင်သာ စက်ကွင်းများ၊ လှိုင်းများ လှုပ်ရှားနေခြင်းဖြစ်သည်။

သူ့စာအုပ်တွေအားလုံးမှာ အကျယ်အဝန်းများကို သမ္ဘာရပြုခြင်းဖြစ်၍ လွှယ်အောင်ပြုခြင်း၊ ယေဘူယျ ပြုခြင်း၊ ချုံ့ပစ်ခြင်းများ ပြုရသည်။ တန်ဖိုးအသစ်များနှင့် နည်းပညာ အသစ်များ၊ ပထဝီနိုင်ငံရေး၊ ဆက်သွယ်မှုအသစ်များနှင့် လူမှုပုံဟန် အသစ်များ ဆက်သွယ်ရေး စနစ်အသစ်များနှင့် ဆင်ခြင်တုံတရား အသစ်များကို တောင်းဆိုမှုများကို ရေးခြင်း ဖြစ်သည်။ လှိုင်းလုံး အဟောင်းကို သမ္ဘာရပြု၍ ကြည့်ပြီး လှိုင်းအသစ်များကို မှန်းဆခြင်းဖြစ်သည်။

BURMESE CLASSIC .com

www.burmeseclassic.com



တော်ဖလာ၏ စာအုပ်များနှင့် ပတ်သက်၍ မှတ်ရန် အချက်တစ်ခုမှာ အနာဂတ်သန္တေကို အတိတ်၏ ရှေးရိုးအပေါ်က သေးသေးတွင် ထိုးထည့်ခြင်း မဟုတ်။

## အပြောင်းအလဲ

သူ့စာအုပ် သုံးအုပ်စလုံး (အနာဂတ် သွေးလန့်ခြင်း၊ တတိယ လှိုင်းနှင့် တန်ခိုးအပြောင်းအရွှေ့)က ဗဟိုပြုသော အကြောင်းအရာမှာ "ပြောင်းလဲခြင်း" ဖြစ်သည်။ လူမှုအဖွဲ့အစည်းသည် အသစ်နှင့် မမျှော်လင့်ခဲ့သော တစ်စုံတစ်ရာသို့ ရုတ်ခြည်း ပြောင်းလဲသောအခါ လူတွေဘာဖြစ်မည်နည်းဟူသော မေးခွန်းကို ဖြေရန် ကြိုးစားခြင်း ဖြစ်လေသည်။

အရှိန်အဟုန်နှင့် ဖြစ်ပျက်ပြောင်းလဲနေသော အရာများကို ဖော်ပြရာတွင် မီဒီယာသမားများက ကျွန်တော်တို့ကို သတင်းအစအန များနှင့်သာ ပစ်ခတ်သည်။ ယင်းသတင်းတို့သည် တစ်ခုနှင့်တစ်ခု အဆက်အစပ်မရှိ။ ဘာသာရပ်ကျွမ်းကျင်သူများကလည်း အသေးစိတ် အချက်အလက် တစ်ပုံတစ်ခေါင်းနှင့် ကျွန်တော်တို့ကို နှစ်မြှုပ်ပြန်သည်။ လူကြိုက်အောင် ရေးသောသူများကလည်း လူတွေရဲ့ တိမ်းညွတ်မှုကို သာ ရေးသည်။ မည်သူမျှ တစ်ခုနှင့်တစ်ခု ဆက်သွယ်နေကြောင်း၊

BURMESE CLASSIC .com

www.burmeseclassic.com



နောက်ကွယ်က တွန်းအားစုများအကြောင်း မပြောကြ။ ထိုသို့ မပြောမဆိုကြသောအခါ ယခုဖြစ်သော ပြောင်းလဲခြင်းများသည် အရူးချီးပန်း မင်းမဲ့စိုးမဲ့ ပြောင်းလဲနေသလို ထင်ရသည်။ အပြောင်းအလဲများ ဘယ်လောက်မြန်မြန်၊ ခေါင်းစီးစာလုံးများ နောက်ကွယ်တွင် တွန်းအားစုများနှင့် အဆင်အကွက်များ ရှိသည်။ ယင်းတွန်းအားစုများနှင့် အဆင်အကွက်များကို သိလျှင် အပြောင်းအလဲကို ဗျူဟာကျကျ ရင်ဆိုင်နိုင်ပါသည်။

## ကာလတစ်ခု (၁၉၅၀ – ၂၀၂၅)

တော်ဖလာ၏ အထက်ပါစာအုပ် သုံးအုပ်စလုံးသည် ကာလတစ်ခုကို စူးစမ်းခြင်း ဖြစ်သည်။ ထိုကာလသည် ၁၉၅၀ ခန့်မှအစပြု၍ နောက် ၇၅ နှစ်အကြာ သက္ကရာဇ် ၂၀၂၅ တွင် ဆုံးသည်။ ထိုအချိန်ကာလသည် သမိုင်း၏ ပတ္တာအဆက်ကဲ့သို့ ဖြစ်နေသည်။ ရာစုများစွာ ကမ္ဘာမြေကို လွှမ်းမိုးခဲ့သော “မီးခိုးခေါင်းတိုင်ယဉ်ကျေးမှု”ကို အလွန်ခြားနားသော ယဉ်ကျေးမှုတစ်စုံတစ်ရာနှင့် အစားထိုးမည့် အချိန်ဖြစ်သည်။ ထိုခြားနားသော ယဉ်ကျေးမှုသည် ကမ္ဘာကို ကိုင်လှုပ်သည့် တန်ခိုးအင်းအားပြိုင်မှု

www.burmeseclassic.com



ကြီးနောက်က လိုက်လာနေသည်။ ကာလတစ်ခုတည်းကို ရည်ညွှန်းသော်လည်း မှန်ပြောင်းတစ်ခုစီ အသုံးပြုပါသည်။ "အနာဂတ်သွေးလန့်ခြင်း"သည် အပြောင်းအလဲ၏ အဖြစ်အပျက် အစဉ်ကို ကြည့်သည်။ "တတိယလှိုင်း" သည် အပြောင်းအလဲ၏ တူရှုကို ကြည့်သည်။ "တန်ခိုးအပြောင်းအရွှေ့" သည် အပြောင်းအလဲ၏ အထိန်းအကွပ်ကို ကြည့်သည်။

"အနာဂတ်သွေးလန့်ခြင်း"၌ အချိန်တိုတို အတွင်းတွင် အပြောင်းအလဲအလွန်များသောအခါ လူတို့၌ ခံစားရမည့် နားမလည်နိုင်မှု၊ ကြောင့်ကြမှုများကို ပြောသည်။ အပြောင်းအလဲ၏ တူရှုသည် မည်သည့်အရပ်သို့ ဦးတည်သည်ဖြစ်စေ၊ အပြောင်းအလဲ၏ တူရှုသည် ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ ယင်း၏မြန်ဆန်မှုကြောင့်ပင်လျှင် နားမလည်နိုင်မှုများ၊ ပင်ပန်းမှုများ ဖြစ်လိမ့်မည်။ ထို့ကြောင့် အလိုက်သင့်အလျားသင့် ဥာဏ်ရှိရှိ ပြောင်းလဲတတ်မည်မဟုတ်။ ထိုအခါ လူတစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းဖြစ်စေ၊ နိုင်ငံပင်ဖြစ်စေ၊ ရှော့ သို့မဟုတ် သွေးလန့်ခြင်း ခံစားရနိုင်သည်။

"အနာဂတ်သွေးလန့်ခြင်း" တွင် တော်ဖလာက မျိုးရိုးပညာ၏ တိုးတက်ပြောင်းလဲခြင်း၊ လွှင့်ပစ်လူ့အဖွဲ့အစည်း၊

BURMESE CLASSIC .com

www.burmeseclassic.com



ပညာရေး၏ တော်လှန်ပြောင်းလဲခြင်းဖြစ်မည့်အကြောင်း ဟောကိန်း ထုတ်ခဲ့သည်။ ၁၉၇၀ ၌ ထုတ်ဝေသော ထိုစာအုပ်သည် အရောင်း ရဆုံးစာအုပ် ဖြစ်ခဲ့သည်။ လူမှုသိပ္ပံစာပေတွင် အကိုးအကားခံရဆုံး စာအုပ် ဖြစ်ခဲ့သည်။ "အနာဂတ်သွေးလန့်ခြင်း" ဟူသော စကားလုံး သည် အဘိဓာန်များ၌၊ သတင်းစာ ခေါင်းစည်းများ၌ တွင်ကျယ်သော စကားလုံးဖြစ်သွားသည်။

"တတိယလှိုင်း" ကတော့ ၁၉၈၀ ၌ ထုတ်ဝေသော စာအုပ် ဖြစ်သည်။ လွန်ခဲ့သော နှစ်တစ်သောင်းက ဖြစ်ခဲ့သော လယ်ယာ လုပ်ကိုင်ပြောင်းလဲခြင်းကို ပထမလှိုင်းဟု အမည်တပ်၍ စက်မှု တော်လှန်ဖြစ်ထွန်းခြင်းကို ဒုတိယလှိုင်းဟု ခေါ်သည်။ ၁၉၅၀ ၌ စတင်ဖြစ်ပေါ်သော နည်းပညာ အပြောင်းအလဲ၊ လူမှုရေး အပြောင်းအလဲကိုမူ တတိယလှိုင်းလုံးပါတဲ့။ မီးခိုးခေါင်းတိုင် ယဉ်ကျေးမှု၏နောက် လူသား၏ အပြောင်းအလဲကြီး၊ (ကျွန်တော်တို့ ကတော့ မီးခိုးခေါင်းတိုင်သို့ပင်မရောက်သေးဟု သတိရနိုင်ပါသည်။) လုပ်ငန်းအသစ်များ ရောက်လာပြီ။ ကွန်ပျူတာ၊ အီလက်ထရောနစ်၊ သတင်း၊ ဇီဝနည်းပညာ စသည်များ၊ ယင်းတို့သည် ဦးဆောင်မှု ယူမည့် အထက်စီးက လုပ်ငန်းအသစ်များ (New Commanding

BURMESE CLASSIC .com

www.burmeseclassic.com



Heights) ဖြစ်သည်။ ပြောင်းလွယ်ပြင်လွယ် ထုတ်လုပ်နည်းများ၊ အချိန်ပိုင်း အလုပ်များ၊ အများမဟုတ်ဘဲ ပုဂ္ဂလိကသို့ ဦးတည်မည့် သတင်းဖြန့်ချီရေး စသည်တို့အပြင် နိုင်ငံရေး၊ နိုင်ငံတော် စသည်တို့၏ အပြောင်းအလဲများကို ဆွေးနွေးထားပါသည်။

"တတိယလှိုင်း" ကို အချို့နိုင်ငံများ၌ ပိတ်ပင်ကြ၍ အချို့နိုင်ငံများတွင် အရောင်းရဆုံးစာအုပ် ဖြစ်သွားသည်။ တရုတ်ပြည်မှ ပြုပြင်ပြောင်းလဲရေးဝါဒီများ၏ လက်သုံးကျမ်းစာလည်း ဖြစ်သည်။ ပထမအစတွင် အနောက်အတွေးအခေါ်တွေနှင့် ညစ်ထည်းလိမ့်မည် ဟူ၍ အစွပ်စွဲခံရသော်လည်း ကမ္ဘာ့လူဦးရေအများဆုံး နိုင်ငံကြီးတွင် တိန်ရှောက်ပင်၏ မိန့်ခွန်းများစာအုပ်၏ နောက် ဒုတိယ ရောင်းအကောင်းဆုံး စာအုပ် ဖြစ်သည်။ ထိုအချိန်က ဝန်ကြီးချုပ်ဖြစ်သူ ကျောက်ကျိယန်က ပေါ်လစီဆွဲသူများအား တတိယလှိုင်းကို ဖတ်ရန် ညွှန်ကြားသည်။

"အနာဂတ်သွေးလန့်ခြင်း" ရေးပြီး အနှစ်နှစ်ဆယ်၊ "တတိယလှိုင်း" ရေးပြီး ၁၀နှစ်အကြာတွင် "တန်ခိုးအာဏာ အပြောင်းအရွှေ့" ထွက်ပါသည်။ ယင်းစာအုပ်သည် ပညာနှင့် တန်ခိုးအာဏာ၏ အဆက်အစပ်၊ တန်ခိုး၏နေရာ အပြောင်းအရွှေ့ကို ရေးထားသည်။

www.burmeseclassic.com



"ကောင်းကင်ပြာပြာ…၊ တောင်တန်းများက ဟိုအဝေး…၊ မြင်းခွာသံများ…၊ ထို့နောက် မြင်းစီးလူတစ်ယောက်၊ တဖြေးဖြေးနီးလာသည်။ နေရောင်ကမြင်းစီးဖိနပ်ပေါ်သို့အရောင်ပြန်လျက်…။" ထိုမြင်းစီးသူ ကောင်းဘွိုင်သည် တန်ခိုး၏ ပထမ ပြယုဂ် ဖြစ်သည်။

ထိုကောင်းဘွိုင်ရုပ်ရှင်များ၌ အကျအန ဝတ်စားထားသော လူကြီးလူကောင်းလည်း ပါသည်။ ထိုလူကြီးက ရထားလမ်းအတွက် ငွေထုတ်ပေးသည်။ စားကျက်သမားအတွက်၊ အခြားမကောင်းမှုများအတွက် ငွေရှာပေးသည်။ သေနတ်သမားသည် လက်ရုံးအားကိုး တန်ခိုး အာဏာ၏ ပြယုဂ်ဟုဆိုလျှင် ထိုငွေရှင် ကြေးရှင်သည် ငွေအားကိုး တန်ခိုးအာဏာ၏ ပြယုဂ် ဖြစ်သည်။

ထိုရုပ်ရှင်များ၌ တတိယလူ တစ်ယောက်လည်း ပါတတ်သည်။ သတင်းစာ တစ်စောင်၏ အယ်ဒီတာ၊ သို့မဟုတ် ကျောင်းဆရာ၊ သို့မဟုတ်

BURMESE CLASSIC .com

www.burmeseclassic.com



အရှေ့မှလာသော မိန်းမချော တစ်ယောက်ယောက် ဖြစ်သည်။ အရင်ပစ်၊ နောက်မှကြည့်ရှင်း၊ လူကြမ်းကြီးများ အလယ်တွင် ထိုဇာတ်ကောင်သည် မကောင်းဆိုးဝါး အကြမ်းပတမ်းနှင့် အားပြိုင်သော၊ အကောင်းအမွန်ကို ကိုယ်စားပြုရုံသာမက လူ့ယဉ်ကျေးမှုကြီး၏ တန်ခိုးအာဏာ၊ ပညာဗဟုသုတ၏ တန်ခိုးအာဏာကို ကိုယ်စားပြုသည်။ နောက်ဆုံး ကမ္ဘတ်အဆုံးသတ်တွင် ပညာ၊ ယဉ်ကျေးမှုကို ကိုယ်စားပြုသော ထိုသူက အနိုင်ရလေ့ရှိသော်လည်း ယင်းသို့ အနိုင်ရခြင်းမှာ သေနတ်ကိုင် သူရဲကောင်းနှင့် အဆွေခင်ပွန်းဖွဲ့ခြင်းကြောင့် ဖြစ်သည်။

ဖရန်စစ်ဘေကွန်က "ပညာသည် တန်ခိုးတည်း" ဟူ၍ ပြောသော်လည်း ထို မယဉ်ကျေးသော အရပ်ဒေသတွင် ပညာက ငွေနှင့် သော်လည်းကောင်း၊ လက်ရုံးရည်နှင့်သော်လည်းကောင်း မိတ်ဆွေလုပ်ရသည်။

BURMESE CLASSIC .com

www.burmeseclassic.com



ဂျပန်ဒဿနိကဗေဒပညာရှင်ရဲ့ ...

ဂျပန်ဒဏ္ဍာရီလာ တန်ခိုးသြဇာ ရရာရကြောင်း သုံးခုမှာ ဓား၊ ရတနာနှင့် မှန်ဟူ၍ ဖြစ်သည်။ ဓားနှင့် ရတနာက တန်ခိုးသြဇာ ရရာရကြောင်း အနေဖြင့် ရှင်းပါသည်။ မှန်ဟူသည် ကတော့ ကိုယ့်ကိုယ်ကို ကြည့်ခြင်း၊ ဆင်ခြင်ခြင်း၊ ကိုယ့်ကိုယ်ကို အောင်နိုင်ခြင်း ဟူသော သဘော၊ ပညာ သဘောပင်ဖြစ်သည်။ ဓား၊ သို့မဟုတ် ကြွက်သား၊ ရတနာ၊ သို့မဟုတ် ငွေ၊ မှန် သို့မဟုတ် စိတ် / ပညာသည် အပြန်အလှန် ဆက်သွယ်နေသည်။ တစ်ခုမှတစ်ခုသို့ ပြောင်းလဲနိုင်သည်။

“ဓား၊ ကြွက်သား သို့မဟုတ် ခွန်အားသည် အဆင့်နိမ့်တန်ခိုးဖြစ်သည်။ အပြစ်ကိုသာ ပေးနိုင်၍ ခုခံမှုကို ကြုံရသည်။ ငွေ၊ ဓနသည် ဓားထက်ပို၍ ဉာဏ်များနိုင်သဖြင့် ဓားထက်ပိုမြင့်သော တန်ခိုးရှိသည်။ အပြစ်ကိုသာ ပေးနိုင်သည် မဟုတ်၊ ဆုငွေကိုလည်း ပေးနိုင်သည်။ ဓားထက်ပို၍ ပြေပြေပြောင်းသည်။ ပညာကတော့ အဆင့်အမြင့်ဆုံးတန်ခိုး ဖြစ်သည်။ ဉာဏ်ဟူသည်

BURMESE CLASSIC .com

www.burmeseclassic.com



တခြားသူကို ခင်ဗျား လိုချင်တာ လုပ်အောင် ပြုလုပ်နိုင်သည်။ သွေးဆောင်ပုံသွင်းနိုင်သည်။ ငွေနှင့် ကြွက်သား၏ တန်ခိုးသည် ပညာကြောင့် ပို၍ထက်သည်။ ပို၍ ကြွယ်ဝသည်။ ပညာကြောင့် အဆတိုးသည်။ ယခုခေတ်တွင် ပညာသည် ထိပ်ရောက်လာသည်။ ဂြိုလ်တုမှ ရေဒီယိုတင်သဘော်၊ တိုက်လေယာဉ်မှ ခေတ်မီ အမြောက်ထိ သတင်း အချက်များ ဖြည့်ထားသော အီလက်ထရောနစ် အစိတ်ပိုင်းများသာဖြစ်သည်။ တိုက်လေယာဉ် သည် ပျံနေသော ကွန်ပျူတာသာဖြစ်သည်။ ယခုအခါ၌ မည်သည့်လက်နက်မဆို ကွန်ပျူတာ သို့မဟုတ် အီလက်ထရောနစ်ချစ်ပါများ မပါ၍မဖြစ်။ စီးပွားရေးလုပ်ငန်းလည်း ထိုနည်းအတိုင်းပင် ကွန်ပျူတာ မပါလျှင် ဘဏ်လုပ်ငန်း စသည့် ခေတ်သစ်စီးပွားရေးလုပ်ငန်းများ စက္ကန့်သုံးဆယ် ကြာကြာပင် အလုပ် မလုပ်နိုင်။ ဆွန်ရူးဖြစ်စေ၊ မက်ခီယာဗယ်လီဖြစ်စေ ယခုခေတ်၏ တန်ခိုး အာဏာ အပြောင်းအရွှေ့ကြီးကို မြင်စေချင်သည်။

BURMESE CLASSIC .com

www.burmeseclassic.com



အထက်ပါစာပိုဒ်မှာ "တန်ခိုးအပြောင်းအရွှေ့" စာအုပ်၏ ကြွက်သား၊ ငွေနှင့် စိတ်ဟူသော အခန်းမှာ စာသားများ ဖြစ်ပါသည်။

တော်ဖလာက စာအုပ်၏အမှာတွင် သူလျှောက်သော လမ်းမှာ သူတစ်ယောက်တည်း မဟုတ်ပါ။ ထိုခရီးကို (စာအုပ် သုံးအုပ်လုံး ရေးခြင်း) လျှောက်ရာတွင် အစမှအဆုံး အကူအညီ ပေးသူ၊ အတူရေးသူ ရှိပါသည်။ ထိုအလုပ်ကြီးသည် စိတ်နှစ်ခုပေါင်း၏ရလာဒ်ဖြစ်ပါသည်။ အကူပေးသူမှာ သူ၏အကောင်းဆုံးမိတ်ဆွေ၊ အကောင်းဆုံးရဲဘော်ရဲဘက်၊ နှစ်လေးဆယ်ကြာခဲ့သည့် သူ၏အချစ် "ဟယ်ဒီတော်ဖလာ" ဖြစ်သည်ဟု ဖော်ပြပါသည်။ အယ်လ်ဗင်နှင့် ဟယ်ဒီတော်ဖလာနှစ်ဦး၏စာအုပ်များသည် နယူးယော့တိုင်းမဂ္ဂဇင်း၏ အရောင်းရဆုံး စာအုပ်စာရင်းတွင် လပေါင်းများစွာ နေရာယူခဲ့ပါသည်။

မှတ်ချက်။ ။ တော်ဖလာ၏ အရေးပါသော စာအုပ်သုံးအုပ်မှာ Future Shock, Third wave, Powershift များ ဖြစ်သည်။

BURMESE CLASSIC .com

www.burmeseclassic.com

# ပီတာဆန်ဂီနှင့်ပဉ္စမနိယာမရည်း

"လူ့အဖွဲ့အစည်းကိုပြောင်းလဲဖို့ကြိုးစားကြသောအခါ ပထမဦးစွာ အလေ့မမူ ဂရုမပြုကြ၊ နောက်တစ်ဖန် သရော်မော်ကား ပြုကြပြန်၍ မတော်မတည့် လုပ်ချင် လုပ်ကြပြီးလျှင် နှိပ်စက်ကလူ ပြုချင်ပြုကြသည်။ အဆုံးသတ်မှာတော့ လေးစားဦးညွှတ်ကြသည်။ ထိုလေးစား ခန့်ညားသောအဆင့်သည် ဘေးအန္တရာယ် အရှိဆုံးအဆင့်ဖြစ်သည်။

အရိယရတန

www.burmeseclassic.com

ကနဦးအဆင့်များမှာ လူတွေက စိတ်တက်ကြွနေကြတယ်။ ရှေ့ကို တရွေ့ရွေ့ တိုးသွားတဲ့အခါမှာ ဆန့်ကျင်ဘက်များ တွေ့လာလေ့ ရှိတယ်။ သို့သော် မိမိက စိတ်ရောကိုယ်ပါ၊ ယုံကြည်မှုများနဲ့လည်း တောက်ပနေတဲ့အခါ မှုလေ့ မရှိပါ။ အောင်ပွဲအသေးအငယ်များကြောင့်လည်း မြောက်ကြွမြောက်ကြွ ဖြစ်နေတာ။ သို့သော် အဆင့်တစ်ဆင့်စခန်းတစ်ခုမှာ ကြိုးစားမှုများကို တလေးတစားအသိမှတ်ပြုကြာ အားလုံးက ဦးညွတ်ကြသောအခါအလုပ်ကတော့ ပြီးသွားပြီဟု ထင်တတ်တာ။ တကယ်တော့ အဲဒါက အစပါ။

ပဋ္ဌမနိသျရည်းဆိုတဲ့ စာအုပ် ၁၉၉၀ ခုနှစ်မှာ ထွက်တော့ နာမည်အတော်ကြီးပါတယ်။ တစ်ယောက်တည်း ဆည်းပူးနေရုံမျှနဲ့တော့ မလုံလောက်ပါ။ မိမိပါဝင်တဲ့ လူ့အဖွဲ့အစည်းကြီးတစ်ခုလုံး အမြဲသဖြင့် ဆည်းပူးနေဖို့ လိုအပ်တယ်။ “အမြဲသင်ယူနေတဲ့ အစည်းအလုံး” ကြီး ဖြစ်အောင် ဘယ်လိုလုပ်မလဲလို့ ကြံဆထားတဲ့၊ နည်းနိသျရည်းတွေကို

BURMESE CLASSIC .com

www.burmeseclassic.com



ရေးထားတဲ့စာအုပ် ဖြစ်ပါတယ်။ ပဉ္စမနိသျှရည်းကို ပီတာဆန်ဂီက ရေးပါတယ်။ ပီတာဆန်ဂီဟာ အမ်အိုင်တီရဲ့ "စလုံးစီမံခန့်ခွဲမှုကျောင်း"က အစည်းအလုံးလိုက် သင်ကြားခြင်းဆိုင်ရာ ဗဟိုဌာနရဲ့ ညွှန်ကြားရေးမှူး ဖြစ်ပါတယ်။ ဒေါက်တာဆန်ဂီက လူတွေရဲ့ အတွေးအခေါ်တွေကို ပြောင်းလဲစေပြီး ကမ္ဘာကြီးကို ပိုပြီးသာတောင့်သာယာဖြစ်အောင် လုပ်မယ်လို့ ရည်ရွယ်ပါတယ်တဲ့။ သူက ခေါင်းဆောင်ခြင်းအကြောင်းလည်း လေ့လာတယ်။ ၁၉၉၄ မှာတော့ ပဉ္စမနိသျှရည်းလက်စွဲစာအုပ် ထွက်လာပါတယ်။

ပဉ္စမနိသျှရည်းစာအုပ်ကို တရုတ်ဘာသာပြန် ထွက်ပါတယ်။ တရုတ်ဘာသာပြန် ပဉ္စမနိသျှရည်းရဲ့အချီးကို ရေးပေးဖို့ ဒေါက်တာဆန်ဂီကို သူ့သူငယ်ချင်းဖြစ်တဲ့ ပါမောက္ခ ရှုဝင်ယန်းက ဘယ်လိုပြောသလဲဆိုရင် "ကမ္ဘဌာန်းထိုင်ပြီး တွေးယူလိုက်၊ ထောင်ပေါင်းများစွာသော တရုတ်တွေ ခင်ဗျားရှေ့မှာ ထိုင်နေတယ်။ ခင်ဗျားရဲ့စိတ်ထဲ၊ နှလုံးထဲ၊ ဝိညာဉ်ထဲက ထွက်လာမယ့် ခင်ဗျားရဲ့ အရိုးခံစကားကို နားထောင်ဖို့ စောင့်နေကြတယ်"။ အောက်မှာ အဲဒီအချီးကို ဖော်ပြလိုက်ပါတယ်။

ရှေးသရောအခါကတော့ လူသားတွေဟာ သူနေတဲ့
ကမ္ဘာကို သူနဲ့ မခွဲခြားခဲ့ပါ။ လူနဲ့ သဘာဝဟာ

www.burmeseclassic.com



တစ်ခုတည်းဖြစ်တယ်။ လူက တစ်သားတည်းဖြစ်တဲ့ မပျက်ပြားတဲ့ "တစ်ခုကြီး (Wholeness) ကိုပဲ သိပါတယ်။ တဖြည်းဖြည်းနဲ့ လူသားဟာ မိမိကိုယ်မိမိ တစ်သီးတခြားလို့ ပိုင်းခြားလာခဲ့တယ်။ တစ်မျိုး တစ်မည် ခွဲခြားတဲ့အသိ၊ ကျွတ်ကျွတ်လွတ်လွတ် ဖြစ်လိုတဲ့ဆန္ဒ၊ တစ်ကိုယ်ရည် လိုအပ်ချက်၊ တစ်ကိုယ်တော် စွဲလန်းမှုများကို ရှာဖွေတွေ့ရှိ လာတယ်။ "ငါ" ဟာ တခြားတစ်ပါးနဲ့ သီးခြား ဖြစ်တယ်၊ ဘုရားဖန်ဆင်းခဲ့တဲ့ တခြားအရာတွေဟာ ငါနဲ့မတူ ဆိုတဲ့ အတွေးတွေ ပေါက်လာခဲ့တယ်။ ဒါဟာ ဖြစ်ပေါ်တိုးတက်မှုရဲ့ ဆုလာဘ်လား...ကျိန်စာလား။

လူဟာ သူနဲ့ သူ့ပတ်ဝန်းကျင်ကို ခွဲခြားနိုင် လို့သာ "ဉာဏ်အမြော်အမြင်" ကို ရရှိနိုင်ခဲ့တာ။ မခွဲခြားနိုင်ခဲ့ရင် ရုပ်ကမ္ဘာကို အစိတ်စိတ်အဖြာဖြာ ကြည့်တဲ့ သိပ္ပံနည်းလမ်းကို ရနိုင်ဖွယ် မရှိပါ။ ကျွန်တော်တို့ ခံစား စံစားနေတဲ့ နည်းပညာဆိုတာ တွေလည်း ဖြစ်လာနိုင်ဖွယ် မရှိပါ။

BURMESE CLASSIC .com

www.burmeseclassic.com



သို့သော် ထိုခွဲခြားမှုကြောင့်ပဲ အပိုင်းအစတွေလည်းဖြစ်ခဲ့၊ ကိုယ်တည်းအထီးကျန်လည်း ဖြစ်လာခဲ့ရတယ်၊ (Fragmentation, Isolation) မြေယာတော်လှန်ရေး၊ စက်မှုတော်လှန်ရေး နဲ့အတူ အထူးဝိသေသန လေ့လာတာတွေ ထွန်းကားခဲ့တယ်။ ငါတို့ဟာ သဘာဝနဲ့ လွတ်ကင်းနေတာ သဘာဝကို စိုးမိုးဖို့ အခွင့်ရထားတာလို့လည်း ရှုမြင်လာတော့တယ်။ သဘာဝဆိုတဲ့ အရာဟာ ငါတို့အကျိုးအတွက် တည်ရှိနေတဲ့အရာ ငါတို့အသုံးအတွက် စုထားတဲ့ အရင်းအမြစ်မျှသာလို့ တွေးထင်တဲ့ ဓလေ့ထုံးစံ ထွန်းကားလာခဲ့တယ်။

ခုတော့ လမ်းဆုံလမ်းခွမှာ ရောက်နေပေါ့။ လူသားဟာ လမ်းမှန်ပါတယ်လို့ ကျွန်တော်တို့ ဓလေ့ကတော့ ပြောနေတယ်။ သဘာဝကို စိုးမိုးအောင်နိုင်တာ ကျွန်တော်တို့ ပန်းတိုင် မဟုတ်ဘူးလားတဲ့။ ဒါပေမယ့် ကျွန်တော်တို့ လျှောက်တဲ့ လမ်းဟာ လမ်းဆုံး ရောက်ခါနီးပြီဆိုတဲ့ နိမိတ်တွေကိုလည်း တွေ့နေရပေါ့။

www.burmeseclassic.com



သဘာဝပတ်ဝန်းကျင်ကို ဘယ်လို အောင်နိုင်ရမလဲလို့ တတ်ကျွမ်းလာလိုက်တာ၊ မျိုးစိတ်တစ်ခုအနေနဲ့ အသက်ရှင် ရပ်တည်မှုကို အန္တရာယ် ရောက်လုနီးခဲ့ပြီ။ အတ္တကို တွန်းတင်လိုက်ပုံကလည်း ပုဂ္ဂလိက ချမ်းသာကို အခြားဝေနေယျတွေရဲ့ ချမ်းသာမှုနဲ့ ခွဲခြားစဉ်းစားလာခဲ့ပြီ။ သဘာဝနဲ့ ဝေးကွာလာအောင် ခြားနားခဲ့ပြီ။ ဘဝရဲ့ နက်နဲ ခက်ခဲမှုကို ရိုသေကျိုးနွံတဲ့အသိ ပျောက်ဆုံးခဲ့ပြီ။ ငါ့အဖြစ်ဟာ ငါတို့ထက် ကြီးမားတဲ့အရာကြီးနဲ့ စပ်လျဉ်းနေတာပါလားဆိုတဲ့ အသိလည်း ယုတ်လျော့ခဲ့ပြီ။

အနောက်နိုင်ငံတွေမှာ အခြေခံလူမှု အသင်းအပင်းတွေဟာ အပိုင်းပိုင်း အစိတ်စိတ်ကြည့်မှုကြောင့် ကွဲတော့မလို ဖြစ်နေသည်။ ကျန်းမာခြင်းကို ကာယကျန်းမာ၊ စိတ်ကျန်းမာ၊ ဝိညာဉ်ကျန်းမာ ခွဲခြားချင်ကြသည်။ ပညာရေးကို အနှစ်သာရမရှိ၊ ဆက်စပ်မှုမရှိသော အချက်အလက်

www.burmeseclassic.com



များ၊ စာတွေ့ကိုသာ လုံးပန်းမှုများနဲ့ အစိတ်စိတ်ပိုင်းလိုက်ကြ၍ ကျောင်းသင်ခန်းစာသည် လူပုဂ္ဂိုလ်ရင့်သန်ဖို့ဟူသော ဓမ္မစစ် ပညာဆည်းပူးမှုမှ ကင်းဝေးလာခဲ့ပြီ။ အစိုးရအဖွဲ့သည်လည်း ထိုနည်းလည်းကောင်းသာဖြစ်သည်။ အထူးအာရုံပြုအဖွဲ့ (Special interest group) များနှင့် အစိုးရအဖွဲ့ကို စိတ်ပိုင်းလိုက်သောအခါ ထိုအဖွဲ့များက တစ်ခုနှင့်တစ်ခုတိုက်ခိုက်နေကြသည်။ စီမံခန့်ခွဲမှု

**လူဟာ သူ့နဲ့သူ့ပတ်ဝန်းကျင်ကို ခွဲခြားနိုင်လို့သာ "ဉာဏ်အမြော်အမြင်"ကို ရရှိနိုင်ခဲ့တာ။ မခွဲခြားနိုင်ခဲ့ရင် ရုပ်ကမ္ဘာကို အစိတ်စိတ် အဖြာဖြာ ကြည့်တဲ့ သိပ္ပံနည်းလမ်းကို ရနိုင်ဖွယ် မရှိပါ။ ကျွန်တော်တို့ စံစား စံစားနေတဲ့ နည်းပညာ ဆိုတာတွေလည်း ဖြစ်လာနိုင်ဖွယ် မရှိပါ။**

www.burmeseclassic.com



စနစ်ကိုလည်း အပိုင်းပိုင်း အစိတ်စိတ် ခွဲခြမ်း၍သာ တည်ဆောက်ထားသည်။ အရောင်းဌာနနှင့် ထုတ်လုပ်မှုဌာနသည် သင့်မြတ်လေ့မရှိ။ ရှေ့တန်းက မန်နေဂျာသည် ဌာနချုပ်က မန်နေဂျာနှင့် စကားများလေ့ရှိသည်။

ရိုးရာတရုတ်ဓလေ့ထုံးစံကတော့ အနောက်တိုင်းနဲ့ ကွဲပြားသည်ဟု ကျွန်တော်နားလည်သည်။ ဘဝ၏ အပြန်အလှန် ဆက်စပ်မှုကို အလေးဂရုပြုသည့်အသိ မပျောက်ဆုံး၊ သိမ်မွေ့နက်နဲလှသည့်ဘဝ၏ ကန့်လန့်ကာ လှစ်ဟပြသသည်ကို ရင်သပ် ရှုမောကြတုန်းပဲ ဖြစ်သည်။ ဘဝဆိုတာ အရာဝတ္ထုများနှင့် ပြုလုပ်ထားတဲ့အရာလို့ အနောက်က လူတွေမြင်သော်လည်း၊ ဘဝဆိုတာ ဖြစ်ပျက်အစဉ်နှင့်သာ ပြုလုပ်ထားတာလို့ ခင်ဗျားတို့က မြင်တတ်ကြသည်။ ကျွန်တော်တို့က တစ်သီးပုဂ္ဂလ ထင်ရာစိုင်းဆဲ၊ ခင်ဗျားတို့က မိသားစုနှင့် ပတ်ဝန်းကျင် လူစုကို မိမိနှင့် ချည်နှောင်ထားသည်။ ကျွန်တော်တို့က

www.burmeseclassic.com



အကျိုးနှင့် အကြောင်းကို လင်းပြရာတွင် လွယ်ကူသော ခြုံငုံသည့် အဖြေကို ရှာဖွေဆဲ၊ ခင်ဗျားတို့က လက်ဆုပ်လက်ကိုင် ပြနိုင်သော အထူးထူး ဂုဏ်ဒြပ်တို့ကို တင်စားပြီး ယင်းတို့ အညမည မှီခိုနေသည့် ပင့်ကူအိမ်ကို နားလည်အောင် ကြိုးစားရသည်။ ကျွန်တော်တို့က ရက်၊ လ ကို စဉ်းစားသည်။ ခင်ဗျားတို့က နှစ်များ၊ မျိုးဆက်များကို စဉ်းစားသည်။ ကျွန်တော်တို့အတွက် အချိန်သည် ရန်ဘက်၊ ခင်ဗျားတို့အတွက် အချိန်သည် မိတ်ဆွေ ဖြစ်ဟန်တူသည်။ ထို အကြောင်းများကြောင့် ခေတ်သစ်စီးပွားရေး လောကထဲသို့ တရုတ် လူ့အဖွဲ့အစည်းဝင်လာသောအခါ ကျွန်တော်တို့ စိတ်ဝင်တစားစောင့်ကြည့်နေကြသည်။ မမှားစေနဲ့။ စက်မှုဖြစ်ထွန်းဖို့ အင်အားတွေသည် အစိတ်စိတ် အပိုင်းပိုင်းဖြစ်ဖို့အတွက် အားကောင်းလှသည့် ပယောဂတွေလည်း ဖြစ်သည်။ ကိုယ်ထီးထီးဖြစ်တဲ့ ဓလေ့၊ အထူး ဝိသေသနပြုလုပ်ရတဲ့ ဓလေ့မျိုးစေ့တွေကို မြေယာပြုပြင်ရေး

www.burmeseclassic.com



အတွက် ကျဲချပြီးပြီဆိုလျှင် ထိုမျိုးစေ့များသည် စက်ရုံ၊ အလုပ်ရုံနှင့် စက်မှု စီမံခန့်ခွဲမှု အကျင့်အလေ့ရှိသော ပတ်ဝန်းကျင်တွင် ပို၍ မြန်မြန် အပင်ပေါက်လိမ့်မည်။

---

**သဘာဝပတ်ဝန်းကျင်ကိုဘယ်လို အောင်နိုင်ရမလဲလို့ တတ်ကျွမ်းလာလိုက်တာ၊ မျိုးစိတ်တစ်ခုအနေနဲ့ အသက်ရှင်ရပ်တည်မှုကို အန္တရာယ် ရောက်လုနီးခဲ့ပြီ။ အတ္တကို တွန်းတင် လိုက်ပုံကလည်း ပုဂ္ဂလိကချမ်းသာကို အခြားဝေနေယျတွေရဲ့ ချမ်းသာမှုနဲ့ ခွဲခြားစဉ်းစားလာခဲ့ပြီ။ သဘာဝနဲ့ ဝေးကွာလာအောင် ခြားနားခဲ့ပြီ။ ဘဝရဲ့ နက်နဲခက်ခဲမှုကို ရိုသေကျိုးနွံတဲ့အသိ ပျောက်ဆုံးခဲ့ပြီ။ ငါ့အဖြစ်ဟာ ငါတို့ထက် ကြီးမားတဲ့ အရာကြီးနဲ့စပ်လျဉ်းနေတာ ပါလားဆိုတဲ့ အသိလည်း ယုတ်လျော့ခဲ့ပြီ။**

---

ကန့်လန့်ကာ လှစ်ဟလာသော တရုတ်ပြည်ကြီးကို စောင့်ကြည့်ကြရင်း ကျွန်တော်တို့ မေးခွန်းများလည်း ထုတ်နေကြသည်။ စက်မှု လူ့အဖွဲ့အစည်း

www.burmeseclassic.com



တွေ သွားပြီးသော ဖုံနေတဲ့ လမ်းကြောင်းအတိုင်းပဲ လိုက်၍ ရုပ်ဝတ္ထု ကုံကုံလုံလုံ၊ မာန်မာန တထောင်ထောင်၊ သဘာဝ အစူအစဉ်မှာ လူသည်သာ အခရာလို့ သဘောထားမှာလား။ "လူအစုအဝေး"ကို လျစ်လျူရှုကာ စီးပွားရေးကိုသာ တက်စေမှာလား။ "သဘာဝဆီက သဘာဝပျက်ဆီးလောက်အောင် အရမ်းကာရော ရသလောက်ယူသူ လူ့အဖွဲ့အစည်းလား၊ သို့မဟုတ် မတူခြားနားသော လမ်းအသစ် လျှောက်မှာလား။

အဖြေရရန်မှာ ပေါ်ပေါက်လာမည့် စီမံခန့်ခွဲမှုစနစ်ကို စောင့်ကြည့်ရလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် လူ့အဖွဲ့အစည်းတစ်ခု၏ စီမံမှုစနစ်သည် ယင်းအဖွဲ့အစည်း၏ စီးပွားရေး၊ ပညာရေး၊အစိုးရသော အသင်းအဖွဲ့များ၏ ဂုဏ်ရည်ကို ပြုပြင်စီရင်၍ ဖြစ်သည်။ ထိုအသင်းအဖွဲ့များ၏ ဂုဏ်ရည်သည်လည်း ထိုလူ့အဖွဲ့အစည်း၏ ပုံပန်းကို ဖန်တီးစီရင်၍ ဖြစ်သည်။ ခေတ်သစ်တွင် လူတစ်စု၏ ဝိဉာဉ်သည် လူ့အဖွဲ့အစည်းတစ်ခုလုံး၏ ဝိဉာဉ်နှင့် ခွဲခြား၍ မရနိုင်။ ကျွန်တော်တို့ ၏ သဘာဝနှင့် သပ္ပါယ ဖြစ်မှု

www.burmeseclassic.com



မဖြစ်မှုသည် ထိုအသင်းအဖွဲ့များ၏ သပ္ပါယ ဖြစ်မှု မဖြစ်မှုနှင့် ခွဲခြား၍ မရနိုင်။

လမ်းအသစ်ဖောက်ဖို့ သတ္တိရှိသော ခေါင်းဆောင်များ၊ မန်နေဂျာများကို ဦးနှိမ်ချကာ၊ ဂုဏ်လည်းယူလျက် ဒီအမှာကို ကျွန်တော် ရေးသည်။ ထိုလမ်းသစ်အတွက် အစကနဦး လိုအပ်သော သဘောတရားများ၊ ပစ္စည်းကိရိယာများကို ပဋ္ဌမ နိဿရည်းတွင် ဖော်ပြနိုင်ခဲ့သည်ဟုလည်း ကျွန်တော် ယုံကြည်သည်။ တစ်ယောက်တည်း တွေးခေါ်ခဲ့သည် မဟုတ်၊ စုပေါင်း၍ တွေးခဲ့သော ဉာဏ်ပဋိဘာန် ဖြစ်သည်။ အနက်ရှိုင်းဆုံး အရပ်မှ ထွက်လာခဲ့သော စွဲလန်းမျှော်တမ်းမှုများအပြင် ကျွန်တော့် ပုဂ္ဂလိက အမြော်အမြင်နှင့် စကားလက်ဆုံကျမှုများဆီမှ ရလာသော အသိတို့ကို တင်းစာ၍ ဝိဇ္ဇာထိုရ်ထားသည်။

တစ်စိတ်တစ်ပိုင်းတွေသည် ထိပ်သီး အချုပ်အချာ မဟုတ်၊ တစ်ခုလုံးသည်သာ ထိပ်သီး အချုပ်အခြာဟူသော အယူအဆကို အခြေခံသော လမ်းဖြစ်သည်။ အနောက်နိုင်ငံများ၏ စက်မှု

www.burmeseclassic.com



ဖြစ်ထွန်းခြင်းလမ်းမှ ကွဲပြားခြားနားသော လမ်းလည်း ဖြစ်ပါသည်။

သို့ရာတွင် ထိုအနောက်မှ ကော်ပိုရေးရှင်းများ၊ ကျောင်းများ၊ အသင်းအပင်းများကလည်း လမ်းအသစ်ကို ရှာဖွေနေကြသည်။ စီမံခန့်ခွဲမှုစနစ်ကြီးသည် ထိုလမ်းကို တွေ့ဖို့ ရိုးတိုးရှူတ ဖြစ်နေသည်။ အဘယ်ကြောင့်ဆိုသော် ၁၉ ရာစု၊ ၂၀ ရာစုများက အောင်မြင်ရေး နည်းလမ်းများသည် နှစ်ဆယ့်တစ်ရာစုတွင် မဟန်နိုင်တော့ဟု သိလာကြ၍ ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး အဆင့်အတန်းကို သဘာဝအရင်းအမြစ်နှင့် တွက်သောခေတ် ကုန်ခဲ့ပြီ။ သဘာဝအရင်းအမြစ်ကို ခန့်ခွဲသော စီမံမှုစနစ်သည် နေရစ်တော့မည်။ ဂျပန်၊ ကိုရီးယား၊ စင်္ကာပူတို့က လူတို့၏ တီထွင်ဖန်တီးနိုင်စွမ်း၊ စိတ်ကူးစိတ်သန်းကို အားပြုသော စီမံမှုစနစ်က ခေတ်သစ်ဟု အချက်ပြသည်။

www.burmeseclassic.com



အချုပ်အားဖြင့် အစိတ်စိတ်ခွဲခြားသော
စနစ်ကို အဆိပ်ဖြေသောနည်း ရှာရတော့မည်။
အသင်းအပင်းများအထဲမှ ဉာဏ်ကစားနေမှုများ၊
အတွင်းယှဉ်ပြိုင်မှုများသည် လူများ၏ အင်အားနှင့်
ပြဋ္ဌာန်းမှုကို အမြစ်က ဖြိုဖျက်လွန်းလှပြီ။ ယင်းတို့နှင့်
ဂုဏ်ယူဖွယ်အသင်းအပင်း ဘယ်လိုမှမတည်ဆောက်နိုင်။

------------॥------------

တရုတ်ဘာသာပြန် ပဉ္စမနိယာမစာအုပ်ရဲ့ အမှာစာကို ဒေါက်တာဆန်ဂီက အထက်ပါအတိုင်း တင်ပြခဲ့ပါသည်။ "ပဉ္စမနိယာမ" ဟူသည်မှာ အမြဲဆည်းပူးနေတဲ့ အဖွဲ့အစည်းကြီးတစ်ခု (Learning organization) ဘယ်လို တည်ဆောက်နိုင်သည်ကို ဖော်ပြသော နိယာမ ငါးခုကို ပြောပြခြင်း ဖြစ်သည်။ ယခုခေတ်၌ လူတစ်ယောက်တည်း သင်ယူပြီး သူက ပြောနေရုံနှင့် မလုံလောက်တော့။ အရင်ခေတ်ကတော့ ရချင်ရမည်။ ယခုခေတ်မှာတော့ ပါဝင်နေသောလူတိုင်း ဆည်းပူးနေမှ ဖြစ်မည်။ အလုပ်ဆိုသည်မှာ ပျော်တဲ့နေရာ၊ စိတ်ဝင်စားစရာကောင်းတဲ့ နေရာ၊ ပြဿနာတွေကို စုပေါင်းဖြေရှင်းတဲ့နေရာ၊ အစွမ်းအစလည်း ပြနိုင်တဲ့နေရာ၊

www.burmeseclassic.com



ချစ်ခင်ညီညွတ်တဲ့နေရာ ဖြစ်ရမည်။ ထိုသို့သော အလုပ်၏ ဂုဏ်ရည်များ (Intrinsic benefits) ကို ရရန်မှာ ထိုအလုပ်သည် အမြဲသင်ယူနေသော လူများ ဖွဲ့စည်းထားသော အစည်းအလုံးကြီး ဖြစ်ရမည်။ အလုပ်ဟူသည် ပန်းတိုင်တစ်ခုကို သွားရာ၌ သုံးစွဲသော နည်းလမ်းကိရိယာ မဟုတ်ပါ (Instrumental view of work)။ သူ့ကိုယ်၌က ကောင်းသော ဂုဏ်ရည်များ ရှိသောအရာ ဖြစ်ရလိမ့်မည်။

ဒေါက်တာဆန်ဂီ၏ နိဿရည်းငါးခုမှာ အောက်ပါအတိုင်း ဖြစ်သည်။

(၁) စနစ်ကို စဉ်းစားခြင်း (System thinking)

**စနစ်များ (System)**

ဂရိစကား **Sunesta'nai** မှ လာသော စကားလုံးဖြစ်သည်။ အတူရပ်တည်ရန် ဖြစ်စေသော (**to cause to stand together**)ဟု အဓိပ္ပါယ် ရသည်။ စနစ်များတွင် လူ့ပတ်ဝန်းကျင်၊ ရောဂါ၊ စက်ရုံ၊ လူအစု၊ မိသားစု၊ အသင်းအပင်း စသည်တို့ ပါဝင်သည်။ သင့်နှင့် သင့်အလုပ်သည် တစ်ဒါဇင်မကသော စနစ်များတွင် ပါဝင် ပတ်သက်နေသည်။

www.burmeseclassic.com



တိမ်တွေ စုနေသည်။ ကောင်းကင်က မည်းမည်းမှောင်သည်။ သစ်ရွက်များ လှုပ်ရမ်းနေသည်။ မိုးရွာတော့မည်ကို ကျွန်တော်တို့ သိပြီ။ မိုးရွာပြီးလျှင် ခပ်ဝေးဝေးမှ ရေအိုင်ကလေး ရေပြည့်မည်။ ကောင်းကင်လည်း နက်ဖြန်မှာ ကြည်လင်မည်။ ထိုအဖြစ်အပျက်များ ဖြစ်ပျက်သည်မှာ နေရာကာလ ဝေးကွာခြားနားသည်။ သို့သော် ဆက်စပ်နေသည်။ တစ်ခုက ကျန်တစ်ခုအပေါ် အကျိုးသက်ရောက်သည်။ တချို့ဆက်စပ်မှုမှာ မသိသာ၊ တချို့ ဆက်စပ်မှုသည် မြင်ကွင်းမှာ မရှိ။ မိုးသက်မုန်တိုင်းကို တစ်ခုလုံး ခြုံကြည့်မှ နားလည်သည်။

စီးပွားရေးလုပ်ငန်းဖြစ်စေ၊ သက်ရှိလူဖြစ်စေ စနစ်များ ဖြစ်သည်။ အပြန်အလှန် ဆက်စပ်ပတ်သက်နေသည်။ အပြုအမူများတည်း ဟူသော ချည်မျှင်များနှင့် ယက်လုပ်ထားသော အထည် ဖြစ်သည်။ ထို့ကြောင့် အင်အားအလျင်များ၊ တစ်ခုနှင့် တစ်ခု ဆက်သွယ်မှုများကို နားလည်အောင် ကြည့်ရမည်။ အစိတ်အပိုင်းကိုချည်း မကြည့်ရာ။ စနစ်ကိုသာ စဉ်းစားရာ သည်။

www.burmeseclassic.com



(၂) ကိုယ်စိုးကိုယ်ပိုင် တတ်ကျွမ်းခြင်း (Personal mastery)

ကိုယ့်အစွမ်းအစ၊ အရည်အချင်းကို မြှင့်တင်နေတာမျိုးကို ခေါ်ပါသည်။ လူတွေက ထိုသို့ မြှင့်တင်နေလေ့ မရှိပါ။ အလုပ်ဝင်ကာစ၌ တက်တက်ကြွကြွ အင်အားရှိကြ။ ထူးချွန်သူများ ဖြစ်ချင်လေ့ရှိသော်လည်း အသက် ၃၀ ကျော်သောအခါ တက်ကြွမှုနည်းသွားကြသည်။ အလုပ်ဝင်စက ထက်သန်မှု မီးငြိမ်းသွားလေ့ရှိသည်။ သူတို့လုပ်သော အလုပ်အဖွဲ့ အစည်းကလည်း သူတို့၏ အားနှင့်မာန်ကို မရနိုင်တော့၊ ထိုသို့သော အားနှင့်မာန်ကို ရလိုလျှင် ထိုအသင်းအဖွဲ့အစည်း၌ သင်ယူနိုင်သော အခြေအနေကောင်း ဖန်တီးပေးရမည်။


(၃) စိတ်ကူးထဲက စံနမူနာများ (Mental models)

ယုတ္တိလှေကား (Ladder of Inference)

ယုတ္တိလှေကားတစ်လျှောက် ဆင်းလိုက် တက်လိုက် လုပ်လျက် စိတ်ကူးထဲတွင် ပုံရိပ်များ၊ စံများ တည်ဆောက်သည်။

www.burmeseclassic.com






- ကျွန်တော် ယုံကြည်တာ အမှန်ပါ။
- အမှန်ဟာ ရှင်းလင်း ထင်ရှားပါတယ်။

www.burmeseclassic.com



◆ ကျွန်တော်ယုံကြည်တာကို အစစ်အမှန် အချက်အလက်များ ပေါ်မှာ တည်ဆောက်ထားပါတယ်။

◆ ကျွန်တော် ရွေးချယ်တဲ့ အချက်အလက်ဟာ အစစ်အမှန် အချက်အလက်ပေါ့။

အဖွဲ့တွင်းမှာ စွဲမြဲနေတဲ့ ယူဆချက်များ၊ အတွေးအမြင်များ၊ ကမ္ဘာလောကနဲ့ စပ်လျဉ်းတဲ့ ပုံရိပ် ကားချပ်များ၊ ကိုယ်က ဘယ်လိုယူဆလို့ ကိုယ်က ဘာကို လုပ်မည်ဟု စိတ်ကူးမှုများကို ခေါ်ပါသည်။ ကိုယ် ဘာ စွဲမြဲနေတယ်ဆိုတာကို သတိထားမိချင်မှ ထားမိပါသည်။ ထိုစွဲမြဲ ယုံကြည်ချက်များက ကိုယ့်အပြုအမူကို ဘယ်လိုလွှမ်းမိုးတယ် ဆိုတာ ကိုလည်း ဂရုပြုချင်မှ ဂရုပြုမိပါသည်။

ကိုယ့်အဖွဲ့တွင်းထဲက ပုံရိပ်တွေ၊ စံနမူနာတွေကို ပြန်ကြည့်ခြင်း၊ ရှင်းလင်းအောင် ဆင်ခြင်ခြင်းနှင့် ထိုစံနမူနာတွေက ကိုယ့်ဆုံးဖြတ်ချက်၊ ကိုယ့်အပြုအမူတွေကို ပြုပြင်ရိုက်ခတ်ပုံကို ဂရုမူရမည်။


BURMESE CLASSIC .com

www.burmeseclassic.com



(၄) အမြင်တူအောင်လုပ်ခြင်း (Building shared vision)

အမြင်တူအောင်လုပ်ခြင်း




အနာဂတ်ခရီးကို ဘယ်လိုသွားမည်၊ ဘယ်အနာဂတ်လဲ၊ အတူတူ သွားဖို့ နည်းလမ်းတွေ၊ လမ်းညွှန်ချက်တွေကို ဆွေးနွေးတာ၊ တာဝန်ခံကြတာ အမြင်အသိတူအောင် တည်ဆောက်တာကို ခေါ်ပါတယ်။

BURMESE CLASSIC .com

www.burmeseclassic.com



အသင်းအဖွဲ့တစ်ခုကို တည်ဆောက်ဖို့ အမြင်မတူ၊ အနာဂတ်ပန်းချီကား အကြိုက်မတူလျှင် တည်ဆောက်မှု မခိုင်မာပါ။

(၅) အဖွဲ့အသင်းလုပ်ခြင်း (Team Learning)

**အဖွဲ့အသင်း (Team)**

အဖွဲ့အသင်းဟူကတည်းက အတူ
အားထုတ်သည် ဟူသော အနက်ရှိသည်။
ကိစ္စတစ်ခု ပြီးမြောက်ရန် တစ်ယောက်က
အခြားတစ်ယောက်ကို လိုအပ်သောသူများ
စုထားသည်ကို အဖွဲ့ဟုခေါ်သည်။

အဖွဲ့အသင်းက တစ်ဦးချင်းထက်ပိုပြီး စဉ်းစားတတ်သည်။ အဖွဲ့အသင်းဖြစ်ဖို့ စကားလက်ဆုံကျတဲ့အတတ်(Art of Conversation) ကို သင်ရမည်။ လိမ်လိမ်မာမာ ဆွေးနွေးခြင်း(Skillful discussion)နှင့် အနက်အဓိပ္ပါယ်များ ကူးလူးနေသော စကားပြောခြင်း (Dialogue) ကို သင်ရမည်။

www.burmeseclassic.com



အနက်များ ကူးလူးနေသော စကားပြောခြင်း

**( Dialogue )**

ဂရိစကား Dia နှင့် Logos နှစ်ခုမှ လာသည်။ Dia ဟူသည် တိုးလျှိုပေါက် သို့မဟုတ် တစ်ဦးမှ တစ်ဦးသို့ဟု အဓိပ္ပါယ်ရသည်။ Logos သည် စကားလုံးဟူသော အဓိပ္ပါယ်ရှိသည်။ အနက်အဓိပ္ပါယ်များ တိုးလျှိုပေါက် ကူးလူးသွားလာခြင်း ဟူ၍ ယူရမည်။




BURMESE CLASSIC .com

www.burmeseclassic.com



အမြဲဆည်းပူးနေတဲ့ အစည်းအလုံး အသင်းအပင်းကြီးဖြစ်ဖို့ အထက်က နည်းနိသရည်း ငါးခုစလုံးကို "စု"ပြီး လုပ်ဖို့ လိုအပ်ပါသည်။ "စနစ်အဖွဲ့ကို စဉ်းစားခြင်း" ကတော့ ချုပ်ထားတဲ့ ခြုံထားတဲ့ နိသရည်း ဖြစ်ပါသည်။ အသင်းအဖွဲ့ထဲက လူတိုင်းတော်မှ တော်တဲ့ အသင်းဖြစ်မှာ။ လူတိုင်းရဲ့စိတ်ကူးက ရှင်းရှင်းလင်းလင်းရှိမှ ပွင့်လင်းတဲ့အသင်းဖြစ်မှာ၊ အတွေးအမြင်၊ အယူအဆတူမှ ရေရှည်တဲ့အသင်းဖြစ်မှာ၊ အဖွဲ့အသင်းအဖြစ် စုစည်းနိုင်မှလည်း တစ်ယောက်ချင်းအမြင်ထက် ပိုတဲ့ ကျယ်ပြန့်တဲ့ အမြင်ရှိတဲ့ အသင်းဖြစ်မှာ၊ စနစ်အဖွဲ့ကို စဉ်းစားမှလည်း ငါဆိုတာ တစ်သီးတခြား မဟုတ်၊ စနစ်ကြီးရဲ့ အပိုင်းသာဆိုပြီး ခြုံကြည့်တတ်မှာ။ ဒေါက်တာဆန်ဂီက "စနစ်ကို စဉ်းစားခြင်း" ဟာ အချုပ်အခြာ နိသရည်း၊ ၄င်းကိုပဲ ပဥ္စမနိသရည်းလို့ သူ့စာအုပ်ကို အမည်တပ်ခဲ့ပါသည်။

ပီတာဆန်ဂီ၏ အရေးကြီးသော စာအုပ်များမှာ

1. Fifth Discipline
2. Fifth Discipline Field Book

www.burmeseclassic.com

# ကိုတာ တွေးသူများ

တော်မ်ပီတာ
ဒီဘိုးနိုး
ဒရပ်ကား
ချားလ်ဟန်ဒီ
စတီဖင်ကိုဗေး
ပီတာဆင်ဂီ
အင်ဒီဂရို့ ...စသည့်
ကမ္ဘာကျော်တွေးသူများ၏
အတွေးအခေါ်များ စိတ်ကူးစိတ်သန်းများ ...

ချွာချီ၊ လီနင်၊ ရှစ်ဒွဲ စသူများသည်
တိုက်ရိုက်ခေါင်းဆောင်များဆိုလျှင်
ပရင့်စတန်တက္ကသိုလ် အခန်းတစ်ခုအတွင်းမှ
ခါတ်တစ်ချောင်း စာရွက်တစ်ရွက်နှင့်
ဂဏန်းတွက်နေသူ အိုင်းစတိုင်းသည်
သွယ်ဝိုက်ခေါင်းဆောင်ဖြစ်သည်။
ယခုစာအုပ်သည်
သွယ်ဝိုက်ခေါင်းဆောင်များအကြောင်းဖြစ်သည်။

BURMESE CLASSIC .com